
# အသောက ကျောက်စာများ


ဓမ္မဝိဇယ



တရားဖြင့်အောင်ခြင်း

ဘာသာပြန်သူ
ဦးဖိုးလတ်

၁၈၆၇၈



သာနာထ်ကျောက်တိုင် ခြင်္သေ့အထွတ်

နှင့်

ဒေါက်တာ အမ္ဗေ-ဒကာ။

…ရေးဦးစီးဌာန
စာကြည့်တိုက်

# အသောက ကျောက်စာများ။

ဘာသာပြန်သူ
ဦးဖိုးလတ်

ပညာနန္ဒ ပုံနှိပ်တိုက်။
အမှတ် ၁၅ အင်းယားမြိုင်လမ်း၊ တက္ကသိုလ်ရိပ်သာ၊ ရန်ကုန်မြို့။

ပ-နု-က

# မာတိကာ


စာမျက်နှာ

အချီး

နိဒါန်း

အညွှန်း

| | | ပြာကြိုဋ္ဌ | မြန်မာ |
|---|---|---|---|
| (က) | ကျောက်ဆောင်စာများ။ | | |
| ၁။ | ပဌမ ကျောက်ဆောင်စာ | ၂ | ၃ |
| ၂။ | ဒုတိယ ။ | ၄ | ၅ |
| ၃။ | တတိယ ။ | ၆ | ၇ |
| ၄။ | စတုတ္ထ ။ | ၈ | ၉ |
| ၅။ | ပဥ္စမ ။ | ၁၂ | ၁၃ |
| ၆။ | ဆဋ္ဌမ ။ | ၁၆ | ၁၇ |
| ၇။ | သတ္တမ ။ | ၂၂ | ၂၃ |
| ၈။ | အဋ္ဌမ ။ | ၂၄ | ၂၅ |
| ၉။ | နဝမ ။ | ၂၆ | ၂၇ |
| ၁၀။ | ဒသမ ။ | ၃၀ | ၃၁ |
| ၁၁။ | ဧကာဒသမ ။ | ၃၂ | ၃၃ |
| ၁၂။ | ဒွါဒသမ ။ | ၃၄ | ၃၅ |
| ၁၃။ | တေရသမ ။ | ၄၀ | ၄၁ |
| ၁၄။ | စတုဒ္ဒသမ ။ | ၅၀ | ၅၁ |
| ၁၅။ | ပဌမကလိင် ။ | ၅၂ | ၅၃ |
| ၁၆။ | ဒုတိယကလိင် ။ | ၆၂ | ၆၃ |
| (ခ) | ကျောက်ဆောင်စာငယ်များ။ | | |
| ၁။ | မြဟ္မဂိရိကျောက်ဆောင်စာငယ် ပဌမပိုင်း | ၇၀ | ၇၁ |
| ၂။ | မြဟ္မဂိရိ ။ ဒုတိယပိုင်း | ၇၄ | ၇၅ |
| ၃။ | ရုပ်နာထ် ကျောက်ဆောင်စာငယ် | ၇၆ | ၇၇ |

## မာတိကာ


| | စာမျက်နှာ ပြာကြိုနှင့် | မြန်မာ |
|---|---|---|
| ၄။ ဘာဗြာ၊ဝါ၊ဗရတ်ကျောက်ဆောင်စာငယ် | ၇၈ | ၇၉ |
| ၅။ မယ်ကိ ။ | ၈၂ | ၈၃ |
| **(ဂ) ကျောက်တိုင်စာများ။** | | |
| ၁။ ပဌမကျောက်တိုင်စာ။ | ၈၈ | ၈၉ |
| ၂။ ဒုတိယ ။ | ၉၀ | ၉၁ |
| ၃။ တတိယ ။ | ၉၄ | ၉၅ |
| ၄။ စတုတ္ထ ။ | ၉၆ | ၉၇ |
| ၅။ ပဥ္စမ ။ | ၁၀၂ | ၁၀၃ |
| ၆။ ဆဋ္ဌမ ။ | ၁၀၆ | ၁၀၇ |
| ၇။ သတ္တမ ။ | ၁၀၈ | ၁၀၉ |
| **(ဃ) ကျောက်တိုင်စာငယ်များ။** | | |
| ၁။ သာရနာထ် ကျောက်တိုင်စာငယ် | ၁၂၄ | ၁၂၅ |
| ၂။ ကောသမ္ဗီ ။ | ၁၂၆ | ၁၂၇ |
| ၃။ သာဉ္စီ ။ | ၁၂၈ | ၁၂၉ |
| ၄။ မိဖုရား ။ | ၁၃၀ | ၁၃၁ |
| ၅။ လုမ္ဗိနီ ။ | ၁၃၂ | ၁၃၃ |
| ၆။ နိဂလီဝါ ။ | ၁၃၂ | ၁၃၃ |
| **(င) ကျောက်ဂူစာများ။** | | |
| ၁။ နိဂြောဓ ကျောက်ဂူစာ။ | ၁၃၆ | ၁၃၇ |
| ၂။ ခလတိက ။ | ၁၃၆ | ၁၃၇ |
| ၃။ သုပိယာ ။ | ၁၃၆ | ၁၃၇ |
| **(စ) ဒသရထကျောက်ဂူစာများ။** | | |
| ၄။ ဝဟိယကကျောက်ဂူစာ။ | ၁၄၀ | ၁၄၁ |
| ၅။ ဂေါပိကာ ။ | ၁၄၀ | ၁၄၁ |
| ၆။ ဝဍထိကာ ။ | ၁၄၂ | ၁၄၃ |
| **(ဆ) ဇမ္ဗူဒိပမြေပုံ။** | | |

# အချီး

အသောက အမိန့်တော် ပြန်တမ်း ကျောက်စာများကို၊ ကပ္ပါလုံး ဆိုင်ရာ သီအိုဆိုဖီ(သဗ္ဗညုကဉာဏ)အသင်းကြီး၏ ဥက္ကဋ္ဌ မစ္စတာ ဇီ၊ ဇိနရာဇဒါသ[၁]၏အကြံပေးတိုက်တွန်းချက်အရ၊ မြန်မာဘာသာစကား ပြင်သက်သက်သို့ပြန်ဆိုကာ လူသာမန်တို့ အလွယ်တကူ၊ ဝယ်ယူဖတ်ရှု နိုင်ရန်စာအုပ်အဖြစ်ဖြင့်၊ ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

ကျောက်စာ များကို မြန်မာ ဘာသာ သို့ ပြန်ဆိုရာ၌၊ မစ္စတာ ဂျီ၊ သြိနိဝါသမုရ်တိ[၂] နှင့် မစ္စတာ၊ အေ၊ အင်၊ ကြစ်သျှနာ၊ အဲယန်ဂါရ်[၃] တို့ စီရင်သော "အသောကအမိန့်တော် ပြန်တမ်းများ"[၄] တွင် ပါရှိသည့်၊ ပြာကြိုဋ် ဘာသာမူနှင့် အင်္ဂလိပ် ဘာသာ ပြန်ဆိုချက်များကို၊ မူတည် ကိုးစား၊ မှီငြမ်းထားပါသည်။ ရင်းမူနှင့်ဘာသာပြန်ဆိုချက်များကိုလည်း၊ လိုအပ်သည့် နေရာတို့၌ အီ၊ ဟု၊ တ်ဇ်က်[၅] စီရင်သော "အသောက ကျောက်စာများ"[၆] အေ၊ စီ၊ ဝုလ်နာရ်[၇] စီရင်သော "အသောက ကျောက်စာ၊ စာသားနှင့်စကားများ"[၈] အာရ်၊ မုကာရ်ဇီ[၉] စီရင်သော "အသောက၊"[၁၀] အသျှင်ကိတ္တိ စီရင်သော "ဣန္ဒိယကြေးမုံကျမ်းကြီး" တွင်ပါရှိသော "အသောကကျောက်စာတော်" နှင့် အသျှင်အာဒိစ္စဝံသ

---

၁။ Mr. C. Jinarjadasa.
၂။ Mr. G. Srinivasa Murti.
၃။ Mr. A. N. Krishna Aiyaugar
၄။ Edicts of Asoka
၅။ E. Hultzsch.
၆။ Inscriptions of Asoka.
၇။ A. C. Woolner.
၈။ Asoka Text and Glossary.
၉။ R. Mookerji.
၁၀။ Asoka.

# အချီး

မြန်မာဘာသာ ပြန်ဆိုသော "အသောကမင်းတရားကြီး၏ ကျောက်စာတော်" စသော စာအုပ်များ၏ မူများ၊ ဘာသာပြန်ဆိုချက်များနှင့်လည်း၊ တိုက်ဆိုင် ညှိနှိုင်းပါသေးသည်။ သို့ရာတွင် ဤသို့ တိုက်ဆိုင် ညှိနှိုင်းကာ ဘာသာ ပြန်ရာ၌ "အသောက အမိန့်တော် ပြန်တမ်းများ၊ အသောက ကျောက်စာများ၊ အသောက ကျောက်စာ စာသားနှင့် စကားများ" တွင် ပါရှိသော ပြာကြိုဋ် မူရင်းတို့ကိုသာ ပမာနထား၍၊ ထိုမူရင်းပါ စကားတို့၏အနက် အဘော်တို့ကိုလည်း၊ မသွေ မယိမ်း မတိမ်း မစောင်း စိမ့်သောငှါ၊ ပြာကြိုဋ် အဘိဓာန် သံသကြိုဋ် အဘိဓါန်၊ ပါဠိအဘိဓါန်၊ ဟိန္ဒီအဘိဓါန်တို့နှင့်၊ အပြန်ပြန် စိစစ် ဝေဘန်ပါသေးသည်။ ထို့ကြောင့်၍ "အသောက အမိန့်တော် ပြန် တမ်း ကျောက်စာများ" တွင်၊ မြန်မာဘာသာ ပြန်ဆိုချက်များမှာ၊ ကျောက်စာတို့၏မူရင်းအတိုင်း၊ သဒ္ဒါနည်း အနက်နည်းတို့၌၊ မပို မယို မကွန့် မပိုက်၊ အံ့ကိုက် တိကျစွာ ပြန်ဆို ခြင်းများသာ ဖြစ်ကြောင်း ဝန်ခံပါသည်။

ဘာသာပြန်ဆိုရာဝယ်၊ အခက်အခဲ ရှိသည်တို့၌ ကူညီဖြေရှင်းကာ၊ အချို့ လိုအပ်သော စာအုပ်များကို ပေးအပ်သူ၊ ဒုတိယ စိုက်ပျိုး ညွှန်ကြားရေးဝန်၊ ဦးသာမြတ်အားရင်း၊ အရေးကြီးသော စာအုပ်များကို ရှာဖွေပေးအပ်သူ၊ ကျောက်စာဝန်မင်း ဦးလူဖေဝင်း အားရင်း၊ ဘာသာ ပြန်ဆို ချက်များကို ဖတ်ရှု၍ ၊ကောင်းသည် ထက်ကောင်းအောင် အကြံဉာဏ်ပေးသူ တောင်တွင်းကြီးမြို့၊ သစ်ကုန်သည်၊ ဦးစံမြအားရင်း၊ ကျေးဇူးအထူးတင်ပါသည်။

နိုင်ငံရေး၊ စီးပွါးရေး၊ အယူဝါဒရေး၊ လူမျိုးရေး စသည် တို့၌၊ တကိုကောင်း၊ တဂိုဏ်း ကောင်း၊ တမျိုးသား ကောင်း လောက်ကို သာကြည့်၍၊ အာဏာတန်ခိုး၊ လက်နက်အားကိုးကာ အဓမ္မဝါဒများ လွှမ်းမိုး နေသေးသော၊ ဤ ကပ်ပြောင်း ကပ်လဲ၊ ကပ်ဆေး ကပ်ပြု ခေတ်ကြီး၌၊ တလောကလုံး၊ ဂိုဏ်းပေါင်းစုံ၊ အမျိုးသား ပေါင်းတို့၏ ချမ်းသာရေး၊ ကောင်းစားရေး၊ တိုးတက်ကြီးပွါးရေးတို့ကို ရှေ့ရှုသော၊

# အချီး

သီရိဓမ္မာ သောက မင်းကြီး၏ ဓမ္မာနုဿတိ၊ တရားကို အောက်မေ့ဆင်ခြင်ခြင်း၊ ဓမ္မသုဿုတ၊ တရားကို ကြားနာခြင်း ဓမ္မာနုသာသန၊ တရား၌ သွန်သင်ဆုံးမခြင်း၊ ဓမ္မစရဏ၊ သီလတရားကို ဆောက်တည်ကျင့်သုံးခြင်း၊ ဓမ္မပဋိပတ္တိ၊ ဘာဝနာတရားကိုပွါးများကျင့်သုံး ဆောက်တည်ခြင်း၊ ဓမ္မနိဿိတ၊ တရားတော်၌တည်မှီခြင်း၊ ဓမ္မဝဍ္ဎိ၊ တရားတော်၌ တိုးတက်ကြီးပွါးခြင်း၊ ဓမ္မဒါန၊ တရားအလှူပေးခြင်း၊ ဓမ္မမင်္ဂလာ၊ တရားမင်္ဂလာပြုခြင်း ဓမ္မဃောသ၊ တရားစည်ကြီး မြည်ဟီးစေခြင်း၊ ဓမ္မဝိဇယ၊ တရားဖြင့် အောင်ခြင်းစသော၊ ဓမ္မဝါဒနှင့်တကွ၊ အဟိံသဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးဝါဒ၊ ကမ္ဘာ့စည်းလုံးညီညွတ်ရေးဝါဒတို့ကို၊ မြန်မာနိုင်ငံနှင့်တကွ၊ ကမ္ဘာက လိုက်နာ ဆောင်ရွက်မည် ဆိုလျှင်၊ မကြာမီ မြန်မာတနိုင်ငံလုံးနှင့် တကမ္ဘာလုံး၌၊ ကုလသမဂ္ဂ အဖွဲ့ကြီး၏ လုံးပန်းလျက်ရှိသော ငြိမ်းချမ်းခြင်းကိုရ၍၊ လောကနိဗ္ဗာန်စခန်းသို့၊ ဖြောင့်တန်း စွာ ချီတက်နိုင်မည်သာမက၊ လောကုတ္တရာ နိဗ္ဗာန် စခန်းသို့ပင်၊ ရွယ်မှန်းနိုင်ကြမည်မှာမလွဲတည်း။ ဤသို့လိုက်နာ ဆောင်ရွက်နိုင်ကြစေခြင်းငှါ၊ သီရိဓမ္မာ သောက မင်းကြီး၏ ဓမ္မဝါဒနှင့် အခြား မြင့်မြတ်သော ဝါဒများကို၊ အနှံ့အပြားဖြန့်ဖြူးရန်သည်ကား၊ ဤအသောက ကျောက်စာများကို စီရင် ထုတ်ဝေခြင်း၏ ရည်ရွယ်ရင်းပင် ဖြစ်ပါသည်။ လိုက်နာဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

**ဖိုးလတ်**

အထွေထွေအတွင်းရေးမှူး။

သဗ္ဗညုတဉာဏအသင်း မြန်မာပြည်။

ရန်ကုန်မြို့။

၁၉၅၀၊ အောက်တိုဘာလ ၈-ရက်။

၁၃၁၂ ခု၊ တော်သလင်းလဆုတ် ၁၂-ရက်။

# နိဒါန်း။

## အသောကနန်းစံနှစ် နှင့် နိုင်ငံတော်

အသောက၊ ဓမ္မာ သောက၊ သီရိဓမ္မာ သောကဟု ရာဇဝင်၊ မဟာဝင် တို့တွင် ထင်လျှား၍၊ ကိုယ်တိုင် ရေးထိုး ခဲ့သော အမိန့်တော် ပြန်တမ်းကျောက်စာတို့တွင်ကား၊ ဒေဝါနံပိယ၊ ဒေဝါနံပိယ-ပိယဒသီ၊ ပိယဒသီဟု၊ မိမိ ကိုယ် ကို ခေါ်တွင် စေခဲ့သော မင်းတရားကြီးသည်၊ အနောက်နိုင်ငံ သုတေသီ ပုဂ္ဂိုလ်တို့၏ ယူဆချက်အရ၊ သာသနာ နှစ် ၂၀၀ မှ ၃၁၇၊ ခရစ်တော်မပေါ်မီနှစ် ၂၆၄ မှ ၂၂၇ အတွင်း၌သော်၎င်း၊ ဒီပဝံသ၊ မဟာဝံသ မှတ်တမ်းတို့ကိုမှီး၍၊ သီဟိုဠ်ကျွန်းနှင့် မြန်မာနိုင်ငံ ပညာရှိများ၏ယူဆချက်အရ၊ သာသနာနှစ် ၂၁၈ မှ ၂၅၅၊ ခရစ်တော် မပေါ်မီနှစ် ၃၄၂ မှ ၂၆၄ အတွင်း၌ သော်၎င်း၊ ရှေးအခေါ် ဇမ္ဗူဒီပ၊ ယခုအခေါ် အိန္ဒိယတိုင်းတွင်၊ ဖုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံစွာ၊ အုပ်ချုပ် စိုးစံခဲ့သော ဧကရစ် ဘုရင်ကြီး ဖြစ်လေသည်။ ထိုမင်းတရား ကြီး၏နိုင်ငံတော်သည်၊ ဒက္ခိဏ ကုန်းပြင်မြင့်၏ တောင်ဘက်အစွန်ဆုံး ကျသော စောဠ၊ သတိယ၊ ကေရလ၊ ပဏ္ဍယတိုင်းငယ်တို့ကို ချန်လှပ်၍၊ ကသ္မီရနယ်ပါဝင်သော၊ အိန္ဒိယ တိုင်း တ တိုင်း လုံး အပြင်၊ ယခု အဖဃာနိစတန်၊ ဗလူချိစတန်နယ်တို့ပါဝင်သည်တိုင်အောင် ကျယ်ဝန်း ပြန့်ပြောလေသည်။

## အသောကကျောက်စာ အမျိုးအမည်များ

အသောက မင်းတရားကြီးသည် မိမိ၏ တိုင်းသူပြည်သား တို့အား တရားဓမ္မ၌ သွန်သင်ဆုန်းမရန်၊ မိမိ၏မှူးမတ်ကြီးငယ်တို့အား၊ လိုက်နာ ဆောင်ရွက်ရမည့် ဝတ္တရားတို့၌၊ မိန့်ကြား ညွှန်ပြရန်၊ သာသနာရေး၊ နိုင်ငံရေးတို့၌၊ မိမိ၏ စီမံဆောင်ရွက်ချက်များနှင့်၊ ပြုခဲ့သော ကောင်းမှု ကုသိုလ်တို့ကို မှတ်တမ်းတင်ရန်၊ နိုင်ငံတော်အတွင်း အနှံ့အပြားပင် ကျောက်စာ များကို ရေးထိုး ခဲ့လေသည်။ ဤသို့ရေးထိုး ခဲ့သော ကျောက်စာများအား ကျောက်မျက်နှာပြင်၏တည်ရာကိုစွဲ၍

နိဒါန်း။

(၁) ကျောက်ဆောင်စာများ။

(၂) ကျောက်တိုင်စာများ။

(၃) ကျောက်ဂူစာများဟု၊ သုံးမျိုးခွဲခြား၍ ဖော်ပြလေ့ရှိလေသည်။

ကျောက်ဆောင်၊ ကျောက်ဆိုင်၊ ကျောက်တုံးကြီး၊ ကျောက်တောင်နံရံ စသော၊ သဘာဝ ကျောက်မျက်နှာပြင်တို့ အပေါ်၌ အနည်းငယ်ပြုပြင်၍ ရေးထိုးခဲ့သောစာများကို ကျောက်ဆောင်စာဟုခေါ်လေသည်။ ကျောက်တိုင်စာတို့ သည်ကား၊ အချောပြုပြင် စီမံစိုက်ထူ ထားသော ကျောက်တိုင် မျက်နှာပြင်တို့ အပေါ်၌ ရေးထိုး ထားသော စာများဖြစ်လေသည်။ ကျောက်ဂူနံရံတို့၌ ရေးထိုးထားသော စာတို့ကိုသော် ကျောက်ဂူစာဟု ခေါ်ဆိုလေသည်။

အသောက မင်းတရားကြီး ရေးထိုးခဲ့သော ကျောက်ဆောင်စာနှင့် ကျောက်တိုင်စာတို့သည်ကား၊ လွန်စွာအရေးကြီးလေသည်။ ထိုနှစ်မျိုးတွင်လည်း၊ အထူးအရေးကြီးသဖြင့် ဒေသများစွာ တို့၌ အထပ်ထပ်အခါခါ အပြည့်အစုံ ရေးထိုး ခဲ့သော ပဓါန ကျောက်ဆောင်စာနှင့် ကျောက်တိုင်စာ၊ ထိုမျှအရေးမကြီးသဖြင့် အချို့အရပ် အချို့နေရာတို့၌သာ ၎င်း၊ တနေ ရာ တည်း ၌ သာ ၎င်း၊ အတို အ ကျဉ်း မျှ ရေး ထိုး ခဲ့သော ကျောက်ဆောင်စာငယ်၊ ကျောက်တိုင်စာငယ်ဟူ၍၊ နှစ်စားစီ ခွဲခြား ထားလေသည်။ ကလိင်္ဂတိုင်းအတွင်း၊ နှစ်နေရာတည်း ၌သာ ရေးထိုး ခဲ့သော်လည်း၊ စာသားနှင့် အကြောင်း အရာ အတော်ရှည်လျား၍အရေးကြီးသော၊ ကလိင်္ဂကျောက်ဆောင်စာနှစ်ခုကိုသော်၊ ကျောက်ဆောင်စာငယ်စာရင်းတွင်မသွင်းပဲ၊ ပဓါနကျောက်ဆောင်စာများ စာရင်းကို တည့်သွင်းဖော်ပြကြလေသည်။

## (က) ပဓါနကျောက်ဆောင်စာများ။

ပဓါနကျောက်ဆောင်စာများမှာ၊ တစ်ဆယ့်ခြောက်ခု ရှိလေသည်။ ၎င်းတို့သည်ကား ပဌမကျောက်ဆောင်စာမှ စတုဒ္ဒသမကျောက်ဆောင်

စာအထိ အစီအစဉ်အတိုင်း ရေးထိုးထားသော တစ်ဆဲ့လေးခုသော ကျောက်ဆောင်စာတို့နှင့်၊ ပဌမနှင့် ဒုတိယဟု ဖေါ်ပြလေ့ရှိသော ကလိင်္ဂကျောက်ဆောင်စာ နှစ်ခုတို့ဖြစ်လေသည်။ ထိုတစ်ဆဲ့ခြောက်ခုသော ကျောက်ဆောင်စာတို့ကို၊ ခုနစ်ခုသောနေရာတို့ဝယ် အောက်၌ ဖေါ်ပြထားသည့်အတိုင်းရေးထိုးခဲ့လေသည်။

(၁) ဂိရ်နာရ်ကျောက်ဆောင်။ အိန္ဒိယနိုင်ငံအနောက်ပိုင်း၊ ကာသိအာဝါ ကျွန်းဆွယ်၊ ဇုနာဂရ်မြို့၏ အရှေ့ဘက်တမိုင်ခန့်ကွာ၊ ဂိရ်နာရ်တောင် လျှိုဝတွင် တည်ရှိသည်။ ဤကျောက်ဆောင်၌ ပဌမမှ စတုဒ္ဒသမတိုင်၊ တစ်ဆဲ့လေးခုသော ကျောက်ဆောင်စာတို့ကို ရေးထိုးလျက်ရှိသည်။

(၂) ကာလ်သီ ကျောက်ဆောင်။ အိန္ဒိယ နိုင်ငံ မြောက်ပိုင်း ဒေရာဒွန်းဒိစတြိတ်၊ ကာလ်သီမြို့၏ မြောက်ဖက် တမိုင် ခွဲ ခန့် ကွာ၌ တည်ရှိသည်။ ဤကျောက်ဆောင်၌ ပဌမမှ စတုဒ္ဒသမ တိုင်၊ တစ်ဆဲ့လေးခုသော ကျောက်ဆောင်စာတို့ကို ရေးထိုးလျက်ရှိသည်။

(၃) သျှာဘာဇ် ဂရ်ဟီ ကျောက်ဆောင်။ အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း၊ ပေသျှာဝါဒိစတြိတ်၊ သျှာဘာဇ်ဂရ်ဟီရွာ၏ အရှေ့ဖက် တမိုင်ခန့်ကွာရှိ တောင်စောင်း၌ တည်ရှိသည်။ ဤကျောက်ဆောင်၌ ပဌမမှ စတုဒ္ဒသမ တိုင် တစ်ဆဲ့လေးခုသော ကျောက်ဆောင်စာတို့ကို ရေးထိုးလျက်ရှိသည်။

(၄) မာန်သေရာကျောက်ဆောင်။ အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း၊ ဟဇာရဒိစတြိတ်၊ မာန်သေရာရွာ၏မြောက်ဘက်၌ တည်ရှိသည်။ ဤကျောက်ဆောင်၌ ပဌမမှ စတုဒ္ဒသမ တိုင် တစ်ဆဲ့လေးခုသော ကျောက်ဆောင်စာတို့ကို ရေးထိုးလျက်ရှိသည်။

(၅) ဓေါလိကျောက်ဆောင်။ အိန္ဒိယနိုင်ငံ အရှေ့ပိုင်း၊ ဩရိဿနယ်။ ပုရီဒိစတြိတ်၊ ဓေါလိရွာအနီး၌တည်ရှိသည်။ ဤကျောက်ဆောင်၌ ပဌမမှ ဒသမ တိုင် တစ်ဆဲ့တစ်ခုသော ကျောက်ဆောင်စာများ၊ စတုဒ္ဒသမ ကျောက်ဆောင်စာနှင့်၊ ကလိင်္ဂ ကျောက်ဆောင်စာ နှစ်ခု၊ ပေါင်းတစ်ဆဲ့လေးခုရေးထိုးလျက်ရှိသည်။

(၆) ဇောဂဥကျောက်ဆောင်။ အိန္ဒိယနိုင်ငံအရှေ့ပိုင်း၊ ဩရိဿနယ်၊ ဂန်ဇာမ်ဒိစတြိတ်၊ ဇောဂဥ ခံတပ် တွင်း၌ တည်ရှိသည်။ ဤကျောက်ဆောင်၌လည်း၊ ဓေါလိ ကျောက်ဆောင်၌ ကဲ့သို့ပင်၊ ပဌမမှ ဧကာဒသမ တိုင် တစ်ဆဲ့ တစ်ခု သော ကျောက် ဆောင် စာ များ၊ စတုဒ္ဒသမ ကျောက်ဆောင်စာနှင့်၊ ကလိင်္ဂ ကျောက်ဆောင် စာနှစ်ခု၊ ပေါင်းတစ်ဆဲ့လေးခုရေးထိုးလျက်ရှိသည်။

(၇) သောပါရ ကျောက်ပိုင်းစ။ အိန္ဒိယနိုင်ငံ အနောက်ပိုင်း။ ဘုံဘိုင်နယ်၊ ထာနဒိစတြိတ်၊ ခေတ်အခေါ် သောပါရ၊ ရှေးအခေါ် သုပ္ပာရကမြို့၏အရှေ့ဖက်၊ ဘာဝတလာ ရေကန်အနီး၌တွေ့ရှိသည်။ ထိုကျောက်ပိုင်းစ၌ အဋ္ဌမ ကျောက်ဆောင် စာ၏ တစိတ် တဒေသမျှသောကျောက်စာကိုသာတွေ့ရသော်လည်း၊ ရှေး၌သုပ္ပာရကမြို့အနီးတွင် ကျောက်ဆောင်စာ တစုံလုံးကိုပင် ရေးထိုး ထားသည်ဟု ယုံကြည်ဖွယ် ရှိလေသည်။

## (ခ) ကျောက်ဆောင်စာငယ်များ။

ကျောက်ဆောင်စာငယ်များအား၊ ဗြဟ္မဂိရိ ကျောက်ဆောင်စာငယ်ပဌမပိုင်းနှင့်ဒုတိယပိုင်းကိုတခုစီခွဲကာ၊ ငါးခုဟူ၍သာ ဤစာအုပ်၌ဖေါ်ပြလျှက်ရှိသော်လည်း၊ စင်စစ်ရှစ်ခုရှိ၍၊ ထိုရှစ်ခုကိုငါးနေရာတို့၌ ရေးထိုးခဲ့လေသည်။ သို့ရာတွင် စာသားနှင့် အကြောင်းအရာများ ထပ်တူမျှ ကျသည် တို့ကို ပေါင်းလိုက် သော်၊ ပြောပလောက်အောင်မူကွဲသော ကျောက်ဆောင်စာငယ်များသည်၊ ဤစာအုပ်၌ ဖေါ်ပြထားသည့် အတိုင်း ငါးခုမျှသာ ရှိလေသည်။ ထိုကျောက်ဆောင်စာငယ်တို့၏ အမည်နှင့် တည်ရာတို့မှာ အောက်ပါအတိုင်းဖြစ်လေသည်။

(၁) ဗြဟ္မဂိရိ ကျောက်ဆောင်စာငယ်ပဌမပိုင်းနှင့် ဒုတိယပိုင်း။ အိန္ဒိယနိုင်ငံ တောင်ပိုင်း မိုက်စိုးနယ်၊ သိဒ္ဓါပုရ မြို့အနီး၊ ဗြဟ္မဂိရိ တောင်နှင့် အနီးရှိ တောင်ကုန်းသုံးနေရာတို့၌၊ ကျောက်ဆောင် များပေါ်တွင် ရေးထိုးထားသည်။ သုံးနေရာတို့၌ ရေးထိုးထားသဖြင့်

ကျောက်ဆောင် စာငယ်သုံးခုဟု ရေတွက်လေ့ ရှိသော်လည်း၊ စာသားများမှာ ထပ်တူပင်ဖြစ်၍ နှစ်ပိုင်းခွဲကာ၊ နှစ်ခု အနေဖြင့် ဤစာအုပ်၌ ဖေါ်ပြထားလေသည်။

(၂) ရူပ်နာထ်ကျောက်ဆောင်စာငယ်။ အိန္ဒိယနိုင်ငံ အလယ်ပိုင်းနယ်၊ ဇဗလ်ပုရ်ဒိစတြိတ်ဗဟုရိဗန်မြို့အနီး၊ ကဲမုရ်တောင်တန်း၊ ရူပ်နာထ်ခေါ်အရပ်ရှိ ကျောက်ဆောင်တခု၌ ရေးထိုးထားသည်။

(၃) ဘာဗြာ၊ဝါ၊ဲရတ်ကျောက်ဆောင်စာငယ်။ အိန္ဒိယနိုင်ငံ အလယ်ပိုင်း။ ဇေပုရ်နယ်၊ ဘာဗြာ၊ဝါ၊ ဘာဗြူမြို့မှ၊ တစ်ဆဲ့နှစ်မိုင်ခန့်ကွာ၊ သို့ရာတွင် ဲရတ်မြို့မှသော် တစ်မိုင်မျှသာကွာ၊ အရှေ့မြောက်ဖက်ရှိ တောင်ကုန်း တကုန်းနှင့် အနောက် တောင်ဖက် ရှိတောင်ကုန်းတကုန်းကျောက်ဆောင်များပေါ်၌ရေးထိုးထားသည်၊ ထိုကျောက်စာ နှစ်ခုအနက်၊ ဲရတ်မြို့၏ အရှေ့မြောက်ဖက်၊ မူလတည်ရာ၌ပင်ရှိသော ကျောက်စာ၏မူမှာ၊ ဗြဟ္မဂိရိကျောက်ဆောင်စာငယ်ပဌမပိုင်းနှင့်ရူပ်နာထ်ကျောက်ဆောင်စာငယ်များတွင်ပါပြီးဖြစ်၍၊သီးခြားမဖေါ်ပြတော့ပဲ၊ မြို့၏အနောက် တောင်ဖက်၌ မူလတည်၍ ယခုကာလကတ္တား မြို့သို့ရွှေ့ယူ သိမ်းဆည်း ထားသော ကျောက်စာမူကိုသာဤစာအုပ်တွင်ဖေါ်ပြထားလေသည်။

(၄) မသ်ကိ ကျောက်ဆောင်စာငယ်။ အိန္ဒိယ နိုင်ငံတောင်ပိုင်း၊ ဟိုက်ဒြဗဒ်နယ်၊ ရဲချူရ်ဒိစတြိတ်၊ ယခုအခေါ်မသ်ကိ၊ ရှေးအခေါ် မောသင်ဂီ၊ ဝါ၊ မုသျှင်ဂိရွာအနီး၊ ကျောက်ဆောင်ကြီးတခု၌ ရေးထိုးထားသည်။

(၅) သဟသရာမ် ကျောက်ဆောင် စာငယ်။ အိန္ဒိယ နိုင်ငံအရှေ့ပိုင်း၊ တောင်ဗိဟာနယ်၊ ရှာဟာဗဒ်ဒိစတြိတ် သဟသရာမ်မြို့အနီး၊ ကဲမုရ်တောင်တန်း၏အစွန်၊ ကျောက်လှိုင်အတွင်း၌ ရေးထိုးထားသည်။ ဤကျောက်ဆောင်စာငယ်၏ မူသည်လည်း၊ အခြားကျောက်ဆောင်စာငယ်တို့အနက်၊ အထူးသဖြင့် ဗြဟ္မဂိရိ ကျောက်ဆောင်စာငယ် ပဌမပိုင်းနှင့် ရူပ်နာထ် ကျောက်ဆောင်စာငယ်တို့၌ ပါပြီးဖြစ်၍၊ ဤစာအုပ်၌ သီးခြားမဖေါ်ပြတော့ချေ။

## နိဒါန်း

### (ဂ) ပမာနကျောက်တိုင်စာများ။

ပမာနကျောက်တိုင်စာများသည်လည်း၊ပမာနကျောက်ဆောင်စာများကဲ့သို့၊ အသောကမင်းတရား၏ အရေးကြီးသော အမိန့်တော်ပြန်တမ်းများ၏ တည်ရာဖြစ်လေသည်။ ကျောက်တိုင် ပေါင်းမှာခြောက်ခုရှိ၍ခြောက်ခုစလုံး၏အပေါ်၌၊ဤစာအုပ်တွင်ပဌမမှဆဌမအထိ ဖေါ်ပြလျက်ရှိသော ကျောက်တိုင် စာပေါင်း ခြောက်ခုစီရေးထိုးလျက်ရှိပြီးလျှင်၊ တခု၏ အပေါ်၌သော်၊ အခြားကျောက်တိုင်တို့အပေါ်၌ ရေးထိုးလျက်မရှိ၊ ဤစာအုပ်တွင် သတ္တမကျောက်တိုင်စာဟုဖေါ်ပြလျက်ရှိသော၊ အလွန်အရေးကြီးသည့်အမိန့်တော်ပြန်တမ်းတခုကိုလည်းအပို ရေးထိုးလျက်ရှိလေသည်။ထိုကျောက်တိုင်သည်ကား အောက်ပါကျောက်တိုင်စာရင်းတွင် ရှေးဦးစွာ ဖေါ်ပြလျက်ရှိသောဒေလီ-တောပြာကျောက်တိုင် ဖြစ်လေသည်။

(၁) ဒေလီ-တောပြာကျောက်တိုင်။မူလ၌ဒေလီမြို့မြောက်ဖက်၊အမ္ဗလဒိစတြိတ်၊ တောပြာရွာတွင်တည်၍၊ မဂိုဘုရင် ဖိရောဇ်ရှာ(၁၃၅၁–၁၃၈၈)လက်ထက်၌၊ဒေလီမြို့တော်သို့ ရွှေ့ယူပြီးလျှင်၊မိမိ၏နန်းတော်ထိပ်၌စိုက်ထူ၍ထားခဲ့လေသည်။

(၂) ဒေလီမီရဌ်ကျောက်တိုင်။မူလ၌ဒေလီမြို့အနေရှုမြောက်ဖက်မီရဌ်(မီရွတ်)ဒိစတြိတ်၊ မီရဌ်(မီရွတ်)မြို့အနီး၌တည်ရှိ၍၊ မဂိုဘုရင်ဖိရောဇ်ရှာလက်ထက်၌ပင်၊ ဒေလီ မြို့ တော် သို့ ရွှေ့ ယူ ပြီး လျှင်တောကစားနန်းတော်တွင် စိုက်ထူထားလေသည်။

(၃) လောရိယ အရရာဇ်ကျောက်တိုင်။ မြောက်ဗိဟာနယ်၊ဆမ္ပါရန်ဒိစတြိတ်၊ လောရိယရွာအရရာဇ်ခေါ်ဟိန္ဒူဘုရားကျောင်းအနီး၌ တည်ရှိသည်။

(၄) လောရိယနန်ဒန်ဂရ်ကျောက်တိုင်။ မြောက်ဗိဟာနယ်၊ဆမ္ပါရန်ဒိစတြိတ်၊လောရိယရွာ၊နန်ဒန်ဂရ်ခံတပ်အနီး၌တည်ရှိသည်။ဤလောရိယရွာနှင့်အထက်ပါလောရိယရွာတို့မှာမတူချေ၊သို့ရာတွင်တရွာနှင့်တရွာများစွာလည်း မဝေးကွာလှချေ။

(၅) ရာမ္ပုရ်ဗကျောက်တိုင်။ မြောက်ဗီဟာနယ်၊ ဆမ္ပါရန် ဒိစတြိတ်၊ ရာမ္ပုရ်ဗရွာ၌တည်ရှိသည်။

(၆) အလ္လဟာဗဒ် ကောသမ် ကျောက်တိုင်။ အလ္လဟာဗဒ်မြို့၏ အနောက်ဖက်၊ ခေတ်အခေါ် ကောသမ်၊ ရှေးအခေါ် ကောသမ္ဗီ မြို့၌မူလတည်၍နောင်အလ္လဟာဗဒ်ခံတပ်တွင်းသို့ ရွှေ့ပြောင်းစိုက်ထူ ထားသည်။ ဤသို့ရွှေ့ပြောင်း စိုက်ထူသူမှာ၊ ဖီရောဇ်ရှာ ဘုရင် သော်၎င်း၊ အက်ဗရ်ဘုရင် (၁၅၆၀-၁၆၅၀) သော်၎င်း၊ ဖြစ်လိမ့် မည်ဟု ပညာရှိများ ယူဆကြ၏။

## (ဃ) ကျောက်တိုင်စာငယ်များ

ကျောက်တိုင်စာငယ်များမှာ ခြောက်ခုရှိသည်အနက်၊ မိဖုရား ကျောက်တိုင်စာငယ်နှင့် ကောသမ္ဗီကျောက်တိုင်စာငယ်တို့သည် အထက်၌ ဖေါ်ပြခဲ့သော အလ္လဟာဗဒ် ကောသမ် ကျောက်တိုင် ကြီး၌ပင်ရေးထိုးလျက်ရှိသဖြင့်သီးခြားကျောက်တိုင်ငယ်လေးခုသာ ရှိလေသည်။

(၁) သာရ်နာထ်ကျောက်တိုင်ငယ်။ အိန္ဒိယနိုင်ငံမြောက်ပိုင်း၊ ဗာရာဏသီမြို့ မြောက်ဖက် သုံးမိုင်ခွဲမျှကွာ၊ မိဂဒါဝုန်တော၊ ဣသိ ပတန၊ ယခုအခေါ်၊ သာရ်နာထ်အရပ်၌တည်ရှိသည်။

(၂) သာဉ္စိ၊ ဝါ၊ သာမ်ချီကျောက်တိုင်ငယ်။ အိန္ဒိယနိုင်ငံ အလယ်ပိုင်းဘိုပါလ်နယ်၊ သန်ချီမီးရထားရုံ အနီး တောထဲ၌ တည်ရှိသည်။ ရှေး၌သာဉ္စိထုပါရုံစေတီကြီး၏တောင်ဖက်မုခ်အနီး၌ စိုက်ထူထားသည်ဟု ယုံကြည်ရန်ရှိသည်။

(၃) လုမ္ဗိနီ၊ ဝါ၊ ရုမ္မိန္ဒေအီကျောက်တိုင်ငယ်။ အိန္ဒိယနိုင်ငံ၏ မြောက်ဖက်၊ နီပေါနယ်၊ ဘဂဝံပုရ်မြို့၏မြောက်ဖက်၊ ရှေးအခေါ် လုမ္ဗိနီ၊ ဝါ၊ လုမ္မိနီ၊ ယခုအခေါ် ရုမ္မိန္ဒေအီအရပ်၌တည်ရှိသည်။

(၄) နိဂလိဝါ ကျောက်တိုင်ငယ်။ အိန္ဒိယနိုင်ငံ၏ မြောက်၊ နီပေါနယ်၊ ရုမ္မိန္ဒေအီ၏ မြောက်ဖက်၊ တစ်ဆဲ့သုံးမိုင် ခန့်ကွာ နိဂလိဝါရွာအနီး၌ တည်ရှိသည်။

# နိဒါန်း

## (င) ကျောက်ဂူစာများ။

အသောက မင်းတရားကြီး ရေးထိုးခဲ့သော ကျောက်ဂူစာတို့သည်ကား သုံးခုသာရှိ၍၊ တိုတောင်းပြီးလျှင်၊ အာဇီဝိက ရဟန်းတို့အားဂူများကိုလှူသောအကြောင်းတို့သာပါရှိသဖြင့်၊အရေးမကြီးလှချေ။ဤကျောက်ဂူစာနှင့်ပူးတွဲ၍၊မင်းတရားကြီး၏ထီးမွေနန်းမွေခံ မြေးတော်ဒသရဋ္ဌဘုရင် ရေးထိုးခဲ့သော၊ အလားတူ ကျောက်ဂူစာ သုံးခုကိုလည်း ထည့်သွင်း ဖော်ပြလိုက်ပါသည်။ အားလုံးသော ကျောက်ဂူတို့သည်၊တောင်ဗိဟာနယ်၊ဂယာမြို့၏မြောက်ဖက်၊တဆဲ့ ငါးမိုင်ခန့်ကွာ ယခုအခေါ် ဗရဗရ်တောင်၊ ရှေးခေတ် အခေါ် ခလတိကတောင်၌တည်ရှိသည်။

### စာအုပ်ပါ စာမူများ။

တည်ရာအရပ်ကိုလိုက်၍၊ အတော်အတန် ကွဲပြားခြင်းရှိသော၊ ပဓာန ကျောက်ဆောင်စာ တစ်ဆဲ့လေးခုတို့၏၊ ပြည့်စုံ သည်ဟု ဆိုလောက်သော မူခြောက်မူ ရှိသည့်အနက်၊ ဤစာအုပ်၌ဖော်ပြ ပါရှိသောမူမှာ၊ ကာလ်သိကျောက်ဆောင်စာမူ ဖြစ်လေသည်။

ပဓာနကျောက်တိုင်စာမူတို့သည်ကား၊ ပဓာနကျောက်ဆောင် စာမူတို့လောက်၊ တခုနှင့်တခုကွဲပြားခြားနားခြင်း မရှိလှချေ။ သရ တို့၌သာအရှည်အတိုအားဖြင့်ကွဲပြားသည်ကိုတွေ့ရ၏။သို့ဖြစ်စေကာ ဤစာအုပ်ပါမူမှာ ဒေလီတောပြာမူသာလျှင်ဖြစ်လေသည်။

### စာမူအက္ခရာများ။

စီစဉ်ရေတွက်ဖော်ပြခဲ့သော ကျောက်ဆောင်စာ၊ ကျောက်တိုင် စာ၊ ကျောက်ဂူစာတို့ အနက်၊ သျှာဘာဇ်ဂရ်ဟီနှင့် မာန်သေရာ ကျောက်ဆောင်စာတို့မှတပါး၊ကျန်အားလုံးသောကျောက်စာတို့ကို ဗြာဟ္မီအက္ခရာဖြင့် ရေးထိုးလျက်ရှိလေသည်။ သျှာဘာဇ်ဂရ်ဟီနှင့် မာန်သေရာကျောက်ဆောင်စာတို့ကိုသော် ခရော သျှဋ္ဌီအက္ခရာဖြင့် ရေးထိုးလျက်ရှိလေသည်။ ခရောသျှဋ္ဌီအက္ခရာမှာ၊ အိန္ဒိယ နိုင်ငံ

# နိဒါန်း

အနောက်ပိုင်းနှင့်၊ ထိုအပိုင်းနှင့်စပ်လျက်ရှိသောပြည်ပနယ်တို့၌သုံး၍ လက်ယာဖက်မှ လက်ဝဲဖက်သို့ ရေးရသော အက္ခရာ ဖြစ်လေသည်။ ဗြာဟ္မီအက္ခရာသည်ကား၊ အိန္ဒိယတနိုင်ငံလုံးတွင်သုံး၍၊ လက်ဝဲဖက်မှ လက်ယာဖက်သို့၊ များစွာသော ခေတ်အက္ခရာတို့ နည်းတူ၊ ရေးရသောအက္ခရာဖြစ်၏၊ ထိုဗြာဟ္မီအက္ခရာမှသာ၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့ဝယ်၊ ရှေး၌သုံးခဲ့၊ ယခုသုံးဆဲ ဖြစ်သော နာဂရီ၊ ဘင်္ဂလီ၊ ဂုဇရာတီ၊ တေလုဂု-ကနာရီ၊ ပျူ၊ မွန်၊ မြန်မာ၊ သျှမ်းစသော အက္ခရာတို့ ပေါက်ပွားဆင်းသက်လာချေ၏။

## စာမူဘာသာများ။

ကျောက်စာတို့အား၊ လုံးဝဗြာဟ္မီအက္ခရာဖြင့်မဟုတ်၊ ခရောဿဋ္ဌီ အက္ခရာဖြင့်လည်း ညှပ်၍ ထည့်သွင်းရေးထိုးလျက် ရှိသော်လည်း၊ သုံးစွဲသောဘာသာစကားမှာ၊ ထိုကာလ၌ အိန္ဒိယတနိုင်ငံလုံးဝယ် အနှံ့အပြားပင် သုံးစွဲလျက်ရှိသည်ဟု ယုံကြည်ရန်ရှိသော မာဂဓ တိုင်းသုံး ပြာကြိုဋ်ဘာသာဟောင်းဖြစ်လေသည်။ ပြာကြိုဋ်ဘာသာ သည်၊ သံသကြိုဋ်ဘာသာနှင့်သော်၎င်း၊ ပါဠိဘာသာနှင့်သော်၎င်း၊ အများအားဖြင့်တူသော်လည်း၊ လုံးဝသော်ကားမတူပဲ။ ပါဠိဘာသာ ကဲ့သို့ပင်၊ သံသကြိုဋ်ဘာသာဟောင်းမှပြောင်းလဲရွေ့လျောလာသော ဘာသာ ဖြစ်လေသည်။ ပါဠိဘာသာ သည်ပင်လျှင်၊ သံသကြိုဋ် ဘာသာမှ နည်းတူ ပြောင်းလဲလာသဖြင့်၊ ပြာကြိုဋ်ဘာသာ တရပ် ဖြစ်သည်ဟုဆိုနိုင်ချေ၏။ ဆိုလည်းဆိုကြ၏။

ပြာကြိုဋ် ဟူသောစကားသည်၊ ပြာကြိတဟူသော သံသကြိုဋ် စကားမှဆင်းသက်လာ၍၊ ပကတိဟူသော ပါဠိစကားနှင့် မိတ်တူ ဖြစ်ပြီးလျှင် "မူလ၊ အရင်းခံ၊ နကို၊ အလိုလို၊ ရိုးရိုး၊ သာမာန်၊ တိုင်းရင်းဘာသာ၊ ဒေသအလိုက် သုံးစွဲသောဘာသာ" ဟူသော အနက်တို့ကို ဆောင်သဖြင့်၊ ဤ၌ "တိုင်းရင်းဘာသာ၊ ဒေသအလိုက် သုံးစွဲသောဘာသာ" ဟူ၍အနက်ရှိ၏။ ထို့ကြောင့်ပြာကြိုဋ်ဆိုသည် မှာ ဘာသာတခုတည်း၏ အမည်မဟုတ်၊ သံသကြိုဋ် ဘာသာမှ

ရွေ့လျောဆင်းသက်လာ၍၊ တိုင်းရင်း ဘာသာ အဖြစ်ဖြင့် ပြောဆို သုံးစွဲခဲ့၊ သုံးစွဲလျက်ရှိသော ဘာသာဟူသမျှကိုပင် ခေါ်ဆိုနိုင်သော အမည်ဖြစ်လေသည်။ သို့ရာတွင် အများအားဖြင့်သော်ကား၊ ပါဠိ မဟုတ်သော၊ သံသကြိုဋ်ပျက် ဘာသာဟောင်းများ ကိုသာ ပြာကြိုဋ် ဟုခေါ်ဆိုလေ့ရှိသည်။ ထိုပြာကြိုဋ်ခေါ် ဘာသာဟောင်းများသည်၊ တနေရာနှင့်တနေရာ၊ တခေတ်နှင့်တခေတ်မတူ၊ မူ အနည်းအများ၊ ကွဲပြားခြားနားကြလေသည်။ အသောက ကျောက်စာတို့၌လည်း၊ ထို အတိုင်းပင်စာသားအကြောင်းအရာစာမူချင်းတူငြားသော်လည်း ပုဒ် ဗျည်းသဏ္ဌာန် အနေ အထား အသုံး အနှုန်း တို့သည်၊ အရပ်ကို လိုက်၍အချို့သံသကြိုဋ်ဖက်သို့နွယ်ကာ အချို့ပါဠိဖက်သို့နွယ်ကာ၊ တခုနှင့်တခုအနည်းငယ်မျှစီကွဲပြားကြလေသည်။ ဤသို့ကွဲပြားသော ပုဒ်ဗျည်းများကိုလည်း၊ သံသကြိုဋ်မူ, ပါဠိ မိတ္တူတို့နှင့် တိုက်ဆိုင် ညှိနှိုင်း၍ ဘာသာ ပြန်ဆိုရချေ၏။

### အသောကမင်းကြီး၏စီမံဆောင်ရွက်ချက်များ။

သာသနာရေး၊အလှူဒါနရေး၊နိုင်ငံရေး၊တိုင်းပြည်အုပ်ချုပ်ရေး လူတို့၏ ကြီးပွားချမ်းသာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ တိရစ္ဆာန် တို့အား စောင့်ရှောက်ရေးတို့၌ သီရိဓမ္မာ သောက မင်းကြီး စီမံ ဆောင်ရွက်ခဲ့သည်တို့အနက်၊အရေးကြီးသည်တို့ကို၊ကျောက်စာတို့မှ ပေါ်ထွက်သည်အတိုင်းအကျဉ်း အချုပ်မျှစီ ဖေါ်ပြရမည်ဆိုသော်-

(၁) သတ္တဝါတို့အားသတ်ဖြတ်၍၊ ယဇ်ပူဇော်ခြင်းကိုတားမြစ်ခြင်း။ (ပဌမကျောက်ဆောင်စာ)

(၂) သတ္တဝါတကောင်အား သတ်ဖြတ်၍၊ အခြားသတ္တဝါ တကောင်အားကျွေးမွေးခြင်း၊ ခြောက်လအောက်အရွယ်တိရစ္ဆာန် ငယ်များနှင့်၊ကိုဝန်ဆောင်၊သို့မဟုတ်သားငယ်ကိုနို့တိုက်နေသော၊ တိရစ္ဆာန်မများအား သတ်ဖြတ်ခြင်း၊ သတ်မှတ်ထားသည့် နေ့ရက် တို့၌၊သူ့အသက်ကိုသတ်ခြင်း၊ တိရစ္ဆာန်ဖိုများကို သင်းကွပ်ခြင်း၊ မြင်းနွားစသည်တို့ကိုတန်ဆိပ်ခတ်ခြင်း၊ ငါးတို့ကိုဖမ်းယူ သတ်ဖြတ်

ရောင်းချခြင်း၊ သတ်မှတ်ထားသည့် နေရာတို့၌ သားငါးတို့အား ဖမ်းဆီး သတ်ဖြတ်ခြင်း၊ သက်ရှိ သတ္တဝါတို့ ခိုအောင်း နေသော မွဲပုံများ၊ တောများကိုမီးရှို့ခြင်းစသည်တို့အားတားမြစ်ပိတ်ပင်ခြင်း၊ (ပဥ္စမ ကျောက်တိုင်စာ)။

(၃) မိမိကိုတိုင် အသားစားခြင်း၊တောကစားထွက်ခြင်း တို့မှ ရှောင်ကြဉ်ခြင်း။ (ပဌမနှင့် အဌမ ကျောက်ဆောင်စာ)

(၄) သေဒဏ်နှင့် အကျဉ်းခံ နေရသူ တို့အား၊ အယူခံရန်၊ ကောင်းမှုကုသိုလ်ပြုရန်၊ သုံးရက်အခွင့်ပေးခြင်း။ သားသမီးအမှီအခို များသူ၊အလုပ်တာဝန်ကြီးလေးသူ၊အိုမင်းမစွမ်းသူတို့အား၊ အပြစ်ရှိ သော်လည်း သက်ညှာ ချမ်း သာ ပေးခြင်း။ မိမိအဘိသိက် ခံရက် နှစ်ပတ်လည်စေ့တိုင်း၊ ထောင် အကျဉ်း သားတို့အား လွှတ်ခြင်း။

(စတုတ္ထ ကျောက် တိုင်စာ၊ ပဥ္စမ ကျောက်ဆောင်စာ၊ ပဥ္စမ ကျောက်တိုင်စာ၊)

(၅) နိုင်ငံတော်အတွင်း၌သာမက၊နိုင်ငံတော်၏တောင်ဖက်နှင့် အနောက်ဖက်တလွှားရှိ တိုင်းနိုင်ငံတို့အတွင်း၌ပင်၊ အနှံ့အပြား လူနှင့်တိရစ္ဆာန်တို့၏ဆေးကုဌာန၊ဝါ၊ဆေးရုံများကိုတည်ထားခြင်း ဆေးပင်ဆေးမြစ်၊ ဆေးဖက်ဝင်သော အသီး အနှံ စသည် တို့ကို၊ မရှိသေးသော အရပ်တို့သို့ ဆောင်ယူစိုက်ပျိုး စေခြင်း။ (ဒုတိယ ကျောက်ဆောင်စာ။)

(၆)နိုင်ငံတော်အတွင်းအနှံ့အပြားပင်လမ်းများကိုဖေါက်ခြင်း၊ လမ်းတလျှောက်တို့၌သစ်ပင်များကိုစိုက်ပျိုးခြင်း၊ဥယာဉ်များပြုစုခြင်း ရေတွင်းများကိုတူးခြင်း၊ ရေချမ်းစင် များကိုတည်ခြင်း၊ ဇရပ်များကို ဆောက်ခြင်း၊ ယောနတိုင်းသံအမတ် မေဂသိနီ၏ မှတ်တမ်းအရ၊ လမ်းတို့၌ အကွာအဝေးနှင့် လမ်းခွဲများကို ပြသော မှတ်တိုင်များ ကိုပင်ယခုခေတ်၌ကဲ့သို့စိုက်ထူထားရှိခြင်း။ (သတ္တမကျောက်တိုင်စာ ဒုတိယကျောက်ဆောင်စာ)။

(၇) အယူဝါဒအသီးသီး၊ ဂိုဏ်းအသီးသီးတို့အား၊ အရိုအသေ ပြုခြင်း၊ချီးမြှင့်ထောက်ပံ့ခြင်း၊ အယူဝါဒအသီးသီး၊ ဂိုဏ်းအသီးသီး

သားတို့အား၊ သင့်တင့်ညီညွတ်စွာ နေထိုင်ကြရန်၊ တစ်ဝါဒနှင့်တစ်ဝါဒ၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်းမကွဲရဲ့မရှုတ်ချ၊ မပုတ်ခတ်မချုတ်ချယ်ပဲ၊တစ်ဦးနှင့်တဦးရှိသေလေးစား၊ယိုင်းပင်းကူညီကြ၍ မိမိတို့၏ဘာသာတရား၌ကောင်းစွာလေ့လာကျင့်သုံး ဆောက်တည်ကြရန်ညွှန်ကြားဆုန်းမခြင်း။(သတ္တမနှင့်ဒွါဒသမကျောက်ဆောင်စာများ၊ဆဋ္ဌမကျောက်တိုင်စာ)။

(၈) ဓမ္မမဟာမာတြာခေါ် တရားအမတ်ကြီးများနှင့် အခြားသာသနာရေး၊အလှူဒါနရေးအမတ်များ၊အရာရှိများကိုခန့်ထား၍ဗုဒ္ဓသာသနာတော်နှင့်တကွ၊ အခြားဝါဒကွဲ၊ ဂိုဏ်းကွဲ အသီးသီးတို့အားချီးမြှင့်စေခြင်း၊လူတို့အား တရားဟောကြားဆုန်းမစေခြင်း၊မင်းတရားကြီးနှင့်ဆွေတော်မျိုးတော်၊ နန်းတော်သူနန်းတော်သားအပေါင်းတို့၏အလှူဒါနများကိုစီမံခန့်ခွဲစေခြင်း၊ရဟန်း၊ ပုဏ္ဏား၊သက်ကြီးရွယ်အို၊ဆင်းရဲ ဒုက္ခရောက်နေသူ၊ ခိုကိုးရာမဲ့ သူတို့အား၊ထောက်ပံ့မစစေခြင်း၊ အမက်ကြီးများနှင့် အရာရှိကြီး များအား၊ငါးနှစ်တကြိမ်၊အချို့ နယ်တို့၌ သုံးနှစ်တကြိမ်၊ တိုင်းခမ်းလှည့်လည်တရားပြသဆုန်းမစေခြင်း၊တရားကိုဖြန့်ဖြူးစေခြင်း။ (တတိယ၊ပဥ္စမနှင့် ပဋ္ဌမကလိင်္ဂကျောက်ဆောင်စာများ၊ သတ္တမကျောက်တိုင်စာ)

(၉) မိန်းမ များနှင့် ကလေး များ၏ ကြီးပွားရေး အတွက်အမတ်ကြီးများနှင့် အရာရှိများကို ခန့်ထား ဆောင်ရွက်စေခြင်း။(ဒွါဒသမ ကျောက်ဆောင်စာ)။

(၁၀) အရေးကြီးသော ဝိဋ္ဋကတ်ကျမ်းဂန်များကို၊ ရဟန်းယောကျ်ား၊ရဟန်း မိန်းမ၊လူယောကျ်ား၊ လူမိန်းမတို့အား၊ သင်အံလေ့ကျက်ကြားနာစေခြင်း။ (ဘာဗြာ ကျောက်ဆောင်စာငယ်)။

(၁၁) သံဃာကိုဂိုဏ်းမခွဲရ၊သံဃာကိုဂိုဏ်းခွဲသူရဟန်း ယောကျ်ားရဟန်းမိန်းမအား၊ ဝတ်ဖြူကို လဲစေ၍ ရဟန်းကျောင်းမှ ထွက်ခွာသွားစေရမည်ဟု ကြပ်တည်းစွာ အမိန့်ထုတ်ခြင်း။ (သာရ်နာတ်၊ကောသမ္ဗီ၊သာဉ္စီ ကျောက်တိုင် စာငယ်များ)။

# နိဒါန်း

(၁၂)တောင်ဖက်တမ္ပပဏ္ဏိခေါ် သီဟိုဠ်ကျွန်းတိုင်အနောက်ဖက် အာဖရိကဘိုက်စိရေနေနှင့်အီဂျစ်နိုင်ငံများ၊ ဥရောပတိုက်ဂရိတ်နိုင်ငံများတိုင်၊ထိုကာလ၌ အဆက်အသွယ်ရှိသော ကပ္ပါ အရပ်ရပ်သို့ သာသနာပြုများကိုစေလွှတ်၍သာသနာကို ပြုစေခြင်း။ (တေရသမကျောက်ဆောင်စာ)။

(၁၃) အပြစ်မကင်း၊အကျိုးယုတ်သောပွဲတို့ကိုပိတ်ပင်၍အကျိုးရှိသောပွဲတို့ကိုစီမံပြုသစေခြင်း။ (ပဉ္စမနှင့် စတုဋ္ဌကျောက်ဆောင်စာများ)။

(၁၄) လောကီမင်္ဂလာအပေါင်းတို့ထက် တရားမင်္ဂလာသည် အကျိုးများကြောင်း၊ အခြားအလှူများထက် တရားအလှူသည် မြတ်ကြောင်း၊သီလတရားထက် ဘာဝနာတရားအရေးကြီးကြောင်း ညွှန်ကြားပြီးသော်၊တရားမင်္ဂလာ၊တရားအလှူ၊ဘာဝနာတရားတို့ကို ကျင့်သုံး ဆောက်တည်ရန် လူတို့အား နှိုးဆော် တိုက်တွန်းခြင်း။ (နဝမနှင့် ဧကာဒသမ ကျောက်ဆောင် စာများ သတ္တမကျောက်တိုင်စာ)

(၁၅) အဘိသိတ်ခံပြီးရှစ်နှစ်မြောက်၌၊ကလိင်္ဂတိုင်းကိုတိုက်ခိုက်အောင်မြင်ရာ၊လူပေါင်းမြောက်မြားစွာ သေကြေပျက်စီးခံရ၊သုံ့ပန်းအဖြစ်ဆောင်ယူခံရ၊ဒုက္ခဆင်းရဲအမျိုးမျိုးခံရသည်ကိုတွေ့မြင်သဖြင့်၊ လွန်စွာကြေကွဲဝမ်းနည်းခဘာ်မူပြီးလျှင်၊ဤသို့လက်နက်ဖြင့်တိုက်ခိုက်အောင်မြင်ခြင်းကို၊ ကိုတိုင်လည်းစွန့်ပယ်၊ သားစဉ်မြေးဆက်လည်းစွန့်ပယ်စေ၍၊တရား၏အောင်မြင်ခြင်း၊ဝါ၊တရားဖြင့်အောင်မြင်ခြင်းသာလျှင်မြတ်ကြောင်း ဖေါ်ပြပြီးသော်၊ နိုင်ငံတော်အစွန်အပသားတို့အား၊ တရားဖြင့်သာ အောင်မြင်တော်မူခြင်း။ (တေရသမနှင့် ဒုတိယကလိင်္ဂ ကျောက်ဆောင် စာများ)

(၁၆) ကိုတိုင် အခါမရွေး နေရာမရွေး တိုင်းရေး ပြည်ရေး သါသနာရေးတို့ကို၊ဆိုင်ရာအမတ်များအားလျှောက်တင်စေ၍ကြားနာဆောင်ရွက်ခြင်း။ကိုတိုင်မနေမနားတိုင်းခမ်းလှည့်လည်ကြွသွား၍ ရဟန်းပုဏ္ဏားတို့အားဖူးမြော်ပူဇော်ခြင်း၊သက်ကြီးရွယ်အို ဆင်းရဲသူ

# နိဒါန်း

ဆင်းရဲသား၊ တောသူတောင်သားတို့နှင့်တွေ့၍ ပေးကမ်းချီးမြှင့်ခြင်း၊ တရားဆွေးနွေးမေးမြန်းခြင်း၊ တရားဟောကြားဆုန်းမခြင်း။ ကိုယ်တိုင် တောကစား၊ အပျော်အပါးမထွက်မူ၍၊ ဘုရားပွင့်တော်မူရာ မဟာဗောဓိ၊ ဘုရားဖွားတော်မူရာ လုမ္ဗိနီ ဥယျာဉ်တို့သို့ ကြွသွားဖူးမြော်ပူဇော်ခြင်း၊ ကိုယ်တိုင် တရားကျင့်သုံးဆောက်တည်ခြင်း၊ တရားဥသည်းစွာအားထုတ်ခြင်း၊ (ဆဋ္ဌမ၊ အဋ္ဌမ၊ ဒွါဒသမ ကျောက်ဆောင်စာများ၊ ပဌမဗြဟ္မဂိရိ၊ ရူပ်နာထ်၊ မသ်ကီကျောက်ဆောင်စာငယ်များ၊ ဆဋ္ဌမကျောက်တိုင်စာ၊ လုမ္ဗိနီ ကျောက်တိုင်စာငယ်။ ))

ကျောက်စာတို့မှ ပေါ်ထွက်သော စီမံ ဆောင်ရွက်ချက် တို့ကို ထောက်ခြင့်သဖြင့်၊ သီရိဓမ္မာသောကမင်းကြီးသည်ကမ္ဘာ့ရာဇဝင်တွင် အမြင့်မြတ်ဆုံးသော ဘုရင်တပါး ဖြစ်ကြောင်း သိနိုင်ပေ၏။ ကမ္ဘာ့ပညာရှိများကလည်း ဤသို့ပင်ဆုန်းဖြတ်လျက်ရှိချေ၏။ ထိုမင်းတရားကြီး၏စီမံ ဆောင်ရွက်ချက်တို့သည် ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်ကဖြစ်လင့်ကစား လွန်စွာအထက်တန်းကျ၍၊ ခေတ်ဆံခေတ်မီပြီးလျှင်၊ အချို့နေရာတို့၌၊ ခေတ်ထက်ပင်ကျော်လွန်နေသဖြင့်၊ ခေတ်ကိုပင် နည်းယူအတုခိုးရန်စံပြုလျက်ရှိလေသည်။ မင်းတရားကြီး၏စီမံ ဆောင် ရွက် ချက်အပြည့်အစုံတို့ကို၊ ဆိုင်ရာ ကျောက်စာ မူရင်း ဘာသာပြန်တို့၌နှစ်ခြိုက်စွာဖတ်ရှုကုန်ရာသည်။

# အညွှန်း။

(၁) ၈၊ ဤအက္ခရာကို ဂ=သျှ ဟုခေါ်၍၊ အ-စောက်ဖြင့် **သျှ** ဟုဖတ်ရွတ်ရမည်။

(၂) ၜ၊ ဤအက္ခရာကို ပ=သျှ ဟုခေါ်၍၊ လျှာထိပ်ဖြင့် **သျှ** ဟု ဖတ်ရွတ်ရမည်။

(၃) မြန်မာစာတို့၌ **ထ်၊ ဒ်၊ ရ်၊ လ်၊ သ်**၊ စသည်ဖြင့် ဗျည်းတို့ကို တံခွန်လွှား၍ရေးသော်၊ **ထ၊ ဒ၊ ရ၊ လ၊ သ**၊ သံတို့ကိုပြိုပြိုကြီး မဖတ်ရွတ်မူ၍။ အသံပေါ်သည်ဆိုရရုံ ဖတ်ရွတ်ရသည်။

# အသောက ကျောက်စာများ။

## (က) ကျောက်ဆောင်စာများ။

## ၁။ ပဌမ ကျောက်ဆောင်စာ။

(မြာကြွိန့)

၁။ ။ဣယံ ဓံမလိပိ ဒေဝါနံ ပိယေနာ ပိယဒသိနာ
လေခိတာ။ ဟိဒါနာကိဆိ ဇိဝေ အာလဘိတု
ပဇောဟိတဝိယေ။

၂။ ။နော ပိ စ သမာဇေ ကဋဝိယေ။ ဗဟုကာ ဟိ
ဒေါသာ သမာဇသာ ဒေဝါနံပိယေ ပိယဒသိ
လာဇာ ဒခတိ။အထိ ပိ စ ဧကတိယာ သမာဇ
သာဓုမတာ ဒေဝါနံ ပိယသာ ပိယဒသိသာ
လာဇိနေ။

၃။ ။ပုလေ မဟာနသသိ ဒေဝါနံ ပိယသာ ပိယ
ဒသိသာ လာဇိနေ အနုဒိဝသံ ဗဟုနိ ပါန-
သဟသာနိ အာလဘိယိသု သုပဌာယေ။ သေ
ဣဒါနိ ယဒါ ဣယံ ဓံမလိပိ လေခိတာ တဒါ
တိံနိ ယေဝါ ပါနာနိ အာလဘိယံတိ။

၄။ ။ဒုဝေ မဇုလာ ဧကေ မိဂေ။ သေ ပိ စ မိဂေ
နော ဓုဝေ။ ဧတာနိ ပိ စ တိနိ ပါနာနိ နော
အာလဘိယိသံတိ။

## ၁။ ပဉ္စမကျောက်ဆောင်စာ
(မြန်မာ)

၁။ ။ဤ တရား ကဗျည်းကို၊ နတ်တို့ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီး ရေးထိုးစေ၏။

ဤအရပ်၌ မည်သည့်အသက်ကိုမျှ သတ်၍ ယာဇ် မပူဇော်ရ။

၂။ ။ပွဲတို့ကိုလည်း မကျင်းပရ။ အချို့ပွဲတို့၌ အကျိုး ရှိသော်လည်း၊ နတ်တို့ ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီးသည်၊ပွဲတို့၌ များစွာသောအပြစ်တို့ကိုမြင်၏။

၃၊၄။ရှေး၌၊နတ်တို့ချစ်မြတ်နိုးသော ပိယဒသီမင်းကြီး ၏ စဖိုအိမ်၌၊ နေ့စဉ် ထောင်ပေါင်း များစွာသော အသက်တို့ကို ဟင်းလျာ အလို့ ငှာ သတ်ကုန်၏။ သို့ရာတွင်၊ ယခု ဤတရား ကဗျည်းကို ရေး စေပြီး နောက်၊ ဥဒေါင်း နှစ်ကောင်နှင့် သမင် တကောင် သုံးကောင်သော သတ္တဝါတို့ကိုသာလျှင် သတ်ကုန်၏။ ထို အ နက် လည်း သမင်ကို နေ့ စဉ် မ ဟုတ်။ ဤ သုံးကောင်သော သတ္တဝါ တို့ကိုပင် မသတ်ကြရ ကုန်လတံ့။

## ၂။ ဒုတိယ ကျောက်ဆောင်စာ။

([illegible])

၄။ ။သဝတာ ဝိဇိတသိ ဒေဝါနံ ပိယသာ ပိယ ဒသိသာ လာဇိနေ ဧဝ စ အံတာ အထာ စောဍာ ပံဍိယာ သာတိယပုတော ကေလလ ပုတော တံဗပံနိ။

၅။ ။အံတိယောဂေ နာမ ယောနလာဇာ ယေ စာ အံနေ တသာ အံတိယောဂသာ သာမံတာ လာဇာနော သဝတာ ဒေဝါနံ ပိယသာ ပိယ-ဒသိသာ လာဇိနေ ဒုဝေ စိကိသကာ ကဋာ မနုသစိကိသာ စာ ပသုစိကိသာ စာ။ ဩသ-ဓာနိ မနုသောပဂါနိ စာ ပသောပဂါနိ စ အတတာ နထိ။

၆။ ။သဝတာ ဟာလာပိတာ စာ လောပါပိတာ စာ။ ဧဝမေဝါ မုလာနိ စာ ဖလာနိ စာ အတတာ နထိ သဝတာ ဟာလာပိတာ စာ လောပါပိတာ စာ။ မဂေသု လုခါနိ လောပိ-တာနိ ဥဒုပါနာနိ စ ခါနာပိတာနိ ပဋိဘော-ဂါယေ ပသုမုနိသာနံ။

## ၂။ ဒုတိယကျောက်ဆောင်စာ။

(မြန်မာ)

၄၊၅။နတ်တို့ ချစ် မြတ် နိုးသော ပိယဒသီ မင်းကြီး၏ နိုင်ငံတော်အတွင်း အရပ်ရပ် တို့၌ ၎င်း နိုင်ငံတော်၏ အစွန် အပ စော ဠ (စောဠ) ပံ ဍိယ (ပဏ္ဍျ) သာတိယာပုတ,ကေလလပုတ,တံဗပံ့နိ (တမ္ဗပဏ္ဏိ) အံတိယောဂ (အန္တိယောက) အမည်တော်ရှိသော ယောနမင်းနှင့်၊ ထိုမင်း၏ ပတ်ဝန်းကျင် အခြားမင်းတို့၏ တိုင်းများအတွင်း အရပ်ရပ် တို့၌၎င်း၊ နတ်တို့ ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီးသည် လူတို့အား ကုစားခြင်း နှင့် တိရစ္ဆာန်တို့အား ကုစားခြင်း ဟူသော ဆေးကုစားခြင်း နှစ်မျိုးကို တည်ထား တော်မူ၏။

၅၊၆။လူတို့အဖို့၎င်း၊ တိရစ္ဆာန်တို့အဖို့၎င်း အသုံးဝင်သော ဆေးပင် တို့ကိုလည်း မရှိသေးသော အရပ်တိုင်းတို့သို့ ယူဆောင်စေ၏၊ စိုက်ပျိုးစေ၏။ ထိုနည်းတူစွာ သစ်မြစ် သစ်သီးတို့ကိုလည်း မရှိသေးသော အရပ်တိုင်းတို့သို့ ယူဆောင်စေ၏၊ စိုက်ပျိုးစေ၏။

လူနှင့်တိရစ္ဆာန်တို့ သုံးဆောင် စိမ့်သောငှာ၊လမ်းတို့၌ သစ်ပင်တို့ကို စိုက်စေ၍ ရေတွင်းတို့ကို လည်း တူးစေ၏။

## ၃။ တတိယကျောက်ဆောင်စာ။

(ပြာကြိဋ်)

၆။ ။ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ။

၇။ ။ဒုဝါဒသ-ဝသာဘိသိတေန မေ ဣယံ အာနပယိ-တေ၊ သဝတာ ဝိဇိတသိ မမ ယုတာ လဇုကေ ပါဒေဂိကေ ပံစသု ပံစသု ဝသေသု အနုသ-ယာနံ နိခမံတု၊ ဧတာယေဝ အဿာယေ ဣ-မာယေ ဓံမနုသထိယာ ယထာ အံနာယေ ပိ ကံမာ ယေ။ သာဓု။

၈။ ။မာတာပိတိသု သုသူသာ မိတသံထုတ-နာတိ-ကျာနံ စ ဗံဘန-သမနာနံ စ သာဓု ဒါနေ။ ပါနာနံ အနာလံဘေ သာဓု၊ အပဝိယာတာ အပဘံဍတာ သာဓု။ ပလိသာပိ စ ယုတာနိ ဂနနသိ အနပယိသန္တိ ဟေတုဝတာ စ ဝိယံ ဇနတော စ။

## ၃။ တတိယကျောက်ဆောင်စာ
(မြန်မာ)

၆။ နတ်တို့ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီးသည် ဤသို့မိန့်တော်မူ၏။
၇။ ငါ အဘိသိက်ခံသည့်မှ တစ်ဆဲ့နှစ်နှစ်မြောက်၌ ဤအမိန့်တော်ကို ထုတ်ပြန်တော်မူ၏။

ငါ၏နိုင်ငံတော်အလုံး၌၊ ယုတ ရာဇုက ပါဒေသိက ဟူသော (ရွှေမြို့တော်တိုင်းခရိုင်) အမတ်တို့သည်၊ ငါးနှစ်ငါးနှစ်မြောက်တိုင်း ဤဆိုလတံ့သော တရားအဆုန်းအမအလို့ငှါလည်း၊ အခြားအမှုကိစ္စ တို့အလို့ငှါလည်း၊ ခရီးထွက်ခွါလှည့်လည် ကြကုန်ရာသည်။

၈။ အမိအဖတို့အား ကျိုးနွံခြင်းသည် ကောင်း၏။ မိတ်ဆွေ၊ အသိအကျွမ်း၊ ဆွေမျိုး၊ ရဟန်း ပုဏ္ဏားတို့အား ပေးကမ်းလှူဒါန်း ခြင်းသည် ကောင်း၏။ သတ္တဝါတို့၏ အသက်ကို မသတ်ခြင်းသည် ကောင်း၏။ချွေတာသုံးစွဲခြင်း၊ ပစ္စည်းဥစ္စာကို အသင့်အတင့်သာ စုဆောင်းခြင်းသည် ကောင်း၏။

လွှတ်တော်အဖွဲ့ကလည်း ယုတအမတ်များအား၊ အကျိုး အကြောင်းနှင့်တကွ၊ (အမိန့်တော်) စာပါ အတိုင်းမှတ်သား၊ နာခံကြရန်၊ အမိန့် ထုတ် ဆင့်ကြစေကုန်သတည်း။

## ၄။ စတုတ္ထကျောက်ဆောင်စာ

(ပြာကြိုဋ်)

၉။ ။အတိကံတံ အံတရံ ဗဟုနိ ဝသသတာနိံ ဝဍိ-
တော၀ါ ပါနာလံဘော ဝိဟိသာ စ ဘုတာနံ
နာတိနံ အသံပတိပတိ သမန ဗံဘနာနံ
အသံပဋိပတိ။ သေ အဇာ ဒေဝါနံ ပိယသာ
ပိယဒသိနေ လာဇိနေ ဓံမစလနေနာ ဘေလိ
ဃောသေ အဟော ဓံမဃောသေ ဝိမနဒသနာ။

၁၀။ ။ဟထိနိ အဂိကံဓါနိ အံနာနိ စ ဒိဗျာနိ
လုပါနိ ဒသယိတု ဇနသ။ အာဒိသေ ဗဟုဟိ
ဝသသတေဟိ နှာ ဟုတပုလုဝေ တာဒိသေ
အဇာ ဝဍိတေ ဒေဝါနံ ပိယသာ ပိယဒသိနေ
လာဇိနေ ဓံမနုသထိယေ အနာလံဘော ပါနာနံ
အဝိဟိသာ ဘုတာနံ နာတိသု။

၁၁။ ။သံပဋိပတိ ဗံဘနသမနာနံ သံပဋိပတိ မာတာ
ပိတိသု သုသုသာ။ ဧသေ စ အံနေ စ ဗဟု-
ဝိဓေ ဓံမစလနေ ဝဍိတေ။ ဝဍိယိသတိ စေဝါ

## ၄။ စတုတ္ထကျောက်ဆောင်စာ
(မြန်မာ)

၉၊ ၁၀။ ။လွန်ခဲ့သော နှစ်ရာပေါင်း များစွာ ကာလ တို့၌သူ့အသက်ကိုသတ်ခြင်း၊ သတ္တဝါတို့အားနှိပ်စက် ညှဉ်း ဆဲ ခြင်း၊ အဆွေ အ မျိုး တို့ အား မရို သေ မလေးစားခြင်း၊ ရဟန်း ပုဏ္ဏား တို့အား မဆိုးကပ် မကိုးကွယ်ခြင်း တို့သည်၊ တိုးတက်လျက် လာခဲ့၏။ သို့ရာတွင်၊ ယခုသော် နတ် တို့ ချစ် မြတ် နိုး သော ပိယဒဿီ မင်းကြီး၏ တရားကျင့်သုံး ဆောက်တည် ခြင်းကြောင့် တိုက် စည် သံ အ စား တ ရား သံ ကို ကြားရ၍၊ နတ်ဗိမာန်ပုံများ ဆင်များ မီးစိုင် မီးရှူး များနှင့် အခြားနတ်တို့၏ အဆင်း သဏ္ဌာန် များကို လူတို့မြင်ကြရလေပြီ။

၁၀၊၁၁။နတ်တို့ ချစ်မြတ်နိုးသော ပိယဒဿီမင်းကြီး၏ တရားအဆုန်း အမကြောင့် သူ့အသက်ကို မသတ် ခြင်း၊ သတ္တဝါတို့အား မနှိပ် စက် မ ညှဉ်း ဆဲ ခြင်း၊ အဆွေ အမျိုး တို့အား ရိုသေလေးစားခြင်း၊ ရဟန်း ပုဏ္ဏားတို့အား ဆည်းကပ်ကိုးကွယ်ခြင်း၊ အမိအဖတို့ အားကျိုးနွံခြင်းတို့သည်၊ ရှေးအနှစ်ရာပေါင်း များစွာ တို့၌ မကြုံဘူးအောင် ယခုတိုးတက် ပြန့်ပွါး လျက် ရှိလေပြီ။

၁၁၊၁၂။ဤနည်းအခြားနည်းတို့နှင့်တကွများစွာသော

ဒေဝါနံ ပိယေ ပိယဒသိလာဇာ ဓမံ ဓံမစလနံ။
ပုတ စ ကံ နတာလေ စ ပနာတိကျာ စ
ဒေဝါနံ ပိယသာ ပိယဒသိနေ လာဇိနေ။

၁၂။ ပဝဎယိသံတိ စေဝ ဓံမစလနံ ဓမံ အာဝကပံ ဓံမသိ သီလသိ စ စိဋ္ဌိတု ဓံမံ အနုသာသိ—သံတိ။ ဧသေဟိ သေဋ္ဌေ ကံမံ အံ ဓံမာနုသာသနံ။ ဓံမစလနေပိ စ နော ဟောတိ အသီလသာ။ သေ ဓမသာ အထသာ ဝဍိ အဟိနိ စ သာဓု။ တောယေ အထာယေ ဣယံ လိခိတေ။

၁၃။ ဓမသာ အထသာ ဝဍိ ယုဇံတု ဟိနိ စ မာ အလောစယိသု။ ဒုဝါဒသဝသာဘိသိတေနာ ဒေဝါနံ ပိယေနာ ပိယဒသိနာ လာဇိနာ လေခိတာ။

နည်းတို့ဖြင့် တရား ကျင့်သုံး ဆောက်တည် ခြင်းကို တိုးတက်ပြန့်ပွါးစေခဲ့လေပြီ။ နတ်တို့ ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီးသည်၊ ဤတရား ကျင့် သုံး ဆောက်တည်ခြင်းကို ဆက်လက်၍လည်း တိုးတက် ပြန့် ပွါး စေလိမ့်ဦးအံ့။ နတ်တို့ ချစ်မြတ်နိုး သော ပိယဒသီမင်းကြီး၏ သားတော် မြေးတော် မြစ်တော် တို့သည်လည်း ထိုနည်းတူစွာ ကပ္ပါပတ်လုံး၊ တရား ကျင့်သုံးဆောက်တည်ခြင်းကို ဆက်လက်၍ တိုးတက် ပြန့်ပွါးစေလိမ့်ဦးအံ့။ မိမိတို့ကိုတိုင် တရား၌ ၎င်း အကျင့်သီလ၌၎င်း မြဲစွာတည်လျက် တရားအဆုန်း အမကိုပေးကြကုန်လတံ့။ ဤသို့ တရားအဆုန်းအမ ပေးခြင်းသည် အမွန်မြတ်ဆုံးသော အမှုစင်စစ်ဖြစ်၏။ အကျင့်သီလမဲ့သူတို့အဖို့၊ တရား ကျင့်သုံး ဆောက် တည်ခြင်း မဖြစ်နိုင်။ ထို ကြောင့် တရားကျင့် သုံး ဆောက်တည်ခြင်း၏ မဆုတ်မယုတ် ပွါးတိုးခြင်းသည် ကောင်း၏။

၁၃။ ဤအလို့ငှါ ဤတရားကဗျည်းကို ရေးထိုးစေ၏၊ တရားကျင့်သုံးဆောက်တည်ခြင်း၏ ဆုတ်ယုတ်ခြင်းကို မဖြစ်စေပဲ၊ ပွါးတိုးခြင်းအလို့ငှါအားထုတ်ကြကုန်လော့။

နတ်တို့ချစ်မြတ်နိုးသော ပိယဒသီမင်းကြီးသည်၊ အဘိသိက် ခံ သည်၏ တစ်ဆဲ့နှစ် နှစ် မြောက် ၌ (ဤတရားကဗျည်းကို) ရေးထိုးစေ၏။

## ၅။ ပဉ္စမကျောက်ဆောင်စာ

(ပြာကြိုင်)

၁၃။ ။ဒေဝါနံ ပိယေ ပိယဒသိ လာဇာ။ အဟာ၊ ကယာနေ ဒုကလေ။ ဧ အာဒိ ကလေ ကယာနသာ သေ ဒုကလံ ကလေတိ၊ သေ မမယာ ဗဟု ကယာနေ ကဋေ။ တာ မမ ပုတာ စ နတာလေ စ။

၁၄။ ။ပလံ စ တေ ဟိ ယေ အပတိယေ မေ အာဝကပံ တထာ အနုဝဋိသံတိ သေ သုကဋံ ကဆံတိ။ ဧ စု ဟေတာ ဒေသံ ပိ ဟာပယိသတိ သေ ဒုကဋံ ကဆတိ၊ ပါပေ ဟိ နာမ သုပဒါလယေ။ သေ အတိကံတံ အံတလံ နော ဟုတပုလုဝ ဓံမမဟာမာတာ နာမ။ တေဒသဝသာဘိသိတေနာ မမယာ ဓံမမဟာမာတာ ကဋာ။ တေ သဝပါသံဒေသု ဝိယာပဋာ။

၁၅။ ။ဓံမာဓိထာနာယေ စ ဓံမဝဎိယာ ဟိဒသုခါယေ စ၊ ဓံမယုတသာ ယောန-

## ၅။ ပဌမကျောက်ဆောင်စာ။
(မြန်မာ)

၁၃၊၁၄။နတ်တို့ ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီး မိန့်တော်မူသည်မှာ—

ကောင်းမှုကို ပြုရန် ခဲ ယဉ်း၏၊ ကောင်းမှုကို ပြုသောသူသည် ခဲယဉ်းသောအမှုကို ပြုသည်မည်၏။ ငါသည် များစွာသော ကောင်းမှုတို့ကို ပြုခဲ့လေပြီ။ ငါ၏ သားမြေး တို့နှင့် ၎င်းတို့၏ အဆက် အနွယ် တို့သည်၊ ကပ္ပါ တည်သ၍ ကာလပတ်လုံး၊ ငါ၏ နည်းတူ လိုက်နာ ဆောင်ရွက်ကြသော်၊ ကောင်းမှုကို ပြုသည် မည်လတံ့။ ဤအမိန့်၏ တစိတ်ဘဒေသမျှ ကိုပင် ဖေါက်ဖျက် ကျူးလွန်သော သူ သည်ကား၊ မကောင်းမှုကို ပြုသည်မည်လတံ့။ မကောင်း ဆိုး ယုတ် သော အမှုတို့ကိုကား ပြုလုပ် ဆောင်ရွက် လွယ်၏။

၁၄၊၁၅။ရှေး လွန်ပြီးသော ကာလတို့၌၊ ဓမ္မမဟာ မာတာခေါ် တရားအမတ်ကြီးများဟူ၍ မရှိခဲ့ဘူးချေ။ ငါ အဘိသိက်ခံသည်မှ တစ်ဆဲ့ သုံး နှစ် မြောက်၌ ဓမ္မ မဟာမာတာခေါ်တရား အမတ်ကြီးများကို ခန့်

ကံဗေါဇ- ဂန္ဓာလာနံ ဧဝါပိ အံနေ အပလံ-
တာ။ဘဋမယေသု ဗံဘနိဘေသု အနထေသု
ဝုဓေသု ဟိဒသုခါယေ ဓံမယုတာယေ
အပလိဗောဓါယေ ဝိယာဝဋာ တေ။ ဗံဓန
ဝဓသာ ပဋိဝိဓါနာယေ အပလိဗောဓါယေ
မောခါယေ စ ဧယံ အနုဗာဓံ ပဇာဝ
တိ ဝါ။

၁၆။ ။ကဋာဘိကာလေ တိ ဝါ မဟာလကေ တိ
ဝါ ဝိယာပဋာ တေ။ ဟိဒ ဗါဟိလေသု စ
နဂလေသု သဝေသု ဩလောဓနေသု ဘာ-
တိနံ စ နေ ဘဂိနီနာ ဧဝါပိ အံနေ နာတိ-
ကျေ သဝတာ ဝိယာပဋာ။ ဧ ဣယံ ဓံမနိသိ=
တေ တိ ဝါ ဒါနသံယုတေ တိ ဝါ သဝတာ
ဝိဇိတသိ မမာ ဓံမယုတသိ ဝိယာပဋာ တေ
ဓံမမဟာမာတာ။ ဧတာယေ အဋ္ဌာယေ။

၁၇။ ။ဣယံ ဓံမလိပိ လေခိတာ။ စိလထိတိကျာ
ဟောတု တထာ စ မေ ပဇာ အနုဝတံတု။

ထားခဲ့လေပြီ။ ထို အမတ်ကြီး များသည် တရား တည်တံ့ခိုင်မြဲစေရန်ငှင်း၊ တရားကို တိုးတက် ပြန့်ပွါး စေရန်ငှင်း၊ တရား ကျင့်သုံး ဆောက်တည်သူတို့နှင့် တကွ၊ယောန၊ ကမ္ဗောဇ၊ ဂန္ဓာရနှင့် အခြားတိုင်းစွန် ပြည်ပသားတို့၏ စီးပွါးချမ်းသာအလို့ငှါငှင်း၊ အလုံး စုံသော အယူဝါဒ ဂိုဏ်းတို့၌ပင် ဆောင်ရွက်လျက် ရှိကြလေပြီ။

၁၅၊၁၆။အစေအပါးနှင့်အရှင်သခင်၊ရဟန်းပုဏ္ဏားနှင့် အလုပ်အကျွေး၊ ခိုကိုးရာမဲ့သူ၊ သက်ရွယ်ကြီးရင့် အိုမင်းသူတို့၏ စီးပွါးချမ်းသာ အလို့ငှါနှင့်၊ တရား ကျင့်သုံး ဆောက်တည်နေသူတို့၏၊ နှောင့်ရှက် ကင်းမဲ့ခြင်း အလို့ငှါလည်း၊ (ထိုအမတ်ကြီးများ) ဆောင်ရွက်လျက်ရှိကြကုန်၏။

သားသမီးများသူ၊ကြီးလေးသော အလုပ်တာဝန် များကိုလုပ်ကိုင် ဆောင်ရွက် နေရသူ၊ အိုမင်းမစွမ်း ရှိသူတို့အား၊ နှောင်ဖွဲ့ကွပ်မျက်ခြင်းမှ တားဆီး၍၊ အနှောင့်အရှက်မရှိ၊ လွတ်ငြိမ်း ချမ်းသာခွင့် ရရန် လည်း၊ ထိုအမတ်ကြီးများ ဆောင်ရွက်လျက် ရှိကြ ကုန်၏။

ဤ (ပါဋလိပုတ်ပြည်) နှင့် ပြင်ပမြို့တို့ဝယ်၊ ငါ၏ ညီတော် နှမတော်နှင့် အခြား ဆွေတော်မျိုးတော် တို့၏၊ နန်းတော်အိမ်တော် အပေါင်းတို့နှင့် ခပ်သိမ်း

## ၆။ ဆဋ္ဌမ ကျောက်ဆောင်စာ။

(ဖြာကြိုင်ရှ)

၁၇။ ။ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ဟေဝံ အာဟာ။ အတိကံတံ အံတလံ နော ဟုတ-ပုလုဝေ သဝံ ကာလံ အဋ္ဌကံမေ ဝါ ပဋိ-ဝေဒနာ ဝါ။ သေ မမယာ ဟေဝံ ကဋ္ဌေ။ သဝံ ကာလံ အဒမနိသာမေ။

၁၈။ ။ဩလောဓနေသိ ဂ့ဘာဂါလသိ ဝစသိ ဝိနိတသိ ဥယာန့သိ သဝတာ ပဋိဝေဒကာ အဋ္ဌံ

သော အရပ်တို့၌ပင် ထို အမတ်ကြီးများ ဆောင်ရွက် လျက်ရှိပေ၏။

ဤသို့လျှင် ငါ၏ နိုင်ငံတော်တဝှမ်းလုံးတွင် တရား တည်တန့်၍၊ အလှူစွဲ၌မြဲရန်၊ ထိုတရားအမတ်ကြီးတို့ သည် တရားကျင့်သုံး ဆောက်တည်ကာ ဆောင်ရွက် လျက်ရှိကြကုန်၏။

၁၇။ ဤအလို့ငှာ ဤတရားကဗျည်းကို ရေးသားစေ၏ အစွန့်ရှည်စွာ တည်မြဲပါစေသတည်း။ ငါ၏ တိုင်းသူ ပြည်သားတို့သည်လည်း ထို့အတိုင်း လိုက်နာ ပြုကျင့် နိုင်ကြပါစေသတည်း။

## ၆ ။ဆဋ္ဌမကျောက်ဆောင်စာ။

(မြန်မာ)

၁၇၊ ၁၈။ နတ်တို့ ချစ်မြတ်နိုးသောပိယဒဿီ မင်းကြီး သည် ဤသို့ မိန့်တော်မူ၏။

လွန်လေပြီးကာလ၌ အခါခပ်သိမ်း အမှုကိစ္စတို့ကို ဆောင်ရွက်ခြင်း၊ လျှောက်ထား အစီရင် ခံခြင်း ဟူ၍ မရှိခဲ့ဘူးချေ။ ယခုသော် ငါဘုရင် မင်းမြတ်သည် ဤသို့ စီမံ ထားလေပြီ။

ငါသည် စားတော်ခေါ်နေသည် ဖြစ်စေ၊ အတွင်း ဆောင်၌ရှိသည်ဖြစ်စေ၊ စက်ခန်း ဆောင်၌ ရှိသည်

ဇနသာ ပဋိဝေဒံတုမေ။ သဝတာ ဇနသာ အဌံ ကဆာမိ ဟကံ၊ ယံ ပိ စ ကိဆိ မုခ- တော အာနပယာမိ ဟကံ ဒါပကံ ဝါ သာဝကံ ဝါ ယေ ဝါ ပုနာ မဟာမာတေဟိ။

၁၉။ ။အတိယာယိကေ အာလောပိတံ ဟောတိ တာယေ ဋ္ဌာယေ ဝိဝါဒေ နိဈတိ ဝါ သံတံ ပလိ သာယေ အနံတလိယေနာ ပဋိ (ဝေဒေတ) ဝိယေ မေ သဝတာ သဝံ ကာလံ ဟေဝံ အာနပယိတေ မမယာ။ နထိ ဟိ မေ ဒေါသေ ဝ ဥဋ္ဌာနသာ အဋ္ဌသံတိလနာယေ စ။ ကဋဝိယမုတေ ဟိ မေ သဝလောကဟိတေ။ တသ ပုနာ ဧသေ မုလေ ဥဋ္ဌာနေ။

၂၀။ ။အဋ္ဌသံတိလာနာ စ၊ နထိ ဟိ ကံမတလာ သဝလောကဟိတေနာ။ ယံ စ ကိဆိ ပလက- မာမိ ဟကံ။ ကိတိ ဘုတာနံ အနနိယံ ယေတံ ဟိဒ စ ကာနိ သုခါယာမိ ပလတ စ သွဂံ အာလာဓယိတု။ သေ ဧတာယေ ဋ္ဌာယေ ဣယံ ဓံမလိပိ လေခိတာ။ စိလဋ္ဌိကျာ ဟောတု

ဖြစ်စေ၊ သန့်သက်ရာ၌ ရှိသည် ဖြစ်စေ၊ တိုင်းခန်း လှည့်လည် နေသည်ဖြစ်စေ၊ ဥယာဉ်တော်၌ ရှိသည် ဖြစ်စေ၊ နေရာခပ်သိမ်း တို့၌ပင်၊ အခါခပ်သိမ်း နားခံ တော်တို့သည်၊ တိုင်းသူ ပြည်သား တို့၏ အမှု ကိစ္စ ဟူသမျှကို၊ ငါ့အား တင်လျှောက်စေသတည်း။ ငါသည် တိုင်းသူပြည်သား တို့၏ အမှုကိစ္စဟူသမျှကို၊ နေရာမရွေးဆောင်ရွက်ပါအံ့။

၁၈၊ ၁၉။ ငါသည် အလှူတော်အမတ်အားဖြင့်း၊ သံ တော်ဆင့်အားဖြင့်း၊ တစုံတရာကို နှုတ်အားဖြင့်အမိန့် ပေးသောအခါဖြစ်စေ၊ သို့မဟုတ်၊ အမတ်ကြီး တို့က ထိုအမိန့်များကို အရေးကြီးသဖြင့် တဖန် ဆင့်ဆိုသော အခါ၌ဖြစ်စေ၊ ဝိဝါဒ သော်ဖြင့်း၊ စင်းစားဖွယ် (သံသယ) သော်ဖြင့်း ရှိခဲ့သော်၊ အမတ် အစည်း အဝေးက၊ ငါ့အား လျှင်စွာ သာလျှင်၊ နေရာမရွေး အခါမရွေး လျှောက်တင် စေသတည်း။ ဤသို့ငါအမိန့် ချမှတ်ထားတော်မူလေပြီ၊

၁၉၊ ၂၀။ ထကြွလုံ့လပြုခြင်းနှင့်အမှုကိစ္စတို့အား ထ မြောက်အောင် ဆောင်ရွက်ခြင်း၌၊ ငါ ရောင့်ရဲသည် ဟူ၍မရှိ၊ ခပ်သိမ်းသော လောက၏ အကျိုးကို ဆောင် ရွက်ရန် ငါရည်ရွယ်လျက်ရှိ၏။ ဤသည်တို့ကား ငါ၏ ထကြွ လုံ့လ ပြုခြင်းနှင့်၊ အမှု ကိစ္စ တို့အား

တထာ စ မေ ပုတဒါလေ ပလကမာတု
သဝလောကဟိတာယေ၊

၂၁။ ။ဒုက်လေစ ဣယံ အနတာ အဂေနာ ပလက-
မေနာ။

ထမြောက်အောင် ဆောင်ရွက်ခြင်းတို့၏ အကြောင်း ရင်းတို့ပေတည်း။ ခပ်သိမ်းသောလောက၏ အကျိုးကို ဆောင်ရွက်ခြင်းမှ တပါး၊ ငါ၌အခြား ဆောင်ရွက် ဖွယ်ဟူ၍မရှိ။ အဘယ့်ကြောင့် ဤသို့ ငါ ကြိုးစား အား ထုတ်ပါသနည်းဆိုသော်၊ ငါသည် မိမိအပေါ်၌ တင် ရှိသော သတ္တဝါတို့၏ကြွေးမှ ကင်းလွတ်၍၊ ၎င်းတို့ အား ဤဘဝ၌ ချမ်းသာကို ရစေ၍၊ နောင်ဘဝ၌ လည်း နတ်ပြည်သို့ ရောက်စေရန် ဖြစ်၏။

ဤအကျိုးငှာ ဤတရားကမ္ဗည်းကို ရေးထိုးစေ၏။ အရှည် တည်မြဲပါစေ သတည်း။ ငါ၏ သား မြေး အ ဆက်အနွယ်တို့သည် ခပ်သိမ်းသော လောက၏ အ ကျိုးငှာ အားထုတ်ကြစေ ကုန်သတည်း။

၂၁။ သည်းစွာ အားထုတ်ခြင်းနှင့်ကင်း၍လည်း၊ ဤအမှုကို ဆောင်ရွက်ရန် ခဲယဉ်းချေ၏။

## ၇၊ သတ္တမကျောက်ဆောင်စာ။

(မြာကြိုင်)

၂၀။ ။ဒေဝါနံပိယေ ပိယဒသိ လာဇာ သဝတာ ဣဆတိ သဝပါသံဍ ဝသေယု။ သဝေ ဟိတေ သယံမံ ဘာဝသုဓိ စာ ဣဆံတိ ဇနေ စု ဥစာဝုစာဆံဒေ ဥစာဝုစ-လာဂေ။ တေ သဝံ ဧကဒေသံ ပိ ကဆံတိ။ ဝိပုလေ ပိ စု ဒါနေ အသာ နထိ။

၂၂။ သယမေ ဘာဝသုဓိ ကိဋ္ဋနာတ ဒိဎ်ဘတိတာ စာ နိစေ ဗာဎံ။

## ၇။ သတ္တမကျောက်ဆောင်စာ။

(မြန်မာ)

၂၁၊ ၂၂။ ခပ်သိမ်းသော အရပ် တို့၌၊ ခပ်သိမ်းသော အယူဝါဒကွဲ ဂိုဏ်းသားတို့သည် (သင့်တင့်ညီညွတ်စွာ) နေခြင်းငှာ၊ နတ်တို့ ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီး အလိုရှိတော်မူ၏။

လူတို့သည်အလိုဆန္ဒတို့၌ဖြစ်စေ၊ ကြိုက်နှစ် သက်ခြင်းတို့၌ဖြစ်စေ၊ အနိမ့်အမြင့်အားဖြင့် ကွဲပြားကြစေကာ၊ ကိုနှုတ်နှစ်လုံး စောင့်စည်းခြင်းနှင့် စိတ်သဘောဖြူစင်ခြင်းကို စင်စစ် အလိုရှိကြသည် ချည်းဖြစ်၏။ ထိုတချားတို့အား အကုန်အစင်သော်ငင်း၊ တစိတ်တဒေသမျှသော်ငင်း၊ ကျင့်ဆောင် ကုန်ရာသည်။

ခန်းနားသော အလှူကြီးကို မပေးနိုင် စေကာ၊ ကိုနှုတ်နှလုံးစောင့်စည်းခြင်း၊ စိတ်သဘော ဖြူစင်ခြင်း၊ ကျေးဇူးသိတတ်ခြင်း၊ စွဲမြဲစွာ ကြည်ညိုခြင်းတို့၌၊ မပြတ် ထက်သန် ကုန်ရာသည်။

## ဂ ။ အဋ္ဌမကျောက်ဆောင်စာ

(ပြာကြိုဋ္ဌ)

၂၂။ ။အတိကံတံ အံတလံ ဒေဝါနံပိယာ ဝိဟာလ-
ယာတံ နာမ နိခမိသု။ ဟိဒါ မိဂဝိယာ
အံနာနိ စ ဟေဒိသာနိ အဘိလာမာနိ
ဟုသု။ ဒေဝါနံပိယေ ပိယဒသိ လာဇာ
ဒသဝသာဘိသိတေ သံတံ နိခမထာ
သံဗောဓိ။

၂၃။ ။တေနတာ ဓံမယာတာ။ ဟေတာ ဣယံ
ဟောတိ သမနဗံဘနာနံ ဒသနေ စ ဒါနေ စ
ဝုဓါနံ ဒသနေ စ ဟိလံနပဋိဝိဓါနေ စာ
ဇာနပဒသာ ဇနသာ ဒသနေ ဓံမာနုသထိ
စာ ဓံမပလိပုဆာ စ၊ တတောပယာ ဧသေ
ဘုယေ လာတိ ဟောတိ ဒေဝါနံပိယသာ
ပိယဒသိသာ လာဇိနေ ဘာဂေ အံနေ။

## ၈။ အင္ဒမ ကျောက်ဆောင်စာ။

(မြန်မာ)

၂၂၊ ၂၃။ ရှေးလွန်လေပြီးကာလတို့၌၊ နတ်တို့ချစ်မြတ်နိုးသူမခေါ် (မင်း) တို့သည်၊ အပျော်အပါး (ပွဲတော ကစား) ထွက်ခြင်းဟုခေါ်သော ခရီးထွက်ခြင်းကို ပြုလေ့ရှိကြ၏။ ဤသို့ခရီးထွက်ရာ၌ အမဲလိုက်ခြင်းနှင့် အခြားနည်းတူ အပျော်အပါးတို့ရှိကုန်၏။

နတ်တို့ ချစ်မြတ်နိုးသော ပိယဒသီမင်းကြီးသည် အဘိသိတ်ခံသည်၏ ဆယ်နှစ်မြောက်၌ မဟာ ဗောဓိသို့ ခရီးထွက်တော်မူ၏။ ထိုသို့ထွက်ခြင်းကား၊ တရား ခရီးထွက်ခြင်းဖြစ်၏။ ဤသို့ထွက်ရာ၌ ရဟန်း ပုဏ္ဏား တို့အား ဖူးမြော်ခြင်း၊ လှူဒါန်းခြင်း၊ သက်ကြီး တို့အား တွေ့မြင်ခြင်း၊ ရွှေအသပြာတို့ကို ခွဲဝေ ပေးကမ်းခြင်း၊ ဇနပုဒ်တို့၌ နေကုန်သော ဇနပုဒ်သား တို့အား တွေ့မြင်ခြင်း၊ တရားတော်၌ ဆုမ္မသြဝါဒပေးခြင်း၊ တရားတော်နှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းခြင်း တို့ကို ပြုပို၏။ ဤသည်တို့သည် အမဲလိုက်ခြင်းစသော အပျော်အပါးတို့ထက် မင်းကြီးအား ပို၍နှစ်သက်စေ၏။ ဤကား နတ်တို့ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီး၏ ထူးခြားသော ကံ ပေတည်း။

## ၉။ နဝမ ကျောက်ဆောင်စာ။

(ပြာကြိုဠ်)

၂၄။ ။ဒေဝါနံပိယေ ပိယဒသိ လာဇာ အာဟာ။
ဇနေ ဥစာဝုစံ မံဂလံ ကလေတိ။ အာဗါ
ဓသိ အဝါဟသိ ဝိဝါဟသိ ပဇောပဒါယေ
ပဝါသသိ ဧတာယေ အံနာယေ စာ ဧဒိ—
သာယေ ဇနေ ဗဟု မံဂလံ ကလေတိ။ ဟေတ
စု အဗကဇနိယော ဗဟု စာ ဗဟုဝိဓံ စာ
ခုဒါ စာ နိလထိယာ စာ မံဂလံ ကလံတိ။

၂၅။ ။သေ ကဋဝိယေ စေဝ ခေါ မံဂလေ။ အပဖလေ
ဝု ခေါ ဧသေ။ ဣယံ စု ခေါ မဟာဖလေ ယေ
ဓံမမဂလေ။ ဟေတာ ဣယံ ဒါသဘဋကသိ
သမျာပဋိပတိ ဂုလုနာ အပစိတိ ပါနာနံ
သယမေ သမနဗံဘနာနံ ဒါနေ။ ဧသေ အံနေ
စာ ဟေဒိသေ တံ ဓံမမဂလေ နာမ။ သေ
ဝတ ဝိယေ ပိတိနာ ပိ ပုတေန ပိ ဘာတိနာ
ပိ သုဝါမိကေနာ ပိ မိတသံထုတေနာ (ပိ)
အာဝ ပဋိဝေသိယေနာ ပိ။

၂၆။ ။ဣယံ သာဓု ဣယံ ကဋဝိယေ မဂလေ အာဝ
တသာ အထသာ နိဝုတိယာ။ ဣမံ ကထမိတိ။

## ၉။ နဝမကျောက်စာ
(မြန်မာ)

၂၄။ နတ်တို့ချစ်မြတ်နိုးသော ပိယဒသိ မင်းကြီး မိန့်တော်မူသည်မှာ—

လူတို့သည် မင်္ဂလာ ကြီးငယ် တို့ကို ပြုလေ့ ရှိကြကုန်၏၊ ဖျားနာသော အခါ၊ သားသမီး များကို ထိမ်းမြားသောအခါ၊ သားသမီး ဖွါးမြင်သော အခါ၊ ခရီးထွက်ခါနီးအခါ၊ ဤအခါတို့နှင့်၊ အခြားအလား တူ အခါတို့၌၊ လူတို့သည်များစွာသော မင်္ဂလာတို့ကို ပြုလေ့ရှိကြကုန်၏၊ ထိုမှတပါး၊ သား သမီး ရှိသော မိန်းမတို့သည်လည်း၊ အထူးထူးအပြားပြား၊ မြောက်မြားလှ၍၊ သေးနုပ်အကျိုးမဲ့သော မင်္ဂလာတို့ကိုပြုလေ့ ရှိကြကုန်သေး၏။

၂၅။ ဤမင်္ဂလာများကို စင်စစ် ပြုအပ်ပါပေ၏။ သို့ရာတွင် ၎င်းတို့သည် အကျိုးမများလှချေ။ တရား မင်္ဂလာသည်သာလျှင် အကယ် အကျိုး များချေ၏။ တရားမင်္ဂလာဆိုသည်မှာ၊ ကျေးကျွန်အစေခံတို့အား ကောင်းစွာ ပြုစုသိမ်းမြန်းခြင်း၊ ဆရာအရှင်တို့အား ရိုသေ မြတ်နိုးခြင်း၊ သတ္တဝါ တို့အား ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ရဟန်း ပုဏ္ဏားတို့အား ပေးလှူ ခြင်းတို့ပေတည်း။ ဤဆိုခဲ့ပြီးသည် တို့နှင့်၊ အခြား အလားတူ (ပြုမူဆောင်ရွက်ခြင်း) တို့သည်၊တရား

ဖေဟိ ဠုဝလေ မဂလေ သံသယိကျေ သေ
ဟောတိ သိယာ ဝ တံ အဌံ နိဝဋေယာ
သိယာ ပုနာ နော ဟိဒလောကိကေ စေဝ
သေ။ ဣယံ ပုနာ ဓံမမဂလေ အကာလိကျေ။
ဟံစေ ပိ တံ အဌံ နော နိ(ဝ)ဋေတိ ဟိဒ
အဌံ ပလတ အနံတံ ပုံနံ ပသဝတိ။ ဟံစေ
ပုနာ တံ အဌံ နိဝဋေတိ ဟိဒ တတော
ဥဘယေသံ။

၂၇။ ။လဓေ ဟောတိ ဟိဒ စ သေ အဌေ ပလတာ
စ အနံတံ ပုံနံ ပသဝတိ တေနာ ဓံမ-
မဂလေနာ။

မင်္ဂလာမည်ကုန်၏။ ထိုမင်္ဂလာအကြောင်းကို၊ အဖသည်ရင်း၊ သားသည်ရင်း၊ ညီအစ်ကို တို့သည်ရင်း၊ အသျှင်သည်ရင်း၊ မိတ်ဆွေအသိအကျွမ်း သည်ရင်း၊ အိမ်နီးချင်းသည်ရင်း၊ ဤသို့ ပြောဟောသင့်၏။

၂၆၊ ၂၇။ ဤတရား မင်္ဂလာသည် ကောင်း၏။ ဤတရားမင်္ဂလာကို လိုအပ်သော အကျိုးပြီးမြောက်စိမ့်သောငှာ ဆောင်ရွက်အပ်၏။

မည်သည့်အကျိုးကို အဘယ်သို့ ပြီးမြောက်စေပါသနည်း ဆိုသော်၊ ယခု ဆောင်ရွက်လျက် ရှိသော (လောကီ) မင်္ဂလာတို့သည် လိုရာ အကျိုးကို ပြီးမြောက်စေမည်၊ မပြီး မြောက်စေ မည်ကို သံသယဖြစ်ဖွယ်ရှိ၏။ အကျိုး ပြီးမြောက် စေကာမူ၊ ဤလောက အဖို့သာလျှင် ဖြစ်၏။ ဤတရား မင်္ဂလာသည်ကား အခါမရွေး အကျိုးပေး၏။ ဤလောက၌ အကျိုး မပေးစေကာမူ၊ တမန္တန်လောက၌ အတိုင်းမသိသော ကုသိုလ် အကျိုးကိုပေး၏။ ဤလောက၌လည်း အကျိုး ပြီးမြောက်သော်၊ ဤ လောက၏ အကျိုး၊ တမန္တန် လောက၏ အတိုင်း မသိသော ကုသိုလ် အကျိုးဟု ဆိုအပ်သော၊ အကျိုး နှစ်ပါး စလုံးကိုပင် ဤတရားမင်္ဂလာဖြင့် ရရှိ ခံစားရချေ၏။

## ၁၀။ ဒသမ ကျောက်ဆောင်စာ။

(ပြာကြိုဋ်)

၂၇။ ။ဒေဝါနံ ပိယေ ပိယဒသိ လာဇာ ယၑော ဝါ ကီတိ ဝါ နော မဟယာဝါ (ဟာ) မနတိ အနတာ။ ယံ ပိ ယသော ဝါ ကီတိ ဝါ ဣဆ= တိ တဒတွာယေ အယတိယေ စာ ဇနေ ဓံမ သုသုၑါ သုသုၑါတု မေ တိ ဓံမဝတံ ဝါ အနုဝိဓိယတု တိ။ ဧတကာယေ ဒေဝါနံပိယေ ပိယဒသိ။

၂၈။ ။လာဇာ ယၑော ဝါ ကီတိ ဝါ ဣဆတိ။ အံ စာ ကိဆိ ပလကမတိ ဒေဝါနံပိယေ ပိယဒသိ လာဇာ တ ၑဝံ ပါလတိကျာယေ ဝါ။ ကီတိ။ သကလေ အပပလိၑဝေ ၑိယာတိတိ။ ဧၑေ စု ပလိၑဝေ ဧ အပုံနေ။ ဒုကလေ စု ခေါ ဧၑေ ခုဒကေန ဝါ ဝဂေန ဥၑုဋေန ဝါ အနတ အဂေနာ ပလကမေနာ။ ၑဝံ ပလိတိဒိတု။ ဟေတ စု ခေါ။

၂၉။ ။ဥၑဋေန ဝါ ဒုကလေ။

## ၁၀။ ဒသမ ကျောက်ဆောင်စာ။

(မြန်မာ)

၂၇၊ ၂၈။ဖုန်းတန်ခိုး၊အကျော်အစောတို့သည်တမန္တန် လောက၌ အကျိုး ကြီးသည်ဟု၊ နတ်တို့ ချစ်မြတ်နိုး သော ပိယဒသီမင်းကြီး ထင်မှတ်တော် မမူ။

အလိုရှိ အပ်သော ဖုန်းတန်ခိုး၊ အကျော်အစော တို့သည်ကား၊ ယခုမျက်မှောက်နှင့် နောင်အနာဂတ် ကာလတို့၌၊ လူတို့သည် ကြားနာ အပ်သော တရားကို ကြားနာ၍၊ ကျင့်ဆောင်အပ်သော တရားကို လိုက်နာ ကျင့်ဆောင် အံ့သော ငါသာလျှင် ဖြစ်၏။ ဤအလို့ငှါ သာလျှင် နတ်တို့ ချစ်မြတ် နိုးသော ပိယဒသီ မင်းကြီး သည်၊ ဖုန်းတန်ခိုး အကျော်အစောကို အလိုရှိ၏။

၂၈၊ ၂၉။နတ်တို့ချစ်မြတ်နိုးသောပိယဒသီမင်းကြီး အားထုတ်တော်မူသ၍ သည်ကား၊ တမန္တန် လောက အဖို့ သာ လျှင် က တည်း။ အ ဘယ် အ လို့ ငှါ နည်း၊ ခပ်သိမ်းသောသူတို့အား၊ ဆုတ်ယုတ် ပျက်စီး ခြင်းမှ ကင်း လွတ် စေ ရန် ဖြစ် ၏။ အ ကု သိုလ် တို့ သည် ပင် ဆုတ်ယုတ် ပျက်စီးခြင်း တို့ပေတည်း။ ဤသို့ဆုတ်ယုတ်

## ၁၁။ ကောဒသမ ကျောက်ဆောင်စာ၊

(မြန်မာပြန်)

၂၉။ ။ဒေဝါနံပိယေ ပိယဒသိ လာဇာ ဟေဝံ အာ-
ဟာ။ နထိ ဟေဒိသေ ဒါနေ အာဒိသံ ဓံမဒါနေ
ဓံမသံဝိဘာဂေ ဓံမသံဗဓေ။ တတ ဧသေ
ဒါသဘတကမိ သံယာပဋိပတိ မာတာ ပိတိသု
သုသုသါ မိတသံထုတ - ဉာတိကျာနံ သမန
ဗံဘနာနံ ဒါနေ။

၃၀။ ။ပါနာနံ အနာလံဘော။ ဧသ ဝတဝိယေ ပိတိနာ
ပိ ပုတေန ပိ ဘာတိနာ ပိ သုဝါမိကျေန
ပိ မိတသံသုတာနာ ဉာတိကျေနာပိ အဝါ ပဋိ-
ဝေသိယေနာပိ။ ဣယံ သာဓု ဣယံကဋဝိယေ။
သေ တထာ ကလံတ ဟိဒလောကိကျေ စ
ကံ အာလဓေ ဟောတိ ပလတ စာ အနံတ
ပုံနာ ပသဝတိ တေနာ ဓံမဒါနေန။

ပျက်စီးခြင်းမှကင်းလွတ်ခြင်းငှါ၊ ဆောင်ရွက်ရန်ကား၊ ငယ်သူတို့အဖို့သော်၎င်း၊ မြင့်မြတ်သူတို့အဖို့သော်၎င်း၊ မလွယ်လှပေ။ အကြွင်းမဲ့ စွန့်လွှတ်၍၊ အစွမ်းကုန် အားထုတ်ခြင်းနှင့် ကင်း၍မဖြစ်။ မြင့်မြတ်သူတို့အဖို့ ပင် ခဲယဉ်းချေ၏တကား။

## ၁၁။ ကေဒသမကျောက်ဆောင်စာ။

(မြန်မာ)

၂၉၊ ၃၀။ နတ်တို့ ချစ်မြတ် နိုးသော ပိယဒသီ မင်းကြီး ဤသို့မိန့်တော်မူ၏။

ဓမ္မ ဒါန ဟူသော တရားကိုလှူခြင်း၊ တရားကို ဝေငှခြင်း၊ တရားနှင့် ဆက်သွယ်ပေးခြင်းတို့နှင့်တူသော အလှူသည်မရှိ။ ကျေးကျွန် အစေခံတို့အားကောင်းစွာ ပြုစု သိမ်းမြန်းခြင်း၊ အမိအဖတို့အား ရိုသေ ကျိုးနွံ ခြင်း၊ မိတ်ဆွေ အသိအကျွမ်း ဆွေမျိုးတို့နှင့် ရဟန်း ပုဏ္ဏားတို့အား ပေးကမ်း လှူဒါန်းခြင်း၊ သတ္တဝါတို့ အား မနှိပ်စက် မသတ်ဖြတ်ခြင်းတို့သည်လည်း၊ ဤသို့ သောတရားအလှူပင်ဖြစ်၏။

## ၁၂။ ဒွါဒသမကျောက်ဆောင်စာ။

(ပြာကြိုဋ်)

၃၀။ ။ဒေဝါနံ ပိယေ ပိယဒသိ။

၃၁။ ။လာဇာ သဝပါသံဍာနိ ပဝဇိတာနိ ဂဟထာနိ
ဝါ ပူဇေတိ ဒါနေန ဝိဝိဓေန စ ပူဇာယေ။ နော
စု တထာ ဒါနေ ဝါ ပူဇာ ဝါ ဒေဝါနံပိယေ
မနံတိ အထာ ကိတိ။ သာလာဝဍိ သိယာတိ သဝ-
ပါသံဍာနံ။ သာလာဝဍိ နာ(မ) ဗဟုဝိဓါ။ တသ စု
ဣယံ မုလေ အ ဝစဂုတိ။ ကိတိ တထာ
အတပါသံဍေ ပူဇာ ဝါ ပလ ပါသံဍဂလဟာ ဝ
နော သိယာ။

၃၂။ ။အပကလနသိ လဟုကာ ဝါ သိယာ။ တသိ တသိ
ပကလနသိ ပူဇေတဝိယ စု ပလပါသံဍာ
တေန တေန အကာလန။ ဟေဝံ ကလတ
အတပါသံဍာ ဗာဎံ ဝဍိယတိ ပလပါသံဍ ပိ
ဝါ ဥပကလေတိ။ တဒါ အနထ ကလတ အတ
ပါသံဍ စ ဆနတိ ပလပါသံဍ ပိ ဝါ အပက-
လေတိ။ ယေ ဟိ ကေဆ အတပါသံဍ ပုနတိ။

၃၀။ အဖသည့်ဂုဏ်း၊ သားသည့်ဂုဏ်း၊ ညီအစ်ကိုသည့်ဂုဏ်း၊ အချင်းသည့်ဂုဏ်း၊ မိတ်ဆွေ အသိအကျွမ်းသည့်ဂုဏ်း၊ အိမ်နီးချင်းသည့်ဂုဏ်း၊ ဤတရားအလှူသည့်ကောင်း၏။ ဤတရားအလှူကို ပြုအပ်၏ဟု၊ ပြောဟောရာ၏။

ဤသို့ပြုသည့်ရှိသော် ဤလောကဌ်ချမ်းသာကိုရ၍၊ တမန္တန်၌လည်း၊ ထိုတရား အလှူဖြင့် အတိုင်း မသိသော ကုသိုလ်ကိုဖြစ်စေသေး၏။

## ၁၂။ ဒွါဒသမ ကျောက်ဆောင်စာ။

(မြန်မာ)

၁၀၊၁၁။ နတ်တို့ချစ်မြတ်နိုးသော ပိယဒသီမင်းကြီးသည်၊ ခပ်သိမ်းသော အယူဝါဒကွဲဂိုဏ်းသား၊ ရသေ့၊ ရဟန်းတို့နှင့် အိမ်ရာထောင်သူတို့အား၊ လှူဖွယ်တို့ဖြင့်ဂုဏ်း၊ ပူဇော်ဖွယ် အမျိုးမျိုးတို့ဖြင့်ဂုဏ်း၊ ချီးမြှင့်ပူဇော်တော်မူ၏။ သို့ရာတွင်ဤသို့လှူဒါန်းပူဇော်ခြင်းတို့သည် တရား၏ အနှစ်သာရ တိုးပွါးခြင်းလောက်။ ခပ်သိမ်းသောဝါဒိဂိုဏ်းသားတို့အဖို့ အကျိုးမများဟု၊ နတ်တို့ချစ်မြတ်နိုးသော မင်းကြီးယူဆတော်မူ၏။

၃၃။ ။ပလ ပါဓဍ ဝါ ဂလဟတိ စဝေ အတပါစံဍ-
ဘတိယာ ဝါ။ ကိံတိ။ အတပါစံဍ ဒိပယေမ။
ေစ စ ပုနာ တထာ ကလံတံ ဗါဎတလေ
ဥပဟံတိ အတပါစံဍမိ။ စမဝါယေ ဝ
စါဓု။ ကိံတိ။ အံနမနစါ ဓံမံ စုနေယု စ
စုစု စေယု စ တိ။ ဟေဝံ ဟိ ဒေဝါနံပိယစါ
ဣဆာ။ ကိံတိ။

၃၄။ ။စဝပါစံဍ ဗဟုစုတာ စ ကယာနာဂမာ
စ ဟုဝေယု တိ။ ေစ စ တတ တတ ပစံနာ
တေဟိ ဝတဝိယေ ဒေဝါနာပိယေ နော
တထာ ဒါနံ ဝါ ပုဇာ ဝါ မံနတိ။ အထာ
ကိံတိ။ စါလာဝဎိ ဆိယာ စဝပါစံဍာနံ တိ။
ဗဟုကာ စ တေယာဋာယေ ဝိယာပဋ
ဓံမမဟာမာတာ ဣထိဓိယခ--မဟာမာတာ
ဝစ— ဘုမိကျာ အနေ ဝါ နိကာယာ။

၃၅။ ။ဣယံ စ ဧတိစါ ဖလေ ယံ အတပါစံ -ဍ—
ဝဎိ စ ဟောတိ ဓံမစ စ ဒိပနာ။

တရား၏ အနှစ်သာရ တိုးပွါးခြင်း ဆိုသည်မှာလည်း၊ အမျိုးမျိုးရှိ၏။ ထိုတွင် နှုတ်လျှာကို စောင့်ထိန်းခြင်းသည် အရင်းခံဖြစ်၏၊ အဘယ်သို့ နှုတ်လျှာကို စောင့်ထိန်းရမည်နည်းဆိုသော်၊ မိမိ၏ဂိုဏ်းကို ချီးကျူး၍၊ တပါးဂိုဏ်း တို့အား ကဲ့ရဲ့ခြင်း၊ ချုပ်ချယ်ခြင်း၊ ရှုတ်ချခြင်းတို့ကို မပြုရာ။

အခါအခါနှင့်လျော်စွာ၊ တပါးဂိုဏ်းသားတို့အားလည်း၊ လျောက်ပတ်စွာ ပူဇော်အပ်၏။ ဤသို့ပြုသည်ရှိသော် မိမိ၏ဂိုဏ်းကို အလွန်ချီးမြှင့်၍၊ တပါးဂိုဏ်းအားလည်း ကျေးဇူးပြုသည်မည်၏။ ဤသို့ မပြုသည်ရှိသော် မိမိ၏ ဂိုဏ်းကိုဖျက်ဆီး၍၊ တပါး ဂိုဏ်းအားလည်း အကျိုးမဲ့ပြုသည်မည်၏။

အကြင်သူသည် မိမိဂိုဏ်းကို ကြည်ညိုသောအားဖြင့်၊ မိမိဂိုဏ်းလျှင် ထင်ပေါ် စိမ့်သောငှာ၊ တပါးဂိုဏ်းအား ကဲ့ရဲ့ရှုတ်ချ၍၊ မိမိဂိုဏ်းအားချီးကျူး၏။ ထိုသူသည် ဤသို့ ချီးကျူးခြင်းဖြင့်၊ မိမိ ဂိုဏ်းကို လွန်ကဲစွာ ဖျက်ဆီးပါ၏။

တဂိုဏ်းနှင့် တဂိုဏ်း အညီ အညွတ် ရှိခြင်းသည် ကောင်း၏။ သို့မှသာ တဂိုဏ်း၏တရားကို အခြား တဂိုဏ်းက ကြားနာရ၍၊ ရိုသေ လေးစား ပေအံ့။

# အသောကကျောက်စာများ။

၃၄။ ခပ်သိမ်းသောဂိုဏ်းသားတို့သည် အကြား အမြင်နှင့် ပြည့်စုံ၍၊ ကောင်းမြတ်သော ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်သည်ကို၊ နတ်တို့ ချစ်မြတ် နိုးသော မင်းကြီး အလိုရှိတော်မူ၏။

မည်သည့် ဂိုဏ်း၌မဆို၊ ကြည်ညို ကိုးကွယ် သူတို့ သည်၊ ဤသို့ ဟောပြောရာ၏။

လှူဒါန်းပူဇော်ခြင်းတို့သည်၊ခပ်သိမ်းသော ဂိုဏ်း တို့၌၊ တရား၏ အနှစ်သာရ တိုးပွါးခြင်း လောက်၊ အကျိုးမများဟု၊နတ်တို့ ချစ်မြတ် နိုးသော မင်းကြီး ထင်မှတ်တော်မူ၏။

ဤအကျိုးငှါ များစွာသောတရား အမတ်ကြီးများ၊ မိန်းမများအား အထူးစောင့်ရှောက်သည့် အမတ်ကြီး များ၊ ကလေးများအား သွန်သင်သည့် အရာရှိများနှင့် အခြား အမှုထမ်း များသည် ဆောင်ရွက် လျက် ရှိကြ ကုန်၏။

၃၅။ ဤသို့ ဆောင်ရွက်ခြင်း၏ အကျိုးသည်ကား၊ မိမိ၏ဂိုဏ်းလျှင် တိုးတက်ကြီးပွါးခြင်းနှင့်တရားတော် ထွန်းလင်းတောက်ပခြင်းဖြစ်၏။

## ၁၃။ တေရသမ ကျောက်ဆောင်စာ

(ပြာကြိုင်မှု)

၃၇။ ။အဋ္ဌဝၐါဘိသိတၐ ဒေဝါနံပိယၐ ပိယဒသိ-
နေ လာဇိနေ ကလိင်္ဂျာ ဝိဇိတာ။ ဒိယဎ-
မာတေ ပါနၐတၐဟၐေ ယေ တဖါ အပဝု-
ဎေ ၐတၐဟၐမာတေ တတ ဟတေ ဗဟု-
တာဝံတကေ ဝါ မဋ္ဋေ။ တတာ ပဆာ
အဓုနာ လဓေၐု ကလိင်္ဂျေၐု တိဝေ ဓံမ-
ဝါယေ။

၃၈။ ။ဓံမကာမတာ ဓံမာနုၐထိ စာ ဒေဝါနံ-
ပိယၐါ။ ၐေ အထိ အနုၐယေ ဒေဝါနံပိယၐါ
ဝိဇိနိတု ကလိင်္ဂျာနိ။ အဝိဇိတံ ဟိ ဝိဇိနမ-
နေ ဧ တတာ ဝဓ ဝါ မလနေ ဝါ အပဝ
ဟေ ဝါ ဇနၐါ။ ၐေ ဗာဎ ဝေဒနိယမုတေ
ဂုလုမုတေ စာ ဒေဝါနံပိယၐါ။ ဣယံ ပိ စု
တတော ဂုလုမတတလေ ဒေဝါနံပိယၐါ။

၃၉။ ။ယေ တတာ ဝၐတိ ဗံဘနာ ဝ ၐမ(နာ)
ဝါ အနေ ဝါ ပါၐံဍ ဂိဟိထာ ဝါ ယေၐု

## ၁၃။ တေရသမ ကျောက်ဆောင်စာ၊

(မြန်မာ)

နတ်တို့ ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီးသည်၊ အဘိသိက်ခံပြီး ရှစ်နှစ် မြောက်၌၊ ကလိင်္ဂ တိုင်းကို အောင်မြင်တော် မူ၏။ ထိုသို့ အောင်မြင် ရာ၌၊ လူပေါင်း တသိန်းငါးသောင်းတို့ အကျဉ်း ဆောင်ယူ ခံရ၍၊ တသိန်း အသတ် ခံရ ပြီးလျှင်၊ ထို့ထက် အဆပေါင်း များစွာသော သူတို့ သေကြေ ပျက်စီးကြ ကုန်၏။

ကလိင်္ဂ တိုင်းကို သိမ်းယူပြီး သည် ၏ နောက်၌ နတ်တို့ ချစ်မြတ်နိုးသော မင်းကြီးသည်၊ တရားလမ်း ညွှန်ပြခြင်း၌၎င်း၊ တရားကို ခုံမင်နှစ်သက်ခြင်း၌၎င်း၊ တရား သွန်သင် ဆုန်းမခြင်း၌ ၎င်း၊ ထက်သန်လျက် ရှိချေပြီ။

ကလိင်္ဂတိုင်းကို အောင်တော် မူပြီးသော၊ နတ်တို့ ချစ်မြတ်နိုးသောမင်းကြီးသည်။ ယခု နောင်တရတော် မူလေပြီ လူတို့အသတ်ခံရခြင်း၊ သေကြေပျက်စီးခြင်း၊ အကျဉ်း ဆောင်ယူ ခံရ ခြင်းဖြင့် ရအပ်သော အောင်ခြင်းသည် စင်စစ် အောင်ခြင်း မမည်။ ဤသို့ အောင်ရသည် အတွက် နတ်တို့ ချစ်မြတ် နိုးသော

ဝိဟိတာ ဧမ် အဂဘုတ မုမုံါ မာတာပိတိ
မုမုါ ဂလုမုမုံါ မိတမံထုတ မဟာယ-
နာတိကေမု ဒါ၆ဘာတကမိ ံမျာပဋ္ဋိပတိ
ဒိဗဘတိတာ ဘော မံ ဘတာ ဟောတိ ဥပဃာ-
တေ ဝါ ဝဓေ ဝါ အဘိလတာနံ ဝါ ဝိနိခမ-
နေ။

၃၈။ ။ယေမံ ဝါ ဒိ မံဝိဟိဘာနံ မိနေဟော အဝိပဟိ
နေ တောနံ မိတဂံထုတမဟာယနာတိကျာ
ဝိဃမခဲ ပါပုနာတိ။ တတမေပိ တာနမေဝ
ဥပဃာတော ဟောတိ။ ပဋိဘာဂေ စာ ဧမ
ံမဝမနုဂါနံ ဂုလုမတော စာ ဒေဝါနံပိယမံါ။
နတိ စာ ဧမ ဇနပဒေ ယတာ နတိ ဣမေ
နိကာယာ အာနံတာ ယောနေမု။

၃၉။ ။ဗဟ္မနေ စာ မမနေ စာ နထိ စာ ကုဝါပိ
ဇနပဒမိ ယတာ နထိ မနုမါနံ ဧကတလမိ
ပိ ပါ မဒ္မိနော နာမ ပမါဒေ။ ဧမ အာဝတ-
ကေ ဇနေ တဒါ ကလိဂေမု လဓေမု ဟ-
တော စာ မဋ္ဋေ စာ အပဝုဗေ စာ တတာ
မတော ဘာဂေ ဝါ မဟာဘာဂေ ဝါ အဇ
ဂုလုမတော ဝါ ဒေဝါနံပိယမံါ။

မင်းကြီး လွန်စွာ ဝမ်းနည်း ကြေကွဲ ဝန်လေး တော်မူသည်။

နတ်တို့ ချစ်မြတ်နိုးသော မင်းကြီးအဖို့၊ ထို့ထက် ဝန်လေးသော အချက်သည်ကား၊ ထို ကလိင်္ဂ တိုင်း၌ ပုဏ္ဏားတို့သည်၎င်း၊ ရဟန်းတို့သည်၎င်း၊ အခြားအယူ ဂိုဏ်းသား တို့သည်၎င်း၊ အိမ်ရာ ထောင်သူ တို့သည် ၎င်း၊ နေကြကုန်၏။ ထိုသူတို့၌၊ သက်ကြီး၊ ဝါကြီး၊ အမိအဖ၊ ဆရာသမား၊ မိတ်ဆွေ အပေါင်း အဖေါ် အသိအကျွမ်း ဆွေမျိုး၊ ကျေးကျွန် အစေခံ တို့အား၊ ကောင်းစွာ ပြုစု ထောက်ပံ့ ရမည့် ဝတ္တရားများ၊ တရားတော်၌ တည်မြဲစွာ ကြည်ညို ဆည်းကပ် ရမည့် ဝတ္တရားများ ရှိကြကုန်၏။ ထိုသူတို့သည်၊ ဒဏ်အနာ တရ ပြုခြင်းကို၎င်း၊ သတ်ဖြတ် ခြင်းကို၎င်း၊ လွန်စွာ ချစ်ခင်သူတို့နှင့် ကွေကွင်း ရခြင်းကို၎င်း၊ ခံကြရ၏။ စစ်ဘေးစစ်ဒဏ်ကို ခံရသော၊ ၎င်းတို့၏ မိတ်ဆွေ၊ အပေါင်း အဖေါ် အသိအကျွမ်း၊ ဆွေမျိုး တို့သည် လည်း၊ ၎င်းတို့အပေါ်၌ မေတ္တာ မကင်းပြတ် သေးပဲ၊ သေကြေ ပျက်စီးခြင်းသို့ ရောက်ကြရ ကုန်၏။ တတိုင်း ပြည်လုံး ဤသို့လျှင် ပျက်စီး ဆုံးရှုံး ကြကုန်၏။ ဤသို့ ခပ်သိမ်းသော သူတို့ ခံကြရသည်အတွက်၊ နတ်တို့ချစ် မြတ်နိုးသော မင်းကြီးဝန်လေးတော်မူ၏။

မရေတွက်နိုင်သော လူသျှင် ဂိုဏ်း အစည်းအရုံး

# အသောကကျောက်စာများ။

၁။ + + + +

၂။ + + + +

၃။ နေယု ဓူဆ (တိ)

၄။ ဗ ဝဘု (တာနံ့) - - - ဗုယမ ဗ္ဗုမစလိယံ
မဒဝ တိ။ ဓူယံ စု မု။

၅။ ဒေဝါနံပိယဗါ ယေ ဓံမဝိဇယေ။ ဗေ့
စ ပုနာ လဓေ ဒေဝါနံပိ (ယဿ
ဟိဒ) စ။

၆။ ဗ္ဗုဝေဗု စ အတေဗု အဗဗု ဝိ
ယောဇနဗတေဗု အတ အတိ ယော-
ဂေ နာမ. ယောနလာ (ဇာ) - - -
ပလံ စ ဝ တေနာ။

၇။ အံတိယောဂေနာ စတာလိ ၄ လ-
ဇာနေ တုလမယေ နာမ အံတေကိ-
နေ နာမ မကာ နာ္မ-

မရှိသော တိုင်းနိုင်ငံဟူ၍၊ (ကပ္ပါ၌) မရှိ။ ယောန တိုင်း၌ပင်လျှင် ရဟန်း ပုဏ္ဏား မရှိသည် မဟုတ်။ မည် သည့် တိုင်း နိုင် ငံ ၌ မျှ လည်း၊ လူတို့သည်တခု တည်းသော ဂိုဏ်း၌ တလုံး တစည်း တသွေး ကြည်ညို ကိုးကွယ်ကြသည်ဟူ၍မရှိ။

ကာလိင်္ဂတိုင်းကို အောင်ရာ၌၊ အသတ်ခံရ၊ သေရ၊ အကျဉ်း ဆောင်ယူ ခံရသော လူအပေါင်း တို့၏ အပုံ တရာပုံ၍တပုံ၊ အပုံ တထောင် ပုံ၍ တပုံမျှသော သူတို့ အတွက်ပင်၊ ဒေဝါနံပိယ မင်းကြီးသည် ယခုသည်းစွာ နောင်တရတော် မူလေပြီ။ မိမိအား ပြစ်မှား သူကိုပင်၊ သည်း ခံ နိုင် သ လောက် သီး ခံသင့်သည်ဟု နတ်တို့ ချစ်မြတ် နိုးသော မင်းကြီး အောက်မေ့တော် မူ၏။

နတ်တို့ချစ်မြတ်နိုးသောမင်းကြီးသည်၊ နိုင်ငံတော် အတွင်းရှိ တောသူ တောင်သားတို့အာ ၊ မိမိနောင်တ ရလျက် နေသော် လည်း၊ (နှိပ်ကွပ်ရန် ရှိက နှိပ်ကွပ် နိုင်သော) တန်ခိုး မိမိ၌ ရှိသေးကြောင်းကို မိန့်ကြား ပြီးသော်၊ ၎င်းတို့အား ဖျောင်းဖျ၍ တရား တော်၌ သက်ဝင် ယုံကြည် စေ၏။ အဘယ် ကြောင့် ဤသို့ ဆောင်ရွက်တော် မူသနည်း ဆိုသော်၊ ထိုသူ တို့သည် (မ ကောင်း မှု မှ) ရှက် ၍ သတ်ဖြတ်ဖျက်ဆီးခြင်း မခံ ကြရစေရန် ဖြစ်၏၊ သ တ္တ ဝါ အ ပေါင်း တို့ သည် မငြိုး မ ငြင် ကို နှုတ် နှ လုံး စောင့် စည်း က ာ၊ သင့် တင့် ညီ

၈။ မ အလိကျုဒလေ နာမ နိစံ စောဍ-
ပံဍိယာ အဝံ တံဗပံနိယာ ဟေဝမေဂ။

၉။ ဟိဒ လာဇာဝိၐဝၑိ ယောန-ကံဗော-
ဇေၑု နာဘကေ နာဘပံတိၑု ဘောဇ
ပိတိနိကျေၑု။

၁၀။ အဓပါ လဒေၑု ၑဝတာ ဒေဝါနံ-
ပိယၑါ ဓံမာနုၑထိ အနုဝတံတိ။ ယတ
ပိ ဒူတာ။

၁၁။ ဒေဝါနံပိယသာ နော ယံတိ တေ ပိ
သုတု ဒေဝါနံပိယၑါ မမဝုတံ ဝိဓနံ။

၁၂၊ ဓံမာနုသထိ ဓံမံ အနုဝိဓိယံတိ အနုဝိ-
ဓိယိသံတိ စာ။ယေ သေ လဓေ။

၁၃။ ဧ တ ကေ နာ ဟောတိ သဝတာ
ဝိဇယေ ပိတိ လသေ လေ၊ ဂဓါ
သာ ဟောတိ ပိတိ ပိတိ ဓံမ ဝိဇယ-

၁၄။ ၑိ။ လဟုကာ စု ခေါ သာ ပိတိ။

ညွှတ်လျက်၊ ပျော်ရွှင်စွာ နေထိုင် ကြစေရန်၊ နတ်တို့ ချစ်မြတ်နိုးသော မင်းကြီး အလိုရှိတော်မူ၏။

နတ် တို့ ချစ် မြတ် နိုး သော မင်း ကြီး သည်၊ တ ရား တော် ၏ အောင် ခြင်း ကို၊ အ မြတ် ဆုံး သော အောင်ခြင်းဟု မှတ်ထင်တော်မူ၏။ ဤတရားတော်၏ အောင် ခြင်း ကို လည်း နတ် တို့ ချစ် မြတ် နိုး သော မင်းကြီး အကြိမ်ကြိမ် ရတော်မူလေပြီ။ မိမိနိုင်ငံတော် အစွန်အဖျားတို့၌၎င်း၊ ယူဇနာရှစ်ရာမျှ ကွာဝေးသော အန္တိ ယောဂ ခေါ် ယောန မင်း၏ နိုင်ငံ၌၎င်း၊ ထို အန္တိယောဂမင်းပိုင် နိုင်ငံ၏ အခြား ဖက်ရှိ၊ တုလမယ (တောလမီ) အန္တိကောန၊ မဂ၊ အလိက သုန္ဒရ အမည် တော်ရှိသော မင်း လေးပါး တို့၏ နိုင်ငံ တော် တို့၌၎င်း၊ နိုင်ငံတော်၏ အောက်ဖက် (တောင်ဖက်) စောဠ (စောဠ)၊ ပန္ဍျ တမ္ဗပဏ္ဏိ တိုင်း တို့ ၌ ၎င်း၊ နိုင်ငံတော် အတွင်း ယောန၊ ကမ္ဘောဇ၊ နာဘက၊ နာဘပန္တိ၊ ဘော ဇ၊ ပိ တ နိ က၊ အန္ဓြ၊ ပုလိန္ဒတိုင်း တို့၌၎င်း၊ တရားတော်၏ အောင်ခြင်းကိုရလေပြီ။ ထို တိုင်း နိုင် ငံ ခပ် သိမ်း တို့ ၌၊ ( လူ တို့ သည် ) နတ် တို့ ချစ် မြတ် နိုး သော မင်း ကြီး ၏ တ ရား အဆုံး အမ၌ တည်ကြကုန်၏။

နတ် တို့ ချစ် မြတ် နိုး သော မင်း ကြီး ၏၊ တမန် မန် တော် တို့ မ ရောက် သော တိုင်း နိုင် ငံတို့၌ပင်၊ နတ်တို့

ပါလံတိကျမေဝ မဟဖလံ မံနတိ ဒေဝါနံပိယေ။

၁၅။ တော ယေ စ အဌာယေ ဣယံ ဓံမလိပိ လိခိတ။ ကိတိ။ ပုတာ ပါ–ပေါတာ မေ အသု....

၁၆။ နဝံ ဝိဇယ မ ဝိဇယံ့ တဝိယ မနိဖု။ ဓယကမိနော ဝိဇယမိ ခံတိ စ လဟု-

၁၇။ ဒံဍတာ စ လောစေတု တမေဝ စ ဝိဇယံ မနတု ယေ ဓံမဝိဇယေ။ မေ ဟိဒလော ကိကျပလလော—

၁၈။ ကိကျော။ ဓဝါ စ ကံ နိုလတိ ဟောတု ဥယာ မလတိ။ ဓါတိ ဟိဒလောကိက-ပလလောကိကျာ။

ချစ်မြတ်နိုးသောမင်းကြီး၏ တရား ကျင့်သုံး ဆောက်တည်ပုံ။ စီမံခန့်ခွဲပုံ၊ တရားတော်၌ သွင်သင် ဆုန်းမပုံတို့ကို ကြားရသဖြင့်၊ တရားတော်ကို လိုက်နာကြကုန်၏၊ လိုက်နာကြကုန်လတံ့။

ဤသို့သော နည်းဖြင့် ရအပ် သော အောင်ခြင်းသည်၊ ခပ်သိမ်းသောအရပ်တို့၌ နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေ၏။ထိုနှစ်သက်ခြင်းသည်၊ တရားတော်၏ အောင်ခြင်းဖြင့် ရရှိ ရကား၊ ခိုင်မြဲ ချေ၏။ ဤနှစ်သက်ခြင်းပင်အကျိုးမများလှသေး၊ နတ်တို့ချစ်မြတ်နိုးသော မင်းကြီး သည်ကား၊ တမန္တန် လော က ၏ အကျိုး ကို သာ လျှင် ကြီး ကျယ် မြင့်မြတ်သည် ဟုမှတ်ထင်တော်မူ၏။

ဤအကျိုး၄ါ ဤ တရားကမ္ပည်းကို ရေးထိုးစေ၏။ ငါ၏ အသစ် ဖြစ်သော (တိုင်းနိုင်ငံ) အောင် ခြင်းတို့ကို ကြားရသဖြင့်၊ ငါ၏ သားတော် မြေး တော်တို့သည်၊ (ဤ ကဲ့ သို့ သော) အောင် ခြင်း တို့ ကိုတိုးတက်ရယူသင့်သည်ဟု မမှတ်ထင်ရာ။ လေး မြှားတို့ကို ပစ် လွှင့်၍ အောင်ရ စေ ကာ မူ၊ သီးခံ ခြင်း၊ သက် ညှာ ခြင်း (ပေါ့သော ဒဏ်ကို ပေးခြင်း) ဖြင့်ရောင့်ရဲ ရာ သည်။ သို့ ရာ တွင် တ ရား တော် ၏ အောင်ခြင်း ကိုသာ၊ စင်စစ် အောင်ခြင်း ဟု မှတ်စွဲ

## ၁၄။ စတုဒ္ဒသမ ကျောက်ဆောင်စာ။

(မြာကြိုင်)

၁၉။ ဣယံ ဓမလိပိ ဒေဝါနံပိယေနာ ပိယ=
ဒသိနာ လဇိနာ လိခါပိတာ။ အထိ
ယေဝါ သုခိ-

၂၀။ တေနာ အထိ မဈိမေနာ အထိ ဝိထ-
ဋ္ဌေနာ။ နော ဟိ သဝတာ သဝေ
ဃဋ္ဋိတေ။ မဟာလကေ ဟိ ဝိ-

၂၁။ ဇိတေ ဗဟု စ လိခိတေ လေခါပေ-
ဓါမိ စေဝ နိကျံ။ အထိ စာ ဟေတာ

ရာ၏။ ဤအောင်ခြင်းသည်သာ၊ မျက်မှောက်လောက၊ တမန္တန်လောကအဖို့ဖြစ်၏။

ခပ် သိမ်း သော သူတို့ သည် အား ထုတ် ခြင်း ချမ်းသာ၌ ကောင်းစွာမွေ့လျော်ကြ စေကုန်သတည်း။ ဤသည်သာ မျက်မှောက်လောက၊ တမန္တန် လောက အဖို့ စင်စစ်ဖြစ်၏။

## ၁၄။ စတုဒ္ဒသမ ကျောက်ဆောင်စာ။

(မြန်မာ)

ဤတရားကဗျည်းကို နတ် တို့ ချစ် မြတ် နိုး သော ပိယဒသီ မင်းကြီး ရေးသား စေတော် မူ၏။ အချို့ အကျဉ်းအားဖြင့်ရှိ၍၊ အချို့ အလယ် အလတ် အား ဖြင့် ရှိပြီးလျှင်၊ အချို့ အကျယ် အားဖြင့် ရှိ လေ ၏။ ခပ်သိမ်းသောကဗျည်းတို့ကို၊ ခပ်သိမ်းသော အရပ်တို့ အဖို့ စီမံထားသည်မဟုတ်။

နိုင်ငံတော် သည် အလွန် ကျယ်ဝန်း၍၊ ရေးခဲ့ပြီး သော ကဗျည်းတို့သည်လည်းများစွာ၏။ အစဉ်မပြတ် လည်း၊ ကဗျည်းတို့ကို ရေးစေဦးအံ့။ အချို့ ကဗျည်း

၂၂။ တေ တဓါ တဓါ အထဗါ မခုလိ-
ယာယေ ယေန ဇနေ တထ ပဋိပ–
ဇေယာ။ဗေ မိယာ အတ ကိဆိ အ–
၂၃။ သမတိ လိခိတေ ဒိဓါ ဝါ ဓံခါယ–
ကာလနံ ဝါ အလောစယိတု လိပိက
လှပလာဓေန ဝါ။

## ၁၅။ ပဌမကလိင်္ဂ ကျောက်ဆောင်စာ။
(ပြာကြိုင်)

၁။ ။ဒေဝါနံပိယသ ဝစနေန တောသလိယံ
မဟာမာတ နဂလဝိယောဟာလကာ။

၂။ ။ဝတဝိယ။အံ ကိဆိ ဒခါမိ ဟကံ တံ ဣဆာမိ။
ကိံ တိ။ ကံမန ပဋိဝေဒယေဟံ။

၃။ ။ဒုဝါလတေ စ အာလဘေဟံ ဧသ စ မေ
မောချမတ ဒုဝါလ ဧတသိ အဌသိ အံ တု-
ဖေသု။

၄။ ။အနုသထိ။ တုဖေ ဟိ ဗဟူသု ပါနသဟ-

တို့ကို အထပ်ထပ် အခါခါ ရေးထိုး စေသည် မှာ၊ ဆိုလိုရင်း အနက်၏ ရသာ ပေါ်၍၊ လူတို့ လိုက်နာ ကျင့်ဆောင်စေခြင်းငှါဖြစ်၏။ အချို့ ကဗျည်းတို့ အား မပြည့်မစုံ၊မှားမှားယွင်းယွင်း၊ သံသယ ဖြစ်စေအောင် ရေး ထိုး လျက် ရှိ သော်၊ ရေး ထိုး သူ၏ အပြစ်ဟု အောက်မေ့ရာ၏။

## ၁၅။ ပဉ္စမ ကလိင် ကျောက်ဆောင်စာ။

(မြန်မာ)

ဒေ ဝါ နံ ပိ ယ မင်း ကြီး ၏ စ ကား တော် ဖြင့်၊ တောသာလိပြည် အမတ်ကြီး၊ ဝါ၊ ဝန် ကြီး တို့ နှင့် မြို့ဝန်တို့အား မိန့်ကြားအပ်သည်မှာ—

တစုံတရာအား ငါမြင်၍အလိုရှိလျှင်၊ ဆောင်ရွက် ဖွယ် လုပ်ငန်းကို ငါစီစဉ်၍ နည်းလမ်းကို ငါ ရှာကြံ ပြီးသော်၊ အရေး အကြီးဆုံး ဟု ငါထင်သော နည်း လမ်းကို၊ သင်တို့အား ညွှန်ကြားချက် ဖြစ်စေ၏။

သင်တို့သည် ထောင်ပေါင်းများစွာသောသတ္တဝါ တို့၏ မှီခိုရာဖြစ်၏။ ငါတို့သည် သူတော်ကောင်း တို့၏ ကြည်ညိုခြင်းကို ခံယူကြကုန်အံ့။

သေသု အာယတာ။ ပနယံ ဂဆေမ သုမု—နိသာနံ။ သဝေ

၅။ ။မုနိသေ ပဇာ မမာ။အထာ ပဇာယေ ဣဆာမိ ဟကံ။ ကိံတိ။ သဝေန ဟိတသုခေန ဟိဒ—လောကိက-

၆။ ။ပါလလောကိကာယေ ယူဇေယူ တိ။ တထာ (သဝေသု) မုနိသေသု ပိ ဣဆာမိ ဟကံ။ နော စ ပါပုနာထ အာဝါ ဂ-

၇။ ။မကေ ဣယံ အဌေ။ ကေဆ ဝ ဧကပုလိသေ ပါပုနာတိ ဧတံ၊ သေ ပိ ဒေသံ နော သဝံ။ ဒေခတ ဟိ တုဖေ ဧတံ။

၈။ ။သုဝိဟိတာ ပိ နိတိ။ ဣယံ ဧက ပုလိသေ ပိ အထိ ယေ ဗံဓနံ ဝါ ပလိကိလေသံ ဝါ ပါပုနာတိ။ တတ ဟောတိ

၉။ ။အကသ္မာ တေန ဗံဓနံတိက အံ့နေ စ ဗဟု-ဇနေ ဒုဝိယေ ဒုခီယတိ။ တတ ဣဆိတဝိယေ

ခပ်သိမ်းသော သူတို့သည် ငါ၏ သားသမီး များ ဖြစ်ကြကုန်၏။ ငါ၏ သားသမီး များအား ဤလောက နှင့် တမန္တန်လောက တို့၏စီးပွါးချမ်းသာအပေါင်းနှင့် ငါ ယှဉ်စေ လိုသည် နည်းတူ၊ ခပ်သိမ်းသော သိတ္တို အားလည်း၊ ငါ ယှဉ်စေလို၏။ ဤငါ၏ ရည်ရွယ်ချက် သ ၍ ကို သင်တို့ သိ ကြ မည် မ ဟုတ်။ အ ကယ် ၍ တယောက်တလေ သိသော်လည်း၊ တစိတ် တဒေသ ကိုသာသိပေမည်၊ အလုံးစုံကို သိမည်မဟုတ်ပေ။

ဤ အ ချက် ကို သင်တို့ သတိ မူကြကုန်။ ဥပဒေ စည်းကမ်း များကို ကောင်းစွာ ပြဋ္ဌာန်း ထား ငြား လည်း၊ တစုံ တယောက် သော သူသည်၊ အ ကျဉ်း ချထားခြင်းကိုဋ္ဌင်း၊ နှိပ်စက် ညှဉ်းပန်း ခြင်း ကို ဋ္ဌင်း၊ အကြောင်းမဲ့ ခံရသော၊ ထိုအကျဉ်းခံရသူနှင့် နီးစပ် သူ ( ဆွေ မျိုး သား ချင်း ) တို့ သည် ဋ္ဌင်း၊ အ ခြား များစွာသော သူတို့သည်ဋ္ဌင်း၊ အတိုင်းထက် အလွန် ဆင်းရဲဒုက္ခရောက်ကြရကုန်၏။

ထိုကြောင့် သင်တို့သည်၊ မယုတ်မလွန်၊ အလယ် အလတ် လမ်းကို လိုက်ရန် အား ထုတ် ကြ ရာ ၏။ သို့ရာတွင် ငြူစူခြင်း၊ ပေါ့လျော့ခြင်း၊ ကြမ်းကြုတ် ခက်ထန်ခြင်း၊ အခဆ တလျင်ပြုခြင်း၊ မ ကျွမ်း ကျင် ခြင်း၊ ပျင်း ရိ ခြင်း၊ မေ ပန်း လွယ် ခြင်း တို့ သည် (ကိုစိတ်နှစ်ပါး၌) ဖြစ်ပေါ်၍နေခဲ့သော်၊ ဤအလယ်

၁၀။ ။ဟုဒဖ ဟိ။ ကိံတိ။ မဈံ ပဋိပါဒယေမာ တိ။
ဣမေဟိ စု ဇာတေဟိ နော သံပဋိပဇတိ
ဣဿာယ အာသုလောပေန

၁၁။ ။နိတူလိယေန တူလာနာယ အနာဝုတိယ
အာလသိယေန ကိလမထေန။သေ ဣဆိတဝိ-
ယေ။ ကိံတိ၊ ဧတေ

၁၂။ ။ဇာတာ နော ဟုဝေဝု မမာ တိ။ ဧတသ
စ သဝသ မူလေ အနာသုလောပေ အတူ-
လနာ စ နိတိယံ ဧ ကိလံတေ သိယာ

၁၃ ။နု တေ ဥဂဆေ။သံစလိတဝိယေ တု ဝဋိတ-
ဝိယေ တေဝိယေ ဝါ။ ဟေဝံမေဝ ဧ ဒခိယေ
တုဖါက တေန ဝဘဂိယေ။

၁၄။ ။အံနံ နေ ဒေခတ။ဟေဝံ စ ဟေဝံ စ ဒေဝါနံ-
ပိယသ အနုသထိ။သေ မဟာဖလေ ဧ တသ
သံပဋိပါဒ

၁၅။ ။မဟာ အပါယေ အသံပဋိပတိ။ဝိပဋိပါဒယ-

အလယ်တ် လမ်းသို့ မရောက်နိုင် ရာ။ ထိုကြောင့် မိမိ၏ သဏ္ဍာန်၌ ထို အခြင်း အရာ တို့ မဖြစ်ပေါ် မကိန်း အောင်းရန် အားထုတ်ရာ၏။

ဤ ခပ်သိမ်းသော အခြင်းအရာတို့၏ (မဖြစ်ပေါ် ရာသော) အကြောင်းရင်း သည်ကား၊ မပေါ့လျော့ ခြင်းနှင့် အဆောတလျင် မပြုခြင်းဖြစ်၏။ (အားထုတ် ဆောင်ရွက်ရာ၌) အမြဲမောပန်းလွယ်သော သူသည်၊ ထို အလယ်အလတ်လမ်းသို့ မရောက်နိုင်ရာ။

ထိုကြောင့် သင်တို့သည် ထကြွလုံ့လပြုကြလော့၊ မနားမနေ ဆောင်ရွက် ကြလော့၊ သင်တို့သည် ဤ အကြောင်းကိုသိမြင်လျက် ဤသို့ ပြောကြားရာ၏။

ဤအမိန့်တော်ကို သင်တို့ ရှုကြကုန်။ နတ်တို့ ချစ် မြတ်နိုးသောမင်းကြီးသည်၊ ဤသို့ဤသို့လျှင် ညွှန်ကြား ဆုန်းမပိ၏။ ထို အဆုန်းအမ တို့အား ကောင်း စွာ လိုက်နာသော် ကြီးစွာသောအကျိုးကိုရ၍၊ မလိုက်နာ သော် ကြီးစွာသော ပျက်စီးခြင်းတို့ ရောက်ရာ၏။ ဤ အဆုန်းအမ မှ ဖေါက်ပြန်၍ ကျင့်သော သူတို့ သည် နတ်တို့အားလည်း မနှစ်မြို့စေ၊ မင်းကြီး အား လည်း မနှစ်မြို့စေ။

ငါ၏အမှုတော်ကို၊ အလွန်လေးစားသောစိတ်ဖြင့် ဆောင်ရွက်သူတို့သည်ကား၊ အကျိုးနှစ်ပါးကို ပြီးစေ အံ့။ ထိုသူတို့သည် ငါ၏အဆုန်းအမကို လိုက်နာသဖြင့်

မိနေ့ ဟိ ဧတံ နထိ သွဂိ အလမိ နော
လာဇာလမိ။

၁၆။ ။ဒုအာဟလေ ဟိ ဣမသ ကံမသ မေ ကုတေ
မနေ့ အတိလေကေ။ သံပဋိပဇမိနေ့ စု
ဧတံ သွဂံ။

၁၇။ ။အာလာဓယိသထ မမ စ အာနနိယံ ဧဟထ
ဣယံ စ လိပိ တိသနခတေန သောတဝိယ။

၁၈။ ။အံတလာ ပိ စ တိသေ ခနသိ ခနသိ ဧကေန
ပိ သောတဝိယ ဟောဝံ စ ကလံတံ တုဖေ။

၁၉။ ။စဃထ သံပဋိပါဒယိတဝေ။ ဧတာယေ
အဌာယေ ဣယံ လိပိ လိခိတာ ဟိဒ ဧန။

၂၀။ ။နဂလဝိယောဟာလကာ သသွတံ သမယံ
ယုဇေဂူ တိ နဂလဇနသ အကသ္မာ ပလိ-
ဗောဓေ ဝ။

၂၁။ ။အကသ္မာ ပလိကိလေသေ ဝ နော သိယာ
တိ။ ဧတာယေ စ အဌာယေ ဟကံ မံမတေ
ပံစသု ပံ့စသု ဝသေ—

နတ်ပြည်ချမ်းသာကိုရ၍၊ ငါမင်းကြီးအားတင်ရှိသော ဝတ္တုရားကြေးမှ ကင်းလွတ်ခြင်း သို့လည်း ရောက်ကြကုန်အံ့။

ဤကဗျည်းကို တိသ (ဖုဿျ) နက္ခတ်နှင့် ယှဉ်သော နေ့တို့၌ ကြားနာ ရာ ၏။ တိသ (ဖုဿျ) နက္ခတ် နှင့် ယှဉ်သော နေ့တို့၏ အကြား ၌လည်း၊ မကြာမကြာ တယောက်တည်းပင်ဖြစ်စေကာ၊ကြားနာရာ၏။ဤသို့ ဆောင်ရွက်ခြင်းဖြင့်၊ သင်တို့သည် မိမိတို့၏ ဝတ္တုရား များကို ကျေပွန်ရန် အားထုတ်ကြကုန်လော့။

မြို့ဝန်တို့သည်၊ မြို့သူ မြို့သားတို့အား အကြောင်းမဲ့ ချုတ်ချယ်ခြင်း၊ ညှဉ်းဆဲခြင်း မရှိရန်၊ အခါ ခပ်သိမ်း အားထုတ်စေခြင်းအလို့ငှါ၊ ဤကဗျည်းကို ရေးစေ၏။

ဤအလို့ငှါ၊ ငါသည် ငါးနှစ် ငါးနှစ်မြောက်တိုင်း အမတ်ကြီးတို့ကို စေလွှတ်အံ့။ ထိုသူတို့သည် မကြမ်း ထမ်း၊ မရက်စက်၊ သိမ်မွေ့ သည် ဖြစ် လိမ့် အံ့၊ ဤ အချက်ကို သတိမူလျက်၊ ထိုအမတ်ကြီးများသည် ငါ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ကြကုန်အံ့။

ဤအလို့ငှါပင်လျှင်၊ ဥဇ္ဇေနီပြည်ရှိ ငါ၏သားတော် မင်းသား သည်လည်း သုံးနှစ် မလွန်မီ တကြိမ် ကျ၊ အ လား တူ အ မှု ထမ်း တို့ အား စေ လွှတ် ရာ ၏၊ တက္ကသိုလ်ပြည် မှ လည်း၊ ထိုနည်းတူ၊ စေလွှတ်စေ သတည်း။

၂၂။ ။သု နိခါမယိသာမိ ဧ အခခသေ အစံဒ္ဓေ သခိနာလံဘေ ပောသတိ။တေံ အဌ ဇာနိတု တထာ

၂၃။ ။ကလံတိ အထ မမ အနုသထိ တိ။ ဥဇေနိတေ ပိ စု ကုမာလေ တောယေ ဝ အဌာယေ နိခါမယိသ....။

၂၄။ ။ဟေဒိသံ မေဝ ဝဂံ နော စ အတိကာမယိ-သတိ တိံနိ ဝသာနိ။ဟေဝမေဝ တခသိလာ-တေ ပိ၊ အဒါ အ....

၂၅။ ။တေ မဟာမာတာ နိခမိသံတိ အနုသယာနံ တဒါ အဟာပယိတု အတနေ ကမံ ဇေတံ ပိ ဇာနိသံတိ

၂၆။ ။တံ ပိ တထာ ကလံတိ အထ လာဇိနေ အနုသထိ တိ။

အမတ်ကြီးတို့သည်၊ ခရီးထွက်ခွါ သွား လာ ကြသောအခါ၊မိမိတို့၏အမှုကိစ္စများကို မလစ်ဟင်းစေပဲ၊ ဤ ကိ စ္စ ကို လည်း သ တိမူ လျက်၊ မင်း ကြီး ညွှန်ကြားတော် မူသည်အတိုင်း ဆောင် ရွက် ကြ စေ ကုန်သတည်။

## ၁၆။ ဒုတိယကလိင်ကျောက်ဆောင်စာ။

(ပြာကြိုဋ်)

၁။ ။ဒေဝါနံပိယေ ဟေဝံ အာဟ။ သမာပါယံ
မဟာမတာ လဇဝစနိက ဝတဝိယာ။ အံ ကိဆိ
ဒခါမိ ဟကံ တံ ဣဆာမိ ဟကံ၊ ကိံတိ၊ ကံ
ကမန

၂။ ။ပဋိပါတယေဟံ ဒုဝါလတေ စ အာလဘေ—
ဟံ။ ဧသေ စ မောခိယမတံ ဒုဝါလ တေသ
အထသ အံ တုဖေသု အနုသထိ။ သဝမုနိ-

၃။ ။သာ မေ ပဇာ။ အထ ပဇာယေ ဣဆာမိ၊
ကိံတိ၊မေ သဝေဏ ဟိတသုခေန ယုဇေယူ
အထ ပဇာယေ ဣဆာမိ၊ ကိံတိ၊ မေ သဝေန
ဟိတသု—

၄။ ။ခေန ယုဇေယူ တိ ဟိဒလောဂိကပါလ-
လောကိကေန။ ဟေဝံမေဝ မေ ဣဆ သဝ—
မုနိသေသု။ သိယာ အံတာနံ အဝိဇိတာ—

## ၁၆။ ဒုတိယကလိင် ကျောက်ဆောင်စာ

(မြန်မာ)

ဒေဝါနံပိယ မင်းကြီးသည်၊ ဤသို့ မိန့်တော်မူ၏။

သမာပါ မြို့ရှိ အမတ်ကြီး တို့အား၊ ဒေဝါနံပိယ မင်းကြီး၏စကားတော်ဖြင့်၊ ဤသို့မိန့်ကြားရာ၏။

တစုံတရာအား ငါမြင်၍အလိုရှိလျှင်၊ ဆောင်ရွက်ဖွယ် လုပ်ငန်းကို ငါစီစဉ်၍၊ နည်းလမ်းကို ငါရှာကြံပြီးသော်၊ အရေးအကြီးဆုံးဟုငါထင်သောနည်းလမ်းကို၊ သင်တို့အား ငါညွှန်ကြားချက်ဖြစ်စေ၏။

ခပ်သိမ်းသော သူတို့သည် ငါ၏ သားသမီးများဖြစ်ကြကုန်၏။ ငါ၏သားသမီးများအား ဤလောကနှင့်တမလွန်လောကတို့၏ စီးပွါးချမ်းသာအပေါင်းနှင့် ငါ ယှဉ်စေ လိုသည့် နည်းတူ၊ ခပ်သိမ်းသော သူတို့အားလည်း ငါယှဉ်စေလို၏။

ငါမသိမ်းပိုက်ထားသော၊ နိုင်ငံတော် အစွန်အပ၌နေသူတို့သည်၊ ငါတို့၏အပေါ်၌ မင်းကြီးအသို့ ဆန္ဒထားတော်မူသနည်းဟုမေးကြကုန်အံ့။ ထို နိုင်ငံတော် အစွန်အပ၌ နေသူတို့အပေါ်၌၊ ငါ၏ ဆန္ဒကား ဤသို့တည်းဟု ပြန်ကြားရာ၏။

"မင်းကြီး အလိုရှိတော်မူသည်မှာ၊ သင်တို့သည် မင်းကြီးအား မကြောက်မရွံ့ပဲ၊ မင်းကြီးသည်ငါတို့၏

၅။ ။နံ ကိံ ဆံဒေ သု လာဇာ အဖေသူ တိ။
ဧတကာ ဝါ မေ ဣဆာ အံတေသု၊ ပါပုနေယု၊
လာဇာ ဟေဝံ ဣဆတိ အနုဝိဂိန ဟေယု

၆။ ။မမိယာယေ အဿသေယု စ မေ သုခံမေဝ
စ လဟေယူ မမ တေ နော (ဒု)ခံ။ ဟေဝံ စ
ပါပုနေယု ခမိသတိ နေ လာဇာ

၇။ ။ဧ စကိယေ ခမိတဝေ။ မံ နိမိတံ စ ဓံမ
စလေယူ တိ ဟိဒလောဂံ စ ပလလောဂံ စ
အာလာဓယေယု။ ဧတာယေ

၈။ ။စ အဌာယေ ဟကံ တုဖေနိ အနုသာသာမိ။
အနနေ ဧတကေန ဟကံ၊ တုဖေနိ အနုသာ-
သိတု ဆံဒံ စ ဝေဒိ-

၉။ ။တု အာ, မမ ဓိတိ ပတိံနာ စ အစလ။ သ
ဟေဝံ ကဋု ကံမေ စလိတဝိယေ အဿာ-
သနိယာ စ တေ၊ နေ တေ ပါပုနေ-

ဆင်းရဲကို မဆောင်၊ ချမ်းသာ ကိုသာ ဆောင်အံ့ဟု၊ မင်းကြီးအပေါ်၌ ယုံကြည်ရန်ဖြစ်၏။"

ဤသို့လည်း ပြန်ကြားရာသေး၏။

"မင်း ကြီး သည် သင်တို့ အပေါ်၌ သည်းခံ နိုင် သလောက် သည်းခံအံ့။ သင်တို့သည် မင်းကြီးအား ထောက်ထားသဖြင့် တရားကို ကျင့်ကြပြီးသော်၊ ဤ လောကနှင့်တမန္တန်လောကတို့၏စီးပွါး ချမ်းသာတို့ကို ခံစားကြကုန်လော့။"

ဤအလို့ငှါ သင်တို့အား ငါညွှန်ကြားပေ၏။ဤသို့ သင်တို့အား ညွှန်ကြားပြီးသော်၊ ငါ၏ ဆန္ဒတော်နှင့် တကွ၊ ငါ၏ အဓိဋ္ဌာန် ပဋိညာဏ်တို့၏၊ မယိမ်း မယိုင် ခိုင်မြဲခြင်းကို၊ သင် တို့ အား သိစေ ပြီး သဖြင့်၊ ငါ၏ တာဝန်ကား ကျေလေပြီ။

နိုင်ငံဘော် အစွန် အပ သား တို့ သည်၊ နှစ် သိမ့် ရောင့်ရဲ၍၊ ငါ၏အပေါ်၌ယုံကြည်ကိုးစားရန် သင်တို့ ပြုမူကာ၊ အမှုကိစ္စတို့ကိုဆောင်ရွက်ကုန်ရာ၏။ မည်သို့ ယုံကြည်ကိုးစားစေရာသနည်းဆိုသော်၊ မင်းကြီးသည် ငါတို့၏ အဖ သဖွယ် ဖြစ်၏။မင်းကြီးသည် မိမိ ကိုယ်ကို ကြင်နာသကဲ့သို့ ငါတို့အားလည်း ကြင်နာ၏။ ငါတို့ သည် မင်းကြီး၏သားသမီးများသဖွယ်သာဖြစ်ချေ၏။

၁၀။ ။ယု အထာ ပိတ ဟေဝံ နေ လာဇာ တိ၊အထ
အတာနံ့ အနုကံပတိ၊ဟေဝံ အဖေနိ အနုကံ-
ပတိ၊ အထာ ပဇာ ဟေ-

၁၁။ ။ဝံ မယေ လာဇိနေ။ တုဖေနိ ဟကံ အနုသာ-
သိတု ဆံဒံ စ ဝေဒိတု အာ မမ ဓိတိ ပဋိံ နာ
ဇာ အစလ၊ သကလာ

၁၂။ ။ဒေသာယုတိကေ ဟောသာမိ တေသိ အထ-
သိ။အလံ ဟိ တုဖေ အသွာသနာယေ ဟိတ-
သုခါယေ စ တေသံ ဟိဒ—

၁၃။ ။လောဂိကပါလလောကိကာယေ။ ဟေဝံ စ
ကလံတံ သွဂံ စ အာလာဓယိသထ မမ စ
အာနနေယံ ဧသထ။

၁၄။ ။တာယေ စ အထာယေ ဣယံ လိပိ လိခိတာ
ဟိဒ နေ မဟာမတာ သသွတံ သယမံ ယု-
ဇေယူ အသွာသနာယေ စ

၁၅။ ။ဓံမစလနာယေ စ အံတာနံ့။ ဣယံ စ လိပိ

ဤသို့လျှင် သင်တို့အား ငါညွှန်ကြားပါ၏။ ငါ၏ဆန္ဒဘော်နှင့်တကွ၊ ငါ၏အမိဋ္ဌာန်နှင့် ပဋိဉာဏ်တို့၏ မယိမ်းမယိုင်ခိုင်မြဲခြင်းကိုလည်းသိစေပါ၏။ ဤအလို့ငှါ နေရာ တိုင်း၌၊ ဒေ သ ဆိုင်ရာ အရာရှိ များကို ငါ ခန့်ထားတော်မူမည်။သင်တို့သည် နိုင်ငံတော် အစွန် အပ သားတို့၏နှစ်သိမ့်ရောင့်ရဲမှု၊ဤလောက တမန္တန် လောက တို့၏ စီးပွါး ချမ်းသာမှု တို့ကို ဆောင်ရွက် ပေးစွမ်းနိုင်၏။ ဤသို့ဆောင်ရွက်သော်၊ သင်တို့သည် နတ်ပြည် ချမ်းသာကိုရ၍၊ ငါ၌ တင်ရှိသော ဝတ္တရား ကြွေးမှလည်း ကင်းကြကုန်အံ့။

နိုင်ငံဘော် အစွန် အပ သား တို့ သည် နှစ်သိမ့် ရောင့်ရဲ၍၊ တရားကိုကျင့်စေခြင်းငှါ၊ ငါ၏ အမတ်ကြီး တို့သည်အခါခပ်သိမ်းအားထုတ်ကြရန်၊ ဤကဗျည်းကို ရေးစေ ပါ၏။ ဤ ကဗျည်းအား လေးလလျှင် တကြိမ် ကြားနာရာ၏။ တိသ (ဖုသျှ) နက္ခတ် နှင့် ယှဉ်သော နေ့တို့ နှင့်၊ ကြားနေ့ တို့၌လည်း၊အခါ အခွင့် ရက၊ တယောက်တည်း ဖြစ်စေကာ ကြားနာ ရာ၏။ ဤသို့ ပြုခြင်းဖြင့်၊ သင် တို့ သည် ငါ၏ အမိန့် ကို လိုက်နာ ဆောင်ရွက်ကုန်ရာသတည်း။

အနုစာတုံမာသံ သောတဝိယာ တိသေန အံ-
တလာ ပိ စ သောတဝိယာ။

၁၆။ ။ခနေ သံတံ ဧကေန ပိ သောတဝိယာ။ဟေဝံ
စ ကလံတံ စဃထ သံပဋိပါတယိတဝေ။

# အသောက ကျောက်စာများ။

## (ခ) ကျောက်ဆောင်စာငယ်များ။

## ၁။ ဗြာဟ္မဂိရိကျောက်ဆောင်စာငယ်၊ ပဌမပိုင်း။

(ဗြာကြိုင်)

၁။ ။သုဝံဏဂိရိတေ အယပုဘသ မဟာမာတာနံ
စ ဝစနေန ဣသိလသိ မဟာမာတာ အာ—
ရောဂိယံ ဝဘဝိယာ ဟေဝံ စ ဝဘဝိယာ။
ဒေဝါဏံပိယေ အာဏပယတိ။

၂။ ။အဓိ ◌ ၁နိ အဖါတိ ◌သ ၁နိ ဝသာနိ ယ ဟကံ
ဥပါသကေ နော တု ခေါ ဗာဝံ ပကံတေ
ဟုသံ ဧကံ သံဝဆရံ။သာတိရေကေ တု ခေါ
သံဝဆရံ

၃။ ။ယံ မယာ သံဃေ ဥပယိတေ ဗာဝံ စ မေ
ပကံတေ။ ဣမိနာ စု ကာလေန အမိသာ
သမာနာ မုနိသ ◌ ဇံဗုဒိပသိ

၄။ ။မိသာ ဒေဝေဟိ။ ပကမသ ဟိ ဣယံ ဖလေ။
နော ဟီယံ သကျေ မဟ တေ့နေဝ ပါပေါ-
တဝေ။ ကာမံ တု ခေါ ခုဒကေန ပိ

၅။ ။ပကမမိဏေဏ ဝိပုလေ သွဂေ သကျေ အာ-
ရာဓေတဝေ။တောသဌာယ ဣယံ သာဝဏေ
သာဝါပိတေ

၆။ ။ယထာ ခုဒကာ စ မဟာတ္ပာ စ ဣမံ ပက-

## ၁။ ဖြာဟ္မဂိရိ ကျောက်ဆောင်စာငယ်၊ ပဌမပိုင်း။

(မြန်မာ)

သုဝဏ္ဏဂိရိ ပြည်ရှိအသျှင် သားတော်နှင့် အမတ်ကြီးတို့၏ စကားဖြင့်၊ ဣသိလ ပြည်ရှိ အမတ်ကြီး တို့အား၊ ကျန်းမာကြောင်း နှုတ်ဆက် ပြီးသော်၊ ဤသို့ မိန့်ကြားရာ၏။

နတ် တို့ ချစ် မြတ် နိုး သော မင်း ကြီး အ မိန့် ထုတ်ပြန်တော် မူလိုက်သည်မှာ—

ငါသည် နှစ်နှစ်ခွဲကျော်မျှ၊ ဥပသကာ ဖြစ်ခဲ့သော်လည်း၊တစ်နှစ်တာမျှ ကောင်းစွာ အားမထုတ်ခဲ့ချေ။ သို့ရာတွင် တစ်နှစ် ကျော် လောက်က၊ သံဃာတော်အား ဆည်းကပ်ပြီးသော်၊ ကောင်းစွာ အားထုတ်ခဲ့လေပြီ။ ဤမျှတိုင် ကာလ အတွင်း ဇမ္ဗူဒီပါ ကျွန်း ၌ လူတို့သည် နတ်တို့နှင့်နှီးနှောခြင်းမရှိခဲ့ဖူးသော်လည်း၊ ယခု နတ်တို့နှင့် နှီးနှောလျက်ရှိချေပြီ။ ဤကား ငါ၏ လုံ့လ အကျိုး ပေတည်း။ ဤ အကျိုးကို ကြီး မြင့် သူတို့သည်သာ ခံစားနိုင်သည်မဟုတ် သေး ငယ် သူတို့ ပင်လည်း ကြိုးစားအားထုတ်ခြင်းဖြင့်၊ ကြီးကျယ်သော နတ်ပြည်စည်းစိမ်ကို၊ ခံစားနိုင်ချေ၏။

ဤအလို့ငှါ ဤစာတမ်းကိုထုတ်ပြန်တော်မူ၏။

မေယု တိ အံတာ စ မေ ဇာနေယု စိရဋ္ဌိတီ-
ကေ စ ဠုယံ

၇။ ။ပကမေ ဟောတု။ ဠုယံ စ အဌေ ဝဆိသိတိ
ဝိပုလံ ပိ စ ဝဆိသိတိ အဝရဓိယာ ဒိယဆိယံ

၈။ ။ဝဆိသိတိ။ ဠုယံ စ သာဝဏော သဝါဝါပိတေ
ဗျူထေန ၂၀၀-၅၀-၆။

သေးငယ်သူတို့သည်ဖြစ်စေ၊ ကြီးမြင့်သူတို့သည်ဖြစ်စေ၊ ဤသွန်ကြားချက်အတိုင်း ကြိုးစားအားထုတ် ကြကုန်လော့။ ငါ၏ နိုင်ငံ အစွန်အဖျား သားတို့ သည်လည်း၊ ဤအကြောင်းကို သိကြ ပါစေ ကုန်သတည်း။ ဤသို့အာ ထုတ်ခြင်းသည်လည်း ရှည်မြင့်စွာ တည်ပါ စေသတည်း။ ဤလုပ်ငန်းစဉ်သည်လည်း ပွါးတိုး လတံ့၊ ဖွံ့ဖွံ့ဖြိုးဖြိုးပင် ပွါးတိုးလတံ့၊ ယုတ်စွအဆုံးနှစ်ဆခွဲမျှပင် ပွါးတိုးလတံ့။

ဤပြန်တမ်းကို တိုင်းခမ်းလှည့်လည်စဉ် ၂၅၆ ကြိမ်တိုင် ထုတ်ပြန်ခဲ့လေပြီ။

## ၂။ ဗြဟ္မဂိရိကျောက်ဆောင်စာငယ်၊ ဒုတိယပိုင်း။

(မြာကြိုင်)

၈။ ။သေ ဟေဝံ ဒေဝါနံပိယေ

၉။ ။အာဟ။ မာတာပိတိသု သုသူသိတဝိယေ။
ဟေဝမေဝ ဂရုတွ ပြာဏေသု ဒြဟ္ယိတဝျံ။
သစံ

၁၀။ ။ဝဘာဝိယံ။ သေ ဣမေ ဓံမဂုဏာ ပဝတိတ—
ဝိယာ။ ဟေဝမေဝ အံတေဝါသိနာ

၁၁။ ။အာစရိယေ အပစာယိတဝိယေ ဉာတိကေ—
သု စ ကု ယ (ထာ) ရဟံ ပဝတိတဝိယေ။

၁၂။ ။ဧသာ ပေါရာဏာ ပကိတီ ဒိဃာဝုသေ စ
ဧသ ဟေဝံ ဧသ ကဋဝိယေ။

၁၃။ ။စပဍေန လိခိတံ လိပိကရေဏ။

## ၂။ ဗြာဟ္မဂိရိကျောက်ဆောင်စာငယ်၊ဒုတိယပိုင်း။

(မြန်မာ)

နတ်တို့ချစ်မြတ်နိုးသော မင်းကြီး မိန့်တော်မူသည်မှာ—

မိ ဖ တို့အား ရိုသေ ကျိုးနွံ ရာ၏၊ ထိုနည်း တူစွာ သတ္တဝါတို့အား လေးစားသော စိတ်ကို ရင့်သန် စေရာ၏။ အမှန်ကို ပြော ဆို ရာ၏။ ဤ တရားတော် ၏ ဂုဏ်တို့ကို ပြန့်နှံ့စေရာ၏။

ထိုနည်းတူစွာတပည့်တို့သည် ဆရာတို့အားရိုသေမြတ်နိုးရာ၏။ အဆွေအမျိုးတို့ အားလည်း လျောက်ပတ်စွာ ပြုစုရာ၏။

ဤသည်တို့သည်ကား၊ အသက်ကို ရှည်စေသော ရှေးဟောင်း ကျင့်စဉ် တရားရင်းတို့ပေတည်း။ ဤသို့ တရားတော်ရှိသည်အတိုင်း ကျင့်သုံးရာ၏။

(စာရေး စပဍရေး ထိုး ၏ )

## ၃။ ရူပနာထ်ကျောက်ဆောင်စာငယ်။

(ပြာကြိုင့်)

၁။ ။ဒေဝါနံပိယေ ဟေဝံ အာဟာ။ သာတိရေ-
ကာနိ အဎတိယာနိ ဝ ယ သုမိ ပြကာသ
သကေ။နော စု ဗာဎံ ပကတေ။ သာတိလေ-
ကေ စု သဝဆရေ ယ သုမိ ဟကံ သဃ
ဥပေတေ

၂။ ။ဗာဎံ စ ပကတေ။ ယာ ဣမာယ ကာလာယ
ဇံဗုဒိပသိ အမိသာ ဒေဝါ ဟုသု တေ ဒါနိ
မိသာ ကဋာ။ ပကမသိ ဟိ ဧသ ဖလေ။ နော
စ ဧသာ မဟာတတာ ပါပေါတဝေ ခုဒကေန

၃။ ။ပိ ပကမမိနေနာ သကိယေ ဝိပုလေ ပိ သွဂေ
အာရာဓေ(တ)ဝေ။ ဧတိယ အဌာယေ စ
သာဝနေ ကဋေ ခုဒကာ စ ဥဠာလာ စ ပက-
မတု တိ အတာ ပိ စ ဇာနံတု ဣယ ပကရာ ဝ

၄။ ။ကိတိ စိရဋ္ဌိတိကေ သိယာ။ ဣယ ဟိ အဋ္ဌေ
ဝဎိ ဝဎိသိတိ ဝိပုလ စ ဝဎိသိတိ အပလဓိ-

## ၄။ ရုပနာထံကျောက်ဆောင်စာငယ်။

(မြန်မာ)

နတ်တို့ ချစ်မြတ်နိုးသောမင်းကြီး ဤသို့မိန့်တော်မူ၏။

ငါသည် နှစ်နှစ်ခွဲကျော်မျှ၊ အထင်အလျှား၊ သကျသျှင်တော်ဖုရား၏ (ုတပည့်သား) ဖြစ်ခဲ့သော်လည်း၊ ကောင်းစွာအားထုတ်ခြင်းမရှိခဲ့ချေ။ တနှစ်ကျော် ခန့်က၊ သဃာကို ဆည်း ကပ် ပြီး သော် ကောင်း စွာ အားထုတ်ခဲ့လေပြီ။ ဤမျှ ကာလအတွင်း၊ ဇမ္ဗူဒီပါကျွန်း၌၊ လူတို့သည် နတ်တို့နှင့် နှ°းနှော ခြင်းမရှိခဲ့ဖူးသေးသော်လည်း၊ ယခုနတ်တို့နှင့် နှ°းနှောလျက်ရှိချေပြီ။ ဤကား ငါ၏လုံ့လအကျိုးပေတည်း။ ဤအကျိုးကို ကြီးမြင့်သူတို့သည်သာ ခံစားနိုင်သည် မဟုတ်၊ သေးငယ်သူတို့ ၂င်လည်း ကြိုးစား အားထုတ်ခြင်းဖြင့်၊ ကြီး ကျယ် သော နတ်ပြည် စည်းစိမ်ကို ရ သည် တိုင် ခံစား နိုင်ချေ၏။

ဤအလို့ငှါ ဤပြန်တမ်းကို ထုတ်တော်မူ၏။ သေးငယ်သူတို့သည်၎င်း၊ ကြီးမြင့်သူတို့သည်၎င်း၊ ကြိုးစားအား ထုတ် ကြ စေ ကုန် သ တည်း။ နိုင်ငံအစွန် အပသားတို့သည်လည်း ဤ အ ကြောင်း ကို သိ ၉စ ကုန်သတည်း။ ဤသို့ကြိုးစား အားထုတ်ခြ ်းသည် အရှည်

ယေနာ ဒိယခံယ ဝဃံသိတိ။ ဍူယ စ အဋ္ဌေ
ပဝတိသု လေခါပေတ ဝါလတ။ဟိဓ စ အထိ
၅။ ။သိလာဌဘေ သိလာဌံ ဘာသိ လိခါပေတဝယ
တိ။ ဧတိနာ စ ဝယဇနေ်နာ ယာဝတက တု-
ဖါကံ အဟာလေ သဝတ ဝိဝါသေတဝိယေ
တိ။ ဗျုဋ္ဌေနာ သာဝနေ ကဋေ။ ၂၀၀-၅၀-၆။
(ဒုဝေ သပံနာ လာတိ)သ-
၆။ ။တ ဝိဝါသာ တိ။

---

## ၄။ ဘာဗြာ၊ဝါ၊ဘဲရာတ်ကျောက်ဆောင်စာငယ်။

(ပြာကြိုဋ်)

၁။ ။ပိယဒသိ လာဇာ မာဂဓေ သံဃံ အဘိဝါ-
ဒနံ အာဟာ။ အပါဗာဓတံ စ ဖါသု
ဝိဟာလတံ စာ။

၂။ ။ဝိဒိတေ ဝေ ဘံတေ အာဝတကေ ဟမာ
ဗုဓသိ ဓံမသိ သံဃသိ တိ ဂါလဝေ စံ
ပသာဒေ စ။ ဧ ကေစိ ဘံတေ

၃။ ။ဘဂဝတာ ဗုဓေန ဘာသိတေ သဝေ သေ

တည်ပါစေသတည်း။ ဤလုပ်ငန်းစဉ်သည်လည်း ပွါးတိုးလတံ့၊ ဖွံ့ဖွံ့ဖြိုးဖြိုးပင် ပွါးတိုးလတံ့၊ ယုတ်စွအဆုံး နှစ်ဆခွဲမျှပင် ပွါးတိုးလတံ့။

ဤ အကြောင်းကို ကျောက်ထက်၌ အဖန်ဖန် ရေးစေခဲ့လေပြီ။ နိုင်ငံတော်အတွင်း မည်သည့်အရပ်၌ မဆို ကျောက်တိုင် ရှိနဲ့သော်၊ ထို ကျောက် တိုင် ၌ ရေးစေရာ၏။ ဤပြန်တမ်းနှင့် သင်တို့၏ စီရင်စုနယ်ကျယ် သ လောက် အရပ် တိုင်းတို့ သို့ လည်း (လူ) စေလွှတ်ကုန်ရာ၏။

ဤပြန်တမ်းကို ငါတိုင်းခမ်း လှည့် လည် ရာ ဝယ်၊ ၂၅၆ ရက်မြောက်၌ ထုတ်ပြန်တော်မူ၏။

## ၄။ ဘာဗြာ၊ ဝါ၊ ဘဲရာတ်ကျောက်ဆောင်စာငယ်။
(မြန်မာ)

ပိယဒသိ မင်းကြီးသည်၊ မာဂဓ တိုင်း၌၊ သံဃာတော်တို့အား၊ ရှိသေ စွာ ရှိခိုး ၍ လျှောက် ထား သည်မှာ–

အသျှင်တို့သည် အနှောင့်အရှက် ကင်းသည်ဖြစ်၍၊ ကျန်းမာချမ်းသာစွာနေကြရပါစေကုန်သတည်း။

တကာတော်မင်းကြီးသည်၊ ဖုရား၌ရင်း၊ တရား၌

သုဘာသိတေ ဝါ ဧ စု ခေါ ဘံတေ ဟမိယာ=
ယေ ဒိသေယာ ဟောဝံ သဓံမေ

၄။ ။စိလဋ္ဌိတိကေ ဟောသတီ တိ အလဟာမိ
ဟကံ တံ ဝတဝေ။ ဣမာနိ ဘံတေ ဓံမပလိ–
ယာယာနိ ဝိနယသမုကသေ

၅။ ။အလိယဝသာနိ အနာဂတဘယာနိ မုနိဂါ-
ထာ မောနေယသူတေ ဥပတိသပသိနေ ဧ
စ လာဃုလော-

၆။ ။ဝါဒေ မုသာဝါဒံ အဓိဂိစျ ဘဂဝတာ
ဗုဓေန ဘာသိတေ ဧတာန ဘံတေ ဓံမပလိ–
ယာယာနိ ဣဆာမိ

၇။ ။ကိံတိ ဗဟုကေ ဘိခုပါယေ စ ဘိခုနိယေ
စ အဘိခိနံ သုနေယု စ ဥပဓာလေယေယု
စ

၈။ ။ဟေဝံ မေဝါ ဥပါသကာ စ ဥပါသိကာ
စ။ ဧတေန ဘံတေ ဣမံ လိခါပယာမိ အဘိ
ဟေတံ မေ ဇာနံတူ တိ။

ငှင်း၊ သံသရာ၌ ငှင်း၊ အဘယ်မျှ ရှိသေ မြတ်နိုး၍ ကြည်ညိုသည်ကို၊ အသျှင်တို့ အသိဖြစ်ပါသည်။

အိုအရှင်တို့၊ ဖုန်းတော်ကြီးမြတ်တော်မူသော၊ ဗုဒ္ဓဖုရားသျှင်၊ ဟောကြားတော် မူခဲ့သော တရားတော်အခပါင်းတို့သည်ကား ကောင်းစွာဟောကြားတော်မူခဲ့သည် ချည်းသာ ဖြစ်၏။ ထိုတရားတော် တို့တွင်၊ အကြင် တရား တော် တို့ သည် ကောင်း မြတ် သော တရားတော် ဖြစ်၍၊ ရှည်မြဲစွာ တည် ထိုက် သည် ဟု၊ တကာတော် သိမြင် ခဲ့အံ့၊ ထို တ ရား တော် တို့ ကို ကြေငြာလတံ့။

အိုအသျှင်တို့၊ ဤသည်တို့ကား (ဆိုအပ်ခဲ့သော) တ ရား တော် တို့ ၏ အ စိတ် အ ပိုင်း ကျမ်း ဂန် တို့ ပေတည်း။

ဝိနယသမုက္ကံသ၊ အရိယဝံသ၊ အနာဂတဘယ၊ မုနိဂါထာ၊ မောနေယသုတ္တ၊ ဥပတိသပသိန၊ ရာဟုလောဝါဒ (မုသာဝါဒကို အကြောင်းပြု၍၊ ဖုန်းတော်ကြီးမြတ်တော်မူသော ဖုရားသျှင် ဟော ကြား တော်မူသည်)။

ထို တ ရား ကျမ်း ဂန် တို့ အား၊ များ စွာ သော ရ ဟန်း တော် ဘိက္ခု တို့ သည် ငှင်း၊ ရဟန်းတော်မ ဘိက္ခုနီတို့သည်ငှင်း၊ မပြတ်မလတ်ကြားနာ၍၊ စိတ်၌

## ၅။ မသ်ကိကျောက်ဆောင်စာငယ်။

(ပြာကြိုင်)

၁။ ။ဒေဝါနံပိယသ အသောကသ (သာဝနေ။ အမိကာနိ) အပါတိ-

၂။ ။ယာနိ ဝေါနို ယံ အံ့ သုမိ ဗုဓေကော။ (သံဝဆ-ရေ သာ) တိရေ(ကေ)

၃။ ။(အံသု)မိ သံဃံ ဥပဂတေ ဥဠှာနံ စ သုမိ ဥပဂတေ၊ ပုရေ ဇံဗု—

၄။ ။(ဒိပ)သိ ယေ အမိသာ ဒေဝါ ဟုသု တေ ဒါနိ မိသိဘုတာ။ ဠယ အဌေ ခုဒ—

၅။ ။ကေန ပိ ဓမယုတေန သကေ အမိဂတဝေ။န ဟေဝံ ဒဓိတဝိယေ ဥဍ္ဍါ—

မှတ်သား ဆောင်ထားကြရန်၊ တကာတော် အလိုရှိပါ၏ ဖုရား။ လူ ယောကျ်ား လူ မိန်းမ (ဥပါသကာ၊ ဥပါသိကာ) တို့သည်လည်း၊ ထိုနည်းတူစွာ ကြားနာမှတ်သား ဆောင်ထားကြ ပါစေကုန်သတည်း။

တကာတော်၏ ရည်ရွယ်ချက်ကို၊ အားလုံး သိနားလည်ကြစေရန်၊ ဤကဗျည်းကိုရေးသားစေ၏။

## ၅။ မသ်ကိ ကျောက်ဆောင်စာငယ်။

(မြန်မာ)

နတ်တို့ ချစ်မြတ်နိုးသော အသောကာ မင်းကြီး၏ ပြန်တမ်းတော်—

နှစ်နှစ်ခွဲကျော်မျှငါသည်၊ သကျနွယ်ဝင်ဗုဒ္ဓသျှင်၏ တပည့်ဖြစ်ခဲ့၏။ တနှစ်ကျော် ခန့်က ငါသည် သံဃာတော်အားဆည်းကပ်၍၊ (တရားတော်၌) အားထုတ်သဖြင့်၊ ကောင်းစွာ တိုးတက်ခြင်းကို ရခဲ့၏။ ရှေး၌ ဇမ္ဗူဒိပါကျွန်းတွင် နတ်တို့သည် (လူတို့နှင့်) နှီးနှောခြင်း မရှိခဲ့ဖူးသော်လည်း၊ ယခုနှိမ်းနှောလျက်ရှိချေပြီ။ ဤ အ ကျိုး ကို သေး ငယ် သူ တို့ ပင် လည်း၊ တရား၌

၆။ ။လကေ ဋုမ အဓိဂဆေယာ တိ။ ခုဒကေ စ
ဥဒုါလုကေ စ ဝတ—

၇။ ။ဝိယာ ဟေဝံ ဝေ ကလိံတံ ဘဒကေ သေ
အ (ဌေ စိရဋ္ဌိ)တိကေ စ ဝဃိ—

၈။ ။သိတိ စာ ဒိယဃိယံ ဟေဝံ တိ။

အားထုတ်ခြင်းဖြင့်၊ ရရှိခံစားနိုင်လေ၏။ ကြီးမြင့်သူတို့သည်သာ ရရှိခံစားနိုင်သည်ဟု မမှတ်ထင်ရာ။

ကြီးငယ်မဟူတို့အား ဤသို့ပြောကြားရာ၏။ ဤသို့ပြုကျင့်သည်ရှိသော်၊ ဤအကျိုးသည် တိုးတက် ဖွံ့ဖြိုး၍ ရှည်မြဲစွာတည်ပြီးလျှင်၊ နှစ်ဆခွဲတိုင် ပွါးတိုးလိမ့်အံ့။

# အသောက ကျောက်စာများ။

## (၈) ကျောက်တိုင်စာများ။

## ပဉ္စမကျောက်တိုင်စာ။

(မြာကြိုဋ္ဌ)

၁။ ။ဒေဝါနံပိယေ ပိယဒသိ လာဇ ဟေဝံ
အာဟာ၊ သဍုဝိသတိ–

၂။ ။ဝသ-အဘိသိတေန မေ ဣယာ ဓံမလိပိ
လိခါပိတာ။

၃။ ။ဟိဒတပါလတေ ဒုသံပဋိပါဒယေ အံနတ
အဂါယာ ဓံမကာမတာယာ

၄။ ။အဂါယ ပလီခါယာ အဂါယ သုသူသာယာ
အဂေန ဘယေနာ

၅။ ။အဂေန ဥသာဟေနာ။ ဧသ စု ခေါ မမ
အနုသထိယာ

၆။ ။ဓံမာပေခါ ဓံမကာမတာ စာ သုဝေ သုဝေ
ဝဍိတာ ဝဍိသတိ ဝေဝါ။

၇။ ။ပုလိသာ ပိ စ မေ ဥကသာ စာ ဂေဝယာ
စာ မဈိမာ စာ အနုဝိဓိယံတိ

၈။ ။သံပဋိပါဒယံတိ စာ အလံ စပလံ သမာဒ–
ပယိတဝေ ဟေမေဝါ အံတ–

၉။ ။မဟာမာတာ ပိ။ ဧသာ ဟိ ဝိဓိ ယာ ဣယံ
ဓံမေန ပါလနာ ဓံမေန ဝိဓါနေ

၁၀။ ။ဓံမေန သုခိယနာ ဓံမေန ဂေါတီ တိ

## ပဉ္စမ ကျောက်တိုင်စာ။

(မြန်မာ)

နတ်တို့ချစ်မြတ်နိုးသော ပိယဒသိ မင်းကြီး ဤသို့ မိန့်တော်မူ၏။

ဤဘုရား ကျွန်းကို ငါအဘိသိက် ခံ ပြီး သည့် နောက်၊ နှစ် ဆဲ့ ခြောက် နှစ် မြောက်၌ ရေး စေကော် မူ၏။

အစွမ်း ကုန် တ ရား တော် အား မြတ် နိုး ခြင်း၊ အစွမ်း ကုန် (မိမိ ကိုအား) သုံးသပ် ဆင် ခြင်ခြင်း၊ အစွမ်း ကုန် ကျိုး နွံ စွာ (လောက၏) အ ကျိုး ကို သည်ပိုးဆောင်ရွက်ခြင်း၊ အစွမ်းကုန် (မကောင်းမှုမှ) ကြောက်ခြင်း၊ အစွမ်းကုန် ကြိုးစား အား ထုတ် ခြင်း ဖြင့်မှတပါး၊ မျက်မှောက်တမလွန်အကျိုးတို့ကို၊ ရဖို့ရန် ခဲယဉ်းပေ၏။ သို့ရာတွင် ငါဘုရင်မင်းမြတ်၏ အဆုန်း အမကြောင့်၊ တရားတော်အား လို လား ခြင်း သည့် ၎င်း၊ တရားတော်အား မြတ် နိုး ခြင်း သည့် ၎င်း၊ တနေ့ထက် တနေ့ပွါးတိုးခဲ့၏။ (ရှေ့သို့လည်း ဆက် လက်) ပွါးတိုး လိမ့် ဦး အံ့ ။ ငါ၏ အ မှု တော် ထမ်း အရာရှိ အကြီး၊ အငယ်၊ အလတ် တို့ သည် လည်း တရားတော်၌ မတည် မခိုင် ဟိမ်းယိုင် နေသူ တို့ပင်

## ဒုတိယ ကျောက်တိုင်စာ။

(မြွက်ကြိုး)

၁၀။ ။ဒေဝါနံပိယေ ပိယဒသိ လာဇာ

၁၁။ ။ဟေဝံ အာဟာ။ ဓံမေ သာဓူ။ ကိယံ စု ဓံမေ တိ။
အပါသိနဝေ ဗဟု ကယာနေ

၁၂။ ။ဒယာ ဒါနေ သစေ သောစယေ။ စခုဒါနေ ပိ
မေ ဗဟုဝိဓေ ဒိံနေ ဒုပဒ-

၁၃။ ။စတုပဒေသု 'ပခိဝါလိစလေသု ဝိဝိဓေ မေ
အနုဂဟေ ကဋေ အာပါန-

တည်တံ့နိုင်မြဲစေလောက်အောင်၊ ငါ၏ညွှန်ကြားချက်များကိုလိုက်နာ၍၊ အားထုတ် ဆောင်ရွက်ကြကုန်အံ့။

ထိုနည်းတူစွာ နိုင်ငံတော်အစွန်အပရှိ အမတ်ကြီးတို့သည်လည်း လိုက်နာ အားထုတ် ဆောင်ရွက် ကြကုန်ရာ၏။

တရားသဖြင့် ထိန်းသိမ်း စောင့်စည်းခြင်း၊ တရားသဖြင့် စီမံခန့်ခွဲခြင်း၊ တရားသဖြင့် ချမ်းသာကို ခံစားစေခြင်း၊ တရားသဖြင့် ကာကွယ် စောင့်ရှောက်ခြင်းတို့သည်ကား၊ ( နိုင်ငံတော်၏ ) ဥပဒေသ နည်းမျဉ်း တို့ပေတည်း။

## ဒုတိယ ကျောက်တိုင်စာ။

(မြန်မာ)

နတ်တို့ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီး ဤသို့ အမိန့်တော်ရှိ၏။

တရားတော်ကို လိုက်နာ ကျင့်ဆောင် ခြင်းသည် ကောင်း၏။ တရားတော် သည်ကား အဘယ်နည်း။ မကောင်းမှုကြဉ်ရှောင်ခြင်း၊ များစွာသောကောင်းမှုတို့ကို ပြုခြင်း၊ သနားခြင်း၊ ပေးလှူခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်း၊ ကိုယ်စိတ် သန့်စင်စေခြင်းတို့ပေတည်း။

၁၄။ ။ဒါဒိနာယေ အံနာနိ ပိ စ မေ ဗဟူနိ ကယာ- နာနိ ကဋာနိ။ ဧတာယေ မေ

၁၅။ ။အဌာယေ ဣယံ ဓံမလိပိ လိခါပိတာ။ ဟေဝံ အနုပဋိပဇံတု စိလံ

၁၆။ ။ထိတိကာ စ ဟောတူ တီ တိ။ယေ စ ဟေဝံ သံပဋိပဇီသတိ သေ သုကဋံ ကဆတီ တိ။

အမျိုးမျိုးသော နည်းတို့ဖြင့် (ပညာ) မျက်စေ့ အလှူကို ငါပေးခဲ့လေပြီ။ အခြေနှစ်ချောင်းနှင့် အခြေလေးချောင်းတို့အားငင်း၊ အတောင်ရှိ ငှက် များ နှင့် ရေ၌ ကျက်စား ငါး စသော သတ္တဝါတို့ အား ငင်း၊ အထူးထူး အပြားပြား သနား ငဲ့ညှာ ချမ်းသာ ပေးခဲ့လေပြီ။ အသက်၏ အလှူကို ပေးခြင်း စသော အခြားများစွာသော ကောင်းမှုတို့ကိုလည်း ငါပြုခဲ့လေပြီ။

ဤအတိုင်း လိုက်နာကျင့်ဆောင်ကြစေခြင်း အကျိုးငှါ ဤ တရားကဗျည်းကို ရေးထိုး စေ ခဲ့ ၏။ မြဲစွာ တည်ပါစေ သတည်း။ ဤအတိုင်း ကျင့်သုံး ဆောက်တည် သူ တို့ သည်၊ ကောင်း သော အမှု ကို ပြုသည် မည်လတံ့။

## တတိယ ကျောက်တိုင်စာ။

(ပြာကြိုင်)

၁၇။ ။ဒေဝါနံပိယေ ပိယဒသိ လာဇ ဟေဝံ
အဟာ။ ကယာနံ မေဝ ဒေခတိ။ ဣယံ မေ

၁၈။ ။ကယာနေ ကဋေ တိ။ နော မိန ပါပံ ဒေခတိ။
ဣယံ မေ ပါပေ ကဋေ တိ ဣယံ ဝါ အာသိ-
နဝေ

၁၉။ ။နာမာ တိ။ ဒုပဋိဝေခေ စု ခေါ ဧသာ။ ဟေဝံ
စု ခေါ ဧသ ဒေခိယေ။ ဣမာနိ

၂၀။ ။အာသိနဝဂါမီနိ နာမ အထာ စံဍိယေ
နိဋ္ဌူလိယေ ကောဓေ မာနေ ဣသျာ

၂၁။ ။ကာလနေန ဝ ဟကံ မာ ပလိဘာသယိသံ။
ဧသ ဗာဎ ဒေခိယေ။ ဣယံ မေ

၂၂။ ။ဟိဒတိကာယေ ဣယံမန မေ ပါလတိကာ-
ယေ။

## တတိယ ကျောက်တိုင်စာ။
(မြန်မာ)

နတ်တို့ချစ်မြတ်နိုးသော ဝိယဒသီ မင်းကြီးသည်၊ ဤသို့မိန့်တော်မူ၏။

ဤမည်သော ကောင်းမှုကို ငါပြုခဲ့လေပြီဟု၊ မိမိ၏ ကောင်းမှုကို သာလျှင် (လူတို့) မြင်တတ်၏။ ဤမည်သော မကောင်းမှုကို ငါ ပြုမိ၏။ ဤ သည် ကား ငါ၏အပြစ်ပါတကားဟု၊ မိမိ၏ မကောင်းမှုကို လူတို့ မမြင်တတ်၊ ဤသို့ ဆင်ခြင် ရှုမြင် ရန် ကား ခဲယဉ်းလှပေ၏တကား။

ဤသည်တို့သည်ကား အပြစ်သို့ သက်ရောက် စေသော တရားတို့ပေတည်း။

ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ အမျက်ထွက်ခြင်း၊ တ်ဆောင်လွှားခြင်း၊ နာလိုခြင်း။

ဤအကြောင်းတို့ဖြင့် ငါသည် ချုတ်ချယ် ပြောဆိုခြင်းကို မပြုလတံ့။ ဤသည်ကား ငါ၏ မျက်မှောက် လောကအဖို့၊ ဤသည်ကား ငါ၏ တမန္တန် လောကအဖို့၊ ဤသို့ ကောင်းစွာရှုဆင်ခြင်ရာ၏။

## စတုတ္ထ ကျောက်တိုင်စာ။

(မြာကြိုဋ္ဌ)

၁။ ။ဒေဝါနံပိယေ ပိယဒသိ လာဇ ဟေဝံ
အာဟာ။ သဍုဝီသတိဝသ—

၂။ ။အဘိသိတေန မေ ဣယံ ဓံမလိပိ လိခါပိ-
တာ။ လဇူကာ မေ

၃။ ။ဗဟူသု ပါနသတသဟသေသု ဇနသိ အာ-
ယတာ တေသံ ယေ အဘိဟာလေ ဝါ

၄။ ။ဒံဍေ ဝါ အတပတိယေ မေ ကဋေ။ ကိံ တေ။
လဇူကာ အဿထ အဘီတာ

၅။ ။ကံမာနိ ပဝတယေဝူ ဇနသ ဇာနပဒသာ
ဟိတသုခံ ဥပဒဟေဝူ

၆။ ။အနုဂဟိနေဝု စာ။ သုခီယနဒုခီယနံ ဇာနိ-
သံတိ ဓံမယုတေန စ

၇။ ။ဝိယောဝဒိသံတိ ဇနံ ဇာနပဒံ၊ကိံ တိ၊ဟိဒတံ
စ ပါလတံ စ

၈။ ။အာလာဓယေဝူ တိ။ လဇူကာ ပိ လဃံတိ
ပဋိစလိတဝေ မံ ပုလိသာနိ ပိ မေ

၉။ ။ဆံဒံနာနိ ပဋိစလိသံတိ တေ ပိ စ ကာနိ
ဝိယောဝဒိသံတိ ယေန မံ လဇူကာ

## စတုတ္ထ ကျောက်တိုင်စာ။

(မြန်မာ)

နတ်တို့ ချစ်မြတ်နိုးသော ပိယဒဿိ မင်းကြီး ဤသို့ မိန့်တော်မူ၏။

ငါအဘိသိက်ခံသည်မှ၊ နှစ်ဆဲ့ခြောက်နှစ်မြောက်၌၊ ဤတရားကဗျည်းကို ရေးထိုးခစေ၏။

ရဇ္ဇုကခေါ် ငါ၏ အမတ်ကြီးများသည်၊ သိန်းပေါင်းများစွာသော သူတို့၏ မှီခိုရာ ဖြစ်ကြကုန်၏။ ထိုအမတ်ကြီးတို့အား ချီးမြှင့်မစခြင်း၊ အပြစ်ဒဏ်ပေးခြင်း အာဏာ များကို ငါအပ်နှင်းထားလေပြီ။ ဤသို့ အပ်နှင်းထားသည်မှာ၊ ၎င်းတို့သည် ကိုယ်ကျိုးကို မငဲ့မကွက်၊ မကြောက်မရွံ့ပဲ၊ အမှုကိစ္စများကို စီရင်ဆုန်းဖြတ်လျက်၊ တိုင်းသူပြည်သား၊ နယ်သူနယ်သားတို့၏ စီးပွါးချမ်းသာကို ဆောင်ကြဉ်းကာ၊ ထိုသူတို့၏ အကျိုးကို သည်ပိုးရန် ဖြစ်သည်ပြင်၊ ထိုသူတို့၏ ဆင်းရဲခြင်း ချမ်းသာခြင်း အကြောင်းတို့ကို သိ၍၊ ထိုတိုင်းသူပြည်သား၊ နယ်သူနယ်သားတို့အား၊ တရား၌ အားထုတ်ရန် ဆုန်းမ ဩဝါဒ ပေးစေခြင်းငှါ ဖြစ်၏။ သို့မှသာ ဤဘဝ နောင်ဘဝတို့၏အကျိုးကို ထိုသူတို့ ခံစားကြရကုန်အံ့။

၁၀။ စဃ တိ အာလာဓယိတဝေ။ အထာ ဟိ ပဇံ
ဝိယတာယေ ဓာတိယေ နိသိဇိတု

၁၁။ ။အသွထေ ဟောတိ။ ဝိယတ ဓါတိ စဃတိ
မေ ပဇံ သုခံ ပလိဟဋဝေ၊

၁၂။ ။ဟေဝံ မမာ လဇူကာ ကဋာ ဇာနပဒသ
ဟိတသုခါယေ၊ ယေန ဧတေ အဘီတာ

၁၃။ ။အသွထ သံတံ အဝိမနာ ကံမာနိ ပဝတယေဝူ
တိ ဧတေန မေ လဇူကာနံ

၁၄။ ။အဘိဟာလေ ဝ ဒံဍေ ဝါ အတပတိယေ
ကဋေ။ ဣဆိတဝိယေ ဟိ ဧသာ၊ ကိံတိ၊

၁၅။ ။ဝိယောဟာလသမတာ စ သိယ ဒံဍသမတာ
စာ။ အဝ ဣတေ ပိ စ မေ အာဝုတိ။

၁၆။ ။ဗံဓန ဗဓါနံ မုနိသာနံ တီလိတဒံဍာနံ ပတဝ-
ဓါနံ တိံနိ ဒိဝသာနိ မေ

၁၇။ ။ယောတေ ဒိံနေ။ နာတိကာ ဝ ကာနိ
နိဈပယိသံတိ ဇီဝိတာယေ တာနံ

၁၈။ ။နာသံတံ ဝါ နိဈပယိတာ ဒါနံ ဒါဟံတိ
ပါလတိကံ ဥပဝါသံ ဝ ကဆံတိ

ရဋ္ဌုကအမတ်ကြီး တို့သည်၊ ငါ၏ အမှုတော်ကို ကျေပွန်အောင်၊ ကောင်းစွာ ဆောင်ရွက်ကြကုန်အံ့။ ဟုရသခေါ် ငါ၏ အမှုထမ်းတို့သည်လည်း၊ ငါ၏အလို ဆန္ဒများကို ဖြည့်ဆည်း၍၊ ရဋ္ဌုကအမတ်ကြီးတို့သည် အမှုတော်ကို ကျေပွန်အောင် ကောင်းစွာသမ်းဆောင် နိုင်ကြစေခြင်းငှါ၊ လူတို့အား ဆုန်းမ ဩဝါဒ ပေးကြ စေကုန်သတည်း။

မိမိ၏သားကို လိမ္မာသော နို့ထိန်းထံ အပ်နှံပြီး သော်၊ ထိုလိမ္မာသော နို့ထိန်းသည် ငါ၏သားအား ချမ်းသာကို ဆောင်လတံ့ဟု၊ စိုးရိမ်ကင်းမဲ့ခြင်း ဖြစ် သကဲ့သို့၊ ငါသည်လည်း နယ်သူ နယ်သား တို့အား၊ ၎င်းတို့၏ စီးပွါး ချမ်းသာ အလို့ငှါ၊ ငါ၏ ရဋ္ဌုက အမတ်ကြီးတို့ထံ အပ်နှံထားပေ၏။

ထိုရဋ္ဌုက အမတ်ကြီး တို့သည်၊ မကြောက်မရွံ့၊ ကိုကျိုးကို မငဲ့မကွက်၊ မမေ့မလျော့၊ တည်ကြည်စွာ၊ မိမိတို့၏ ဝတ္တရားများကို ဆောင်ရွက် နိုင်စေခြင်းငှါ၊ ၎င်းတို့အား ချီးမြှင့် မစခြင်း၊ အပြစ် ဒဏ် ပေး ခြင်း အာဏာများကို ငါအပ်နှင်း ထားပေ၏။ သို့မှသာ ၎င်းတို့သည်၊ တရား စီရင်ဆုန်းဖြတ်ရာ၌၎င်း၊ အပြစ် ဒဏ်ပေးရာ၌၎င်း၊ မျှတမှန်ကန်ပေမည်။

၁၉။ ။ဣဆာ ဟိ မေ၊ ဟေဝံ နိလုဓသိ ပိ ကာလသိ ပါလတံ အာလာဓယေဂူ တိ ဇနသ စ

၂၀။ ။ဝဓတိ ဝိဝိဓေ ဓံမစလနေ သံယမေ ဒါနသ ဝိဘာဂေ တိ။

ဤ သို့ ပင် လည်း ငါ အ မိန့် ပေး တုံ့ သေး ၏။ အ ပြစ် ဒဏ် ရ ပြီး သ ဖြင့် သတ်အံ့သောငှါ၊ ထောင် အကျဉ်း ခံနေရသူ တို့အား၊ ပြင်ဆင် စီမံခွင့် သုံးရက် တာမျှ ပေးရာ၏။ (ဤအတွင်း)) ထိုသူတို့၏ ဆွေမျိုး သားချင်းတို့သည်၊ အသက် ချမ်းသာ ရ စိမ့် သော ငှါ (နည်းလမ်းများကို) ကြံစည် ရှာဖွေ ကြလိမ့်ကုန်အံ့။ ဤသို့ကြံစည်လျက် ပျက်စီးရမည်ပင် ဖြစ်သော်လည်း၊ နောင်ဘဝအတွက် အလှူ့သော်လည်း ပေးစေ ရာ၏။ ဥပုသ်သော်လည်း စောင့်ထိန်းစေရာ၏။

ငါ အ လို ရှိ တော် မူ သည် ကား၊ ဤသို့ သေကြေ ပျက်စီးအံ့ဆဲဆဲ၌ပင်၊ နောင် ဘ ဝ အဖို့ အားထုတ်၍၊ လူတို့သည် အမျိုးမျိုးသောနည်းတို့ဖြင့် တရားကျင့်သုံး ဆောက်တည်ခြင်း၊ မြိုးမြိစွာကျင့်ခြင်း၊ အလှူပေးဝေငှ ခြင်းတို့၌ တိုးတက်ရန်ဖြစ်၏။

## ပဌမ ကျောက်တိုင်စာ။

(ပြာကြိုင်ရ)

၁။ ။ဒေဝါနံပိယေ ပိယဒသိ လာဇ ဟေဝံ အဟာ။ သဍုဝီသတိဝသ-

၂။ အဘိသိတေန မေ ဣမာနိ ဇာတာနိ အဝ-ဓိယာနိ ကဋာနိ။ သေ ယထာ

၃။ ၊သုကေ သာလိကာ အလုနေ စကဝါကေ ဟံသေ နံဒီမုခေ ဂေလာဋေ

၄။ ။ဇတူကာ အံဗာကပီလိကာ ဒုဍိ အနဋ္ဌိက-မစ္ဆေ ဝေဒဝေယကေ

၅။ ။ဂံဂါပုပုဋကေ သံကုဇမစ္ဆေ ကဖဋသယကေ ပံနသသေ သိမလေ

၆။ ။သံဒကေ ဩကပိံဍေ ပလသတေ သေတ-ကပေါတေ ဂါမကပေါတေ

၇။ ၊သဝေ စတုပဒေ ယေ ပဋိဘောဂံ နော ဧတိ န စ ခါဒိယတိ

၈။ ဇေကာ စာ သူကလီ စာ ဂဗ္ဘိနီ ဝ ပါယ-မီနာ ဝ အဝဓိယာ ပေါတကေ

၉။ ။ပိ စ ကာနိ အာသံမာသိကေ ဝဓိကုကုဋေ နော ကဋဝိယေ၊ တုသေ သဇီဝေ

## ပဌမ ကျောက်တိုင်စာ။

(မြန်မာ)

နတ်တို့ ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီး ဤသို့ မိန့်တော်မူ၏။

ငါ အဘိသိက်ခံသည်မှ နှစ်ဆဲ့ခြောက်နှစ်မြောက်၌၊ ဤသတ္တဝါတို့အား သတ်ဖြတ်ခြင်းမှ တားမြစ်တော်မူ၏။

ကျေး (ကြက်တူရွေး)၊ သာလိကာ၊ ငှက်ကြီးတုံးစပ်၊ စက္ကဝက်၊ ဟင်္သာ၊ နန္ဒိမုခ၊ ကြိုးကြာ၊ လင်းနို့၊ ခါချဉ်၊ ရေလိပ်၊ အရိုးမဲ့ငါး၊ ဇီဝံဇိုး၊ ဂင်္ဂါရေကြက်၊ ငါးတန်၊ ကုန်းလိပ်၊ ဖြူ၊ ရှဉ့်၊ စာမရိသား၊ နွားလား၊ မျောက်၊ သမင်၊ ချိုး၊ ခို၊ အသုံးလည်းမပြု စားလည်း မစားသော ခြေလေးချောင်းကောင်အားလုံး။

ကိုဝန်ဆောင်၊ သို့မဟုတ်၊ နို့တိုက်နေသော ဆိတ်မ ဝက်မနှင့်၊ ခြောက်လအောက်အရွယ်သားငယ်တို့ကို မသတ်ရာ။ ကြက်ဖတို့ကို မသင်းရာ။ (ပိုးမွှားစသည်) သက်ရှိ သတ္တဝါတို့နှင့် မကင်းသော ဖွဲတို့ကို

၁၀။ နော ရျာပေတဝိယေ၊ ဒါဝေ အနဋ္ဌာယေ
ဝါ ဝိဟိသာယေ ဝါ နော ရျာပေတဝိယေ။

၁၁။ ဇီဝေန ဇီဝေ နော ပုသိတဝိယေ။ တီသု
စာတုံမာသီသု တိသာယံ ပုံနမာသိယံ

၁၂။ ။တိံနိ ဒိဝသာနိ စာဝုဒသံ ပံနဍသံ ပဋိပဒါ-
ယေ ဓုဝါယေ စာ

၁၃။ ။အနုပေါသထံ မဆေ အဝဓိယေ နော ပိ
ဝိကေတဝိယေ။ ဧတာနိ ယေဝ ဒိဝသာနိ

၁၄။ ။နာဂဝနသိ ကေဝဋ္ဋဘောဂသိ ယာနိ အံနာနိ
ပိ ဇီဝနိကာယာနိ

၁၅။ ။နော ဟံတဝိယာနိ။ အဋ္ဌမီပခါယေ စာဝုဒ-
သာယေ ပံနဍသာယေ တိသာယေ

၁၆။ ။ပုနာဝသုနေ တီသု စာတုံမာသီသု သုဒိဝ-
သာယေ ဂေါနေ နော နီလခိတဝိယေ။

၁၇။ ။အဇကေ ဧဍကေ သူကလေ ဧ ဝါ ပိ အံနေ
နီလခိယတိ နော နီလခိတဝိယေ။

မီးမရှို့ရာ။ အကြောင်းမဲ့သော်၎င်း၊ အသက် တို့ကို သေကြေပျက်စီး စေရန် သော်၎င်း၊ တောတို့ကို မီး မတိုက်ရာ၊ သတ္တဝါတကောင်၏ အသက်ဖြင့်၊ အခြား သတ္တဝါတကောင်အား မကျွေးမွေးရာ။

လေးလစီရှိသော ဥတုသုံးပါးတို့၏ ဆန်းသုံးရက် တို့၌၎င်း၊ တိသ (ဖုသျှ) နက္ခတ်နှင့်ယှဉ်သော နေ့တို့၌ ၎င်း၊ လပြည့်နေ့တို့၌၎င်း၊ တဆဲ့လေးရက်၊ တဆဲ့ ငါးရက်နှင့်၊ ဆန်း ဆုတ် တရက်တည်းဟူသောသုံးနေ့ တို့၌၎င်း၊ ဥပုသ်နေ့တိုင်းတို့၌၎င်း၊ငါးတို့ကိုမသတ်ရာ၊ မရောင်းရာ။

ထိုနေ့တို့၌ပင် နာဂဝန (ဆင်တော) နှင့် တံငါတို့ ကျက်စားရာ အရပ်တို့၌၊ အခြား မည်သည့် သတ္တဝါ တို့ကိုမျှလည်း မသတ်ရာ။

ရှစ်ရက် ပက္ခ တို့၌၎င်း၊ တဆဲ့လေးရက်၊ တဆဲ ငါးရက် လကွယ် လပြည့်နေ့တို့၌၎င်း၊ တိသ (ဖုသျှ) နက္ခတ်နှင့်ယှဉ်သော နေ့တို့၌၎င်း၊ ပုနဗ္ဗသု နက္ခတ်နှင့် ယှဉ်သောနေ့တို့၌၎င်း၊ လေးလစီရှိသော ဥတုသုံးပါး တို့၏ ဆန်းသုံးရက်တို့၌၎င်း၊ နေ့ထူးနေ့မြတ်တို့၌၎င်း၊ နွားတို့ကို မသင်းရာ။ ဆိတ်၊ သိုး ဝက်နှင့် အခြား သင်းလေ့ရှိသော သတ္တဝါတို့အားလည်း မသင်းရာ။

တိသ (ဖုသျှ) နက္ခတ်နှင့် ယှဉ်သောနေ့၊ ပုနဗ္ဗသု နက္ခတ် နှင့် ယှဉ်သောနေ့၊ လေးလ တကြိမ် ဥတု

၁၇။ ။တိဿာယေ ပုနာဝ္ သုနေ စာတုံမာသိယေ
စာတုံမာသိပခါယေ အသွသာ ဂေါနသာ

၁၉။ ။လခနေ နော ကဍဝိယေ။ယ်ာဝ သဍူဝိသတိ-
ဝသအဘိသိတေန မေ တောယေ

၂၀။ ။အံတလိကာယေ ပံနဝိသတိ ဗံဓနမောခါနိ
ကဋာနိ။

## ဆင္ဒမ ကျောက်တိုင်စာ။

(မြူကြိုး)

၁။ ။ဒေဝါနံပိယေ ပိယဒသိ လာဇ ဟေဝံ အဟာ။
ဒုဝါဍသ—

၂။ ။ဝသ-အဘိသိတေန မေ ဓံမလိပိ လိခါပိတာ
လောကသာ

၃။ ။ဟိတသုခါယေ။ သေ တံ အပဟဋ္ဋာ တံ တံ
ဓံမပဝ ပါပေါဝါ။

၄။ ။ဟေဝံ လောကသာ ဟိတသုခေ တိ ပဋိ-
ဝေခါမိ အထ ဣယ

၅။ ။နာတိသု ဟေဝံ ပတိယာသံနေသု ဟေဝံ
အပကဋ္ဌေသု

ဆန်းရက်တို့၌ဂုဏ်း၊ လေးလတကြိမ် ဥတုဆန်းသည်မှ ပက္ခ (တဆဲ့လေးရက်) နေ့တိုင်း တို့၌ ဂုဏ်း၊ မြင်း၊ ဆိတ်၊ နွားတို့အား တန်ဆိပ် မခတ်ရာ။

ငါ အဘိသိက်ခံသည်မှ၊ နှစ်ဆဲ့ခြောက်နှစ်သော ကာလ အ တွင်း၌၊ နှစ်ဆဲ့ငါးကြိမ် တိုင်၊ ထောင် အကျဉ်းသားတို့အား ငါလွှတ်ခဲ့လေပြီ။

## ဆဋ္ဌမ ကျောက်တိုင်စာ။

(မြန်မာ)

နတ်တို့ချစ်မြတ်နိုးသော ပိယဒသိ မင်းကြီး ဤသို့ မိန့်တော်မူ၏။

ငါ အဘိသိက်ခံသည်မှ တစ်ဆဲ့နှစ်နှစ် မြောက်၌ လူအပေါင်းတို့၏ စီးပွါး ချမ်း သာ အ လို့ ငှါ၊ တရား ကဗျည်းများကို ငါရေးထိုးစေ၏။ လူတို့သည်သိုတရား ကဗျည်းများကို၊ ချိုးဖေါက်ဖျက်ဆီးခြင်း မပြုပဲ၊ ထိုထို တရားတို့၌၊ ကြီးပွါးတိုးဘက်ခြင်းသို့ရောက်ကုန်ရာ၏။

ဤသို့လျှင် လူအပေါင်းတို့၏ စီးပွါး ချမ်းသာ ကို၊ ငါ စောင့်ရှောက် ကြည့်ရှု ပါ၏။ ငါ၏ အဆွေ အမျိုး တို့နှင့် အလားတူ၊ ငါနှင့် အနီး အဝေး နေ သူ တို့ ၏ စီးပွါး ချမ်းသာ ကိုလည်း ငါ စောင့် ရှောက် ကြည့် ရှု

၆။ ။ကိမ္မံ ကာနိ သုခံ အဝဟာမိ တိ တထ စ
ဝိဒဟာမိ။ ဟေမေဝါ

၇။ ။သဝနိကာယေသု ပဋိဝေခါမိ။သဝပါသံဍါ ပိ
မေ ပူဇိတာ

၈။ ။ဝိဝိဓါယ ပူဇာယာ။ ဧ စု ဣယံ အတုနာ
ပစ္စူပဂမနေ

၉။ သေ မေ မောချမတေ။ သဍုဝိသတိဝသ—
အဘိသိတေန မေ

၁၀။ ။ဣယံ ဓံမလိပိ လိခါပိတာ။

## **သတ္တမကျောက်တိုင်စာ။**

(ပြာကြိုင်)

၁၁။ ဒေဝါနံပိယေ ပိယဒသိ လာဇာ ဟေဝံ
အာဟာ။ ယေ အတိကံတံ

၁၂။ ။အံဘလံ လာဇာနေ ဟုသု ဟေဝံ ဣဆိသု။
ကထံ

၁၃။ ။ဇနေ ဓံမဝဍိယာ ဝဎေယာ နော စု ဇနေ
အနုလုပါယာ ဓံမဝဎိယာ

ပိ၏။ မည်သူ့အားမဆို၊ မည်သည့် ချမ်းသာကို မဆို၊ ဆောင်နိုင်က၊ ငါဆောင်အံ့။ ဤသို့လျှင် ခပ်သိမ်းသော အမျိုးသားတို့အား ငါစောင့် ရှောက် ကြည့်ရှု တော်မူ၏။

ခပ်သိမ်းသော အယူဝါဒဂိုဏ်းသားတို့အားလည်း အထူးထူးသော ပူဇော်ခြင်းတို့ဖြင့်၊ ငါ ချီးမြှင့် ပူဇော် တော်မူ၏။ သို့ ရာ တွင် ထိုသူ တို့အား မိမိ ကို တိုင် သွားရောက်တွေ့ဆုံခြင်းသည်သာ အရေးကြီးသည်ဟု ငါ ထင်မှတ်တော်မူ၏။

ငါ အဘိသိက်ခံသည်မှ နှစ်ဆဲ့ခြောက်နှစ်မြောက်၌။ ဤ တရားကဗျည်းကိုရေးထိုးစေ၏။

## သတ္တမ ကျောက်တိုင်စာ။

(မြန်မာ)

နတ်တို့ချစ်မြတ်နိုးသော ပိယဒသိ မင်းကြီး ဤသို့ မိန့်တော်မူ၏။

လွန်လေပြီးသောကာလတို့၌၊ မင်းတို့သည် မည်သို့လျှင်၊ လူတို့အားတရားတော်၌ တိုးတက်ကြီးပွါးစေအံ့နည်းဟု၊ တောင့်တခဲ့ကြ၏။ သို့ရာတွင်၊ လူတို့သည်သင့်လျော်စွာ တရားတော်၌ မတိုးတက်၊ မကြီးပွါးခဲ့ချေ။

၁၄။ ။ဝဎိယာ၊ဧတံ ဒေဝါနံပိယေ ပိယဒသိ လာဇာ
ဟေဝံ အာဟာ။ ဧသ မေ

၁၅။ ။ဟုထာ။ အတိကံတံ စ အံတလံ ဟေဝံ ဇူဆိသု
လာဇာနေ ကထံ ဇနေ

၁၆။ ။အနုလုပါယာ ဓံမဝဎိယာ ဝဎေယာ တိ။နော
စ ဇနေ အနုလုပါယာ။

၁၇။ ။ဓံမဝဎိယာ ဝဎိထာ။ သေ ကိနသု ဇနေ
အနုပဋိပဇေယာ။

၁၈။ ။ကိနသု ဇနေ အနုလုပါယာ ဓံမဝဎိယာ
ဝဎေယာ တိ။ ကိနသု ကာနိ

၁၉။ ။အဘျုံနာမယေဟံ ဓံမဝဎိယာ တိ။ ဧတံ
ဒေဝါနံပိယေ ပိယဒသိ လာဇာ ဟေဝံ

၂၀။ ။အာဟာ။ ဧသ မေ ဟုထာ ဓံမသာဝနာနိ
သာဝါပယာမိ ဓံမာနုသထိနိ

၂၁။ ။အနုသာသာမိ။ဧတံ ဇနေ သုတု အနုပဋိပဇီ
သတိ အဘျုံနမိသတိ၊

၂၂။ ။ဓံမဝဎိယာ စ ဗါဎံ ဝဎိသတိ။ဧတာယေ မေ
အဌာယေ ဓံမသာဝနာနိ သာဝါပိတာနိ
ဓံမာနုသထိနိ ဝိဝိဓါနိ အာနပိတာနိ ယထာ
ပုလိသာ ပိ ဗဟုနေ ဇနသိ အာယတာ ဧ
တေ ပလိယောဝဒိသံတိ ပိ ပဝိထလိသံတိ ပိ။
လဇူကာ ပိ ဗဟုကေသု ပါနသတသဟ

ဤ အချက်၌ နတ်တို့ ချစ်မြတ် နိုးသော ပိယဒသီ မင်းကြီး၊ ဤသို့မိန့်တော်မူ၏။

ငါ ဤသို့ စဉ်း စား မိ ၏။ ရှေး၌ မင်း တို့သည် မည်သို့လျှင်၊ လူတို့အား၊ တရား တော်၌ တိုး တက် ကြီးပွါးစေအံ့နည်းဟု၊ တောင့်တခဲ့ကြ၏။ သို့ရာတွင် လူတို့သည် သင့်လျော်စွာ၊ တရားတော်၌၊ မတိုးတက် မကြီးပွါးခဲ့ချေ။ မည်သို့လျှင် လူတို့အား တရားတော်ကို လိုက်နာ ကျင့်ဆောင်ပါစေအံ့နည်း။ မည်သို့လျှင် လူတို့အား၊ တရားတော်၌ တိုးတက် ကြီးပွါး ပါစေ အံ့နည်း။ တရားတော်၌တိုးတက်ကြီးပွါးခြင်းအလို့ငှါ၊ မည် သို့ လျှင်၊ မည် သူ အား၊ ချီး မြှင့် မြောက် စား ပါအံ့နည်း။

နတ်တို့ ချစ်မြတ်နိုးသော ပိယဒသီမင်းကြီး ဤသို့ မိန့်တော်မူ၏။

ငါ ဤသို့အကြံရ၏။ လူတို့အား တရားဟော ပြော သည်ကို ကြား နာ စေ ၍ တရား အဆုန်း အမ ဖြင့် ဆုန်းမစေအံ့၊ လူတို့သည် ဤဟောကြား ဆုန်းမသည် တို့ကို ကြားနာရသော်၊ တရားဘော်အား လိုက်နာ ကျင့်ဆောင်ကြ၍၊ မြင့်မြတ် တက်ကြွ လာကြပြီးလျှင်၊ တရားတော်၌ အမှန်တိုးတက်ကြီးပွါးလာလိမ့်အံ့။

ဤအကျိုးငှါ၊ ငါသည် တရား အဟော အပြော တို့ ကို ဟော ပြော စေ ၍၊ တရား အဆုန်း အမ တို့

သေသု အာယတာ တေ ပိ မေ အာနပိတာ။
ဟေဝံ စ ဟေဝံ စ ပလိယောဝဒါထ

၂၃။ ။ဇနံ ဓံမယုတံ။ ဒေဝါနံပိယေ ပိယဒသိ ဟေဝံ
အာဟာ။ ဧတမေဝ မေ အနုဝေခမာနေ
ဓံမထံဘာနိ ကဋာနိ ဓံမမဟာမာတာ ကဋာ
ဓံမသာဝနေ ကဋေ။ ဒေဝါနံပိယေ ပိယဒသိ
လာဇာ ဟေဝံ အာဟာ၊ မဂေသု ပိ မေ
နိဂေါဟာနိ လောပါပိတာနိ ဆာယော-
ပဂါနိ ဟောသံတိ ပသုမုနိသာနံ။ အံဗါဝ-
ဍိကျာ လောပါပိတာ။ အဎကောသိကျာနိ ပိ
မေ ဥဒုပါနာနိ

၂၄။ ။ခါနာပါပိတာနိ။ နိံသိဓိယာ စ ကာလာ-
ပိတာ။ အာပါနာနိ မေ ဗဟုကာနိ တတ
တတ ကာလာပိတာနိ ပဋိဘောဂါယေ
ပသုမုနိသာနံ။လဟုကေ စု ဧသ ပဋိဘောဂေ
နာမ။ ဝိဝိဓါယာ ဟိ သုခါယနာယာ ပုလိ-
မေဟိ ပိ လာဇီဟိ မမယာ စ သုခယိတေ
လောကေ ဣမံ စု ဓံမနုပဋိပဋိ အနုပဋိပဇံတု
တိ ဧတဒထာ မေ

၂၅။ ။ဧသ ကဋေ။ ဒေဝါနံပိယေ ပိယဒသိ ဟေဝံ
အာဟာ။ ဓံမမဟာမာတာ ပိ မေ တေ
ဗဟုဝိဓေသု အဋ္ဌေသု အာနုဂဟိကေသု

ကိုလည်း။ အနည်းနည်း ဖြင့် အမိန့် ပေးခဲ့လေပြီ။ များစွာသောလူတို့၏ ခိုလှုံရာဖြစ်သော၊ ပုရိသာ ခေါ် ငါ၏အမှုထမ်းတို့သည်၊ ငါဟောပြော ဆုန်းမသည် တို့ကို၊ ဝန်းကျင်ဟောကြား ပြန့်နှံ့ စေရာ၏။ ထောင် သောင်း များ စွာ သော လူတို့၏ ခိုလှုံရာ ဖြစ်သော ရဇ္ဇုကာ အမတ်ကြီးတို့အားလည်း တရားတော်နှင့် စပ်လျဉ်း၍၊ လူတို့အား ဤသို့ ဤသို့လျှင် ဟောကြား ဆုန်းမရာ၏ဟု၊ ငါအမိန့် ချမှတ်ထားတော်မူလေပြီ။

နတ်တို့ချစ်မြတ်နိုးသော ပိယဒသီမင်းကြီး ဤသို့ မိန့်တော်မူ၏။

ဤ အ ကြောင်း ကို မြော် မြင် လျက်၊ တရား ကျောက်တိုင်များကို စိုက်ထူခဲ့လေပြီ။ တရား အမတ် ကြီးများကိုလည်း ခန့်ထားခဲ့လေပြီ။ တရားဟောပြော ခြင်းတို့ကိုလည်း ပြုစေခဲ့လေပြီ။

နတ်တို့ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီး ဤသို့ မိန့်တော်မူ၏။

လူနှင့် တိရစ္ဆာန် တို့အား အရိပ် ဖြစ်စေခြင်းငှါ၊ လမ်းတို့၌ ညောင်ပင် များ ကို စိုက်ပျိုး စေခဲ့ လေပြီ။ သရက် ဥယျာဉ် များကိုလည်း စိုက်ပျိုး စေခဲ့ လေပြီ၊ ရှစ်ကောသတိုင်းတို့၌ သောက်ရေတွင်းတို့ကို တူးစေ ခဲ့လေပြီ။တည်းအိမ်တို့ကိုလည်း ဆောက်စေ ခဲ့လေပြီ။ လူနှင့်တိရစ္ဆာန်တို့ သုံးဆောင်စိမ့်သောငှါ၊ များစွာ

ဝိယာပဋာသေ ပဝဇိတာနံ စေဝ ဂိဟိထာနံ
စ။ သဝပသံဍေသု ပိ စ ဝိယာပတာသေ။
သံဃဋသိ ပိ မေ ကဋေ ဣမေ ဝိယာပဋာ
ဟောဟံတိ တိ။ ဟေမေဝ ဗာဘနေသု
အာဇီဝိကေသု ပိ မေ ကဋေ
၂၆။ ။ဣမေ ဝိယာပဋာ ဟောဟံတိ တိ။ နိဂံဌေသု
ပိ မေ ကဋေ ဣမေ ဝိယာပဋာ ဟောဟံတိ။
နာနာပါသံဍေသု ပိ မေ ကဋေ ဣမေ ဝိယာ=
ပဋာ ဟောဟံတိ တိ။ ပဋိဝိသိဋံ ပဋိဝိသိဋံ
တေသု တေသု တေ တေ မဟာမာတာ။
ဓံမမဟာမာတာ စု မေ ဧတေသု စေဝ
ဝိယာပဋာ သဝေသု စ အံနေသု ပါသံဍေသု။
ဒေဝါနံပိယေ ပိယဒသိ လာဇာ ဟေဝံ
အာဟာ
၂၇။ ။ဧတေ စ အံနေ စ ဗဟုကာ မုခါ ဒါနဝိသ-
ဂသိ ဝိယာပဋာသေ မမ စေဝ ဒေဝိနံ စ။
သဝသိ စ မေ [ဩ]လောဓနသိ တေ ဗဟုဝိ-
ဓေန အာကာလေန တာနိ တာနိ တုဋာ-
ယတနာနိ ပဋိပါဒယံတိ ဟိဒ စေဝ ဒိသာသု
စ။ ဒါလကာနံ ပိ စ မေ ကဋေ အံနာနံ စ
ဒေဝိကုမာလာနံ ဣမေ ဒါနဝိသဂေသု ဝိယာ-
ပဋာ ဟောဟံတိ တိ

သော ရေ ချမ်း စင် တို့ ကို လည်း ထို ထို အရပ် တို့၌ ဆောက်စေခဲ့လေပြီ။ ဤအသုံး အဆောင် တို့ သည် ကား၊ မပြောပလောက်ပေ။ ရှေး မင်း တို့သည် ၎င်း၊ ငါသည် ၎င်း၊ အထူးထူးသော ချမ်းသာခြင်း တို့ဖြင့် လူတို့အား ချမ်းသာစေခဲ့လေပြီ။ သို့ရာတွင် ဤသည် တို့ ကိုကား၊ လူတို့သည် တရား ကျင့် ဝတ် များ ကို လိုက် နာ ကျင့် သုံး စေ ခြင်း ငှါ သာ လျှင်၊ ငါ ဆောင်ရွက်ပေ၏။

နတ်တို့ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီး ဤသို့ မိန့်တော်မူ၏။

ငါ၏ တ ရား အ မတ် ကြီး တို့သည် ရသေ့ရဟန်း တို့အား၎င်း၊အိမ်ရာထောင်သူတို့အား၎င်း၊ အထူးထူး သော စီမံခြင်းတို့ဖြင့်၊ချီးမြှင့်ထောက်ပံ့ရန်၊ အားထုတ် ဆောင် ရွက် လျက် ရှိကြ ကုန် ၏။ အား လုံး သော ဘာသာဝင်တို့ အတွက်ပင်၊ ဆောင် ရွက်လျက် ရှိကြ ကုန်၏။ သံဃာတော်၏အကျိုးငှါလည်း၊ ၎င်းတို့အား ငါ ဆောင်ရွက်စေ၏။ ထိုနည်းတူစွာ ဗြဟ္မဏ၊ အာဇီဝိက၊ နိဂဏ္ဌရဟန်းတို့နှင့်၊ အမျိုးမျိုးသော အယူဝါဒ ဂိုဏ်းသားတို့၏ အ ကျိုး ငှါလည်း၊ ၎င်းတို့အား ငါ ဆောင်ရွက်စေ၏။ ထိုထို ဂိုဏ်းအသီးသီးတို့၌။ ထိုထို သီးသန့်အမတ်ကြီးများကို စေလွှတ်ဆောင်ရွက်စေ၍၊ တရား အမတ်ကြီးတို့ကို မူကား၊ ထို ဂိုဏ်းအသီးသီး

၂၈။ ။ဓံမာပဒါနဋ္ဌာယေ ဓံမာနုပဋိပတိယေ။ ဧသ
ဟိ ဓံမာပဒါနေ ဓံမပဋိပတိ စ ယာ ဣယံ
ဒယာ ဒါနေ သစေ သောစဝေ မဒဝေ သာ-
ဓဝေ စ လောကသ ဟေဝံ ဝဍိသတိ တိ။
ဒေဝါနံပိယေ ပိယဒသိ လာဇာ ဟေဝံ အာ-
ဟာ၊ ယာနိ ဟိ ကာနိစိ မမိယာ သာဓဝါနိ
ကဋာနိ တံ လောကေ အနုပဋိပံနေ တံ စ
အနုဝိဓိယံတိ။ တေန ဝဍိတာ စ

၂၉။ ။ဝဍိသံတိ စ မာတာပိတိသု သုသုသာယာ
ဂုလုသု သုသုသာယာ ဝယောမဟာလကာနံ
အနုပဋိပတိယာ ဗာဘနသမနေသု ကပန-
ဝလာကေသု အာဝ ဒါသဘဋကေသု သံ-
ပဋိပတိယာ။ ဒေဝါနံပိယေ ပိယဒသိ လာဇာ
ဟေဝံ အာဟာ။ မုနိသာနံ စု ယာ ဣယံ
ဓံမဝဍိ ဝဍိတာ ဒုဝေဟိ ယေဝ အကာလေ-
ဟိ ဓံမနိယမေန စ နိဈတိယာ စ။

၃၀။ ။တတ စု လဟု သေ ဓံမနိယမေ နိဈတိယာ ဝ
ဘုယေ။ ဓံမနိယမေ စု ခေါ ဧသ ယေ မေ
ဣယံ ကဋေ ဣမာနိ စ ဣမာနိ ဇာတာနိ
အဝဓိယာနိ အနာနိ ပိ စု ဗဟုကာနိ ဓံမနိယ-
မာနိ ယာနိ မေ ကဋာနိ။ နိဈတိယာ ဝ စု

တို့နှင့်တကွ၊ ကျန်အခြားဘာသာဝင် အပေါင်းတို့၏ အကျိုးကို၊ သည်ပိုးဆောင်ရွက်စေ၏။

နတ်တို့ချစ်မြတ်နိုးသော ပိယဒသီမင်းကြီး ဤသို့ မိန့်တော်မူ၏။

ဤအမတ်ကြီးများ၊ တရားအမတ်ကြီး များနှင့် အခြား များစွာသော အရာရှိကြီး တို့သည်၊ ငါနှင့် တကွ၊ မိဖုရားများ၊ ငါ၏နန်းတော်သူနန်းတော်သား အပေါင်းတို့၏၊ လှူဒါန်း စွန့်ကြဲခြင်း တို့ကို၊ စီမံခန့်ခွဲ လျက် ရှိကြကုန်၏။ ထိုသူတို့ သည်၊ အမျိုးမျိုး စီမံ ဖန်တီးထားသော ထိုထိုလှူဒါန်းစွန့်ကြဲဖွယ် တို့အား၊ နှစ်မြို့ကိစွာ ခံယူမည့်အရပ်တို့ကို။ ပါဋလိပုတ်ပြည်၌ ၎င်း၊ အရပ်လေးမျက်နှာတို့၌၎င်း၊ ရှာဖွေ ညွှန်ကြား ကြကုန်၏။ ထိုသူတို့သည် ငါ၏ သားတော် များနှင့်၊ မိဖုရားတို့၏ သားတော်များ၏ လှူဒါန်း စွန့်ကြဲ ဖွယ် တို့ ကို လည်း၊ တရား၌ သက် ဝင် စေခြင်း ငှါ ၎င်း၊ တရားကို ကျင့်သုံး ဆောက်တည် စေခြင်း အကျိုးငှါ ၎င်း၊ စီမံခန့်ခွဲကြကုန်သေး၏။

တရား၌ သက် ဝင် ခြင်း။ တရား ကျင့် သုံး ဆောက်တည်ခြင်းတို့ဟူသည်ကား၊ သနားခြင်း၊ ပေး လှူခြင်း၊ မှန်ကန်ခြင်း၊ စိတ်နှလုံးဖြူစင်ခြင်း၊ ယဉ်ကျေး သိမ်မွေ့ခြင်း၊ ကောင်းမြတ်ခြင်းတို့သည်၊ လူအပေါင်း တို့၌ တိုးတက်ရင့်သန်လာခြင်းပင်ဖြစ်ချေ၏။

ဘုယေ မုနိသာနံ ဓံမဝဎိ ဝဎိတာ အဝိဟိံ-
သာယေ ဘုတာနံ

၃၁။ ။အနာလံဘာယေ ပါနာနံ။ သေ ဧတာယေ
အထာယေ ဣယံ ကဋေ၊ ပုတာပပေါတိကေ
စံဒမသုလိယိကေ ဟောတု တိ၊ တထာ စ
အနုပဋီပဇံတု တိ။ ဟေဝံ ဟိ အနုပဋီပဇံတံ
ဟိဒတပါလတေ အာလဓေ ဟောတိ။ သတ-
ဝိသတိဝသာဘိသိတေန မေ ဣယံ ဓံမလိဗိ
လိခါပိတာ တိ။ ဧတံ ဒေဝါနံပိယေ အာဟာ။
ဣယံ

၃၂။ ။ဓံမလိဗိ အတ အထိ သိလာထံဘာနိ ဝါ
သိလာဖလကာနိ ဝါ တတ ကဋဝိယာ ၊ ဧန
ဧသ စိဋ္ဌိတိကေ သိယာ။

နတ်တို့ ချစ်မြတ်နိုးသော ပိယဒသိမင်းကြီး ဤသို့ မိန့်တော်မူ၏။

ကောင်းမှု များကို ငါပြုတော် မူသည် အတိုင်း၊ လူအပေါင်းတို့သည်လည်း လိုက်နာ ပြုကျင့် ဆောင်ရွက် ကြကုန်၏။ ဤသို့လျှင် အမိအဖ တို့အား ရိုသေကျိုးနွံခြင်း၊ ဆရာ သမား တို့အား ရိုသေကျိုးနွံခြင်း၊ သက်ကြီးရွယ်ကြီးသူတို့အား ကိုင်းရှိုင်းခြင်း၊ ရဟန်း ပုဏ္ဏား၊ ဆင်းရဲ ဒုက္ခ ရောက်နေသူ၊ မရှိနွမ်းပါး သူ၊ ကျေးကျွန် အခိုင်း အစေ တို့အား၊ ကောင်းစွာ ပြုစု စောင့်ရှောက် ခြင်း တို့သည်၊ တိုးပွားလာခဲ့၏၊ ရှေ့သို့လည်း တိုးပွားဦးအံ့၊

နတ်တို့ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီး၊ ဤသို့ မိန့်တော်မူ၏။

လူတို့သည် ဤမျှလောက် တရားတော်၌ တိုးတက်ကြီးပွား လာခဲ့ သည်မှာ၊ သီလ တရား နှင့် ဘာဝနာ တရားတည်းဟူသော၊ အကြောင်းနှစ်ပါး တို့ကြောင့် ဖြစ်လေသည်။ ထို အကြောင်းနှစ်ပါးတို့အနက် သီလ တရားသည်ကား လွယ်ပေ၏။ ဘာဝနာ တရားသည်သာ ထူးမြတ်၏။ သီလ တရား တို့မှာ၊ ဤသတ္တဝါ၊ ဤသတ္တဝါတို့ကိုမသတ်ရာဟု ငါ သတ်မှတ်ထားသည် တို့နှင့်၊အခြား များစွာသော ငါ သတ်မှတ်ထားသည့် သီလ တရား တို့ပင် ဖြစ်လေသည်။ ဘာဝနာ တရား

ဖြင့်သော၊ သတ္တဝါ တို့အား မနှိပ်စက် မညှဥ်းဆဲ၊ သူ့အသက်ကို မသတ်ပဲလျက်၊ လူတို့သည် တရားတော်၌ သာလွန် တိုးတက်ကြီးပွါးခဲ့ပေ၏။

ဤ တရား အမိန့်တော် ပြန်တမ်းကို၊ ဤအလို့ငှါ၊ ထုတ်ပြန်စေ၏။ ငါ၏ သားတော်အစဥ်၊ မြေးတော် အဆက်၊ နေ လ နှစ်ပါး တည်သ၍၊ တည်မြဲပါစေ သတည်း။ လူတို့သည်လည်း လိုက်နာကြသဖြင့်၊ ဤ လောက၊ တမလွန်လောက တို့၏ အကျိုးကို ရရှိခံစား ကြရကုန်စေသတည်း။

ဤ တရား ကဗျည်းကို ငါ အဘိသိက် ခံ သည် မှ နှစ်ဆဲ့ခုနှစ်နှစ်မြောက်၌ ရေးထိုးစေ၏။

ဤတရားကဗျည်းနှင့် စပ်လျဥ်း၍ နတ်တို့ ချစ်မြတ်နိုးသော မင်းကြီး မိန့်တော်မူသည်မှာ—

ဤ တရား ကဗျည်းကို၊ ကျောက်တိုင် ကျောက်မျက်နှာပြင် ရှိသည့် အရပ် တိုင်း တို့ ၌၊ အစဥ်တည်မြဲ စိမ့်သောငှါ၊ ရေးထိုးကြစေကုန်သတည်း။

# အသောက ကျောက်စာများ။

## (ဃ) ကျောက်တိုင်စာငယ်များ။

## သာရ်နာထ်(ဣသိပတန)ကျောက်တိုင်စာငယ်။
(ပြာကြိုဋ်)

၁။ ။ဒေဝါ (နံပိယေ ပိယဒသိ လာဇာ)

၂။ ။ဧ လ

၃။ ။ပါဋ္ဌ (လိပုတေ)———ယေ ကေနပိ သံဃေ
ဘေတဝေ။ ဧ စုံ ခေါ

၄။ ။ဘိခူ ဝါ ဘိခုနိ ဝါ သံဃံ ဘာခတိ သေ
ဩဒါတာနိ ဒုသာနိ သံနံဓါပယိယာ အာနာ-
ဝါသသိ

၅။ ။အာဝါသယိယေ။ ဟေဝံ ဣယံ သာသနေ
ဘိခုသံဃသိ စ ဘိခုနိသံဃသိ စ ဝိံနပယိတ-
ဝိယေ။

၆။ ။ဟေဝံ ဒေဝါနံပိယေ အာဟာ။ ဟေဒိသာ စ
ဣကာ လိပီ တုဖါကံတိကံ ဟုဝါတိ သံသလ-
နသိ နိခိတာ

၇။ ။ဣကံ စ လိပိံ ဟေဒိသမေဝ ဥပါသကာ-
နံတိကံ နိခိပါထ။ တေ ပိ စ ဥပါသကာ
အနုပေါသထံ ယာဝု

## သာရ်နထ်(ဍသိပတန)ကျောက်တိုင်စာငယ်။
## (မြန်မာ)

နတ်တို့ ချစ်မြတ်နိုးသော ပိယဒဿီ မင်းကြီး မိန့်တော်မူသည့်မှာ—

ပါဋလိပုတ်ပြည်၌ရင်း၊ ပြင်ပမြို့တို့၌ရင်း၊ မည်သူမျှ သံဃာကို ဂိုဏ်းမခွဲရာ။ တစုံတယောက်သော ရဟန်းယောက်ျား၊ ရဟန်းမိန်းမသည်၊ သံဃာကိုဂိုဏ်းခွဲအံ့၊ ထိုသူအား ဝတ်ဖြူကို ဝတ်စေ၍၊ ရဟန်းကျောင်း မဟုတ်သည့်၌ နေစေရာ၏။

ဤသို့လျှင်၊ ဤအကြောင်းကို၊ ဘိက္ခုသံဃာ (ရဟန်းယောက်ျားအဖွဲ့) အားရင်း၊ ဘိက္ခုနီသံဃာ (ရဟန်းမိန်းမအဖွဲ့) အားရင်း၊ လျှောက်ကြားထားစေရာ၏။

နတ်တို့ ချစ်မြတ်နိုးသော မင်းကြီး ဤသို့ မိန့်တော်မူ၏။

ဤ အမိန့်စာ၏ မိတ္တူ တစောင်ကို အသျှင်တို့ အထံ၌ရှိစေ၍၊ အသျှင်တို့ စုရုံးသတင်းသုံးရာ ကျောင်း၌ သိမ်းဆည်းထားပါလေ၊ အခြား မိတ္တူတစောင်ကို၊ အသျှင်တို့၏ လူဒါယကာများထံ၌ သိမ်းဆည်းထားပါလေစေ။ ထိုလူဒါယကာတို့သည် လည်း၊ ဥပုသ်နေ့တိုင်း၊ ဤအမိန့်တော်၌ ယုံကြည်ကိုးစားစိတ်

၈။ ။ဧတမေဝ သာသနံ ဝိသွံသယိတဝေ အနု-
ပေါသထံ စ ဓုဝါယေ ဇုကိကော မဟာ—
မာတေ ပေါသထာယေ

၉။ ။ယာဝတိ ဧတမေဝ သာသနံ ဝိသွံသယိတဝေ
အာဇာနိတဝေ စ။ အာဝတေ စ တုဖါကံ
အာဟာလေ

၁၀။ ။သဝတာ ဝိဝါသယာထ တုဖေ ဧတေန
ဝိယံဇနေန။ ဟေမေဝ သဝေသု ကောဋဝိဓ-
ဝေသု ဧတေန

၁၁။ ။ဝိယံဇနေန ဝိဝါသာပယာထာ။

## ကောသမ္ဗီကျောက်တိုင်စာငယ်

(ပြာကြိုင်)

၁။ ။ဒေဝါနံပိယေ အာနပယတိ။ ကောသံဗိယံ
မဟာမာတ

၂။ ။————သမဂေ ကဋေ။ သံဃသိ နော
လဟိယေ

၃။ ။————သံဃံ ဘာခတိ ဘိခု ဝါ ဘိခုနိ
ဝါ သေ ပိ စာ

၄။ ။ဩဒါတာနိ ဒုသာနိ သနံဓါပယိတု အနာ—
ဝါသသိ အာဝါသယိယေ။

ဖြစ်ပေါ်စေခြင်းငှါ၊ (သံဃာတို့ရှိရာသို့) သွားကြစေသတည်း။ ဥပုသ်နေ့ တိုင်းပင်၊ အမတ်ကြီး တဦးကျစီလည်း။ ဥပုသ် စောင့် သုံး ရန်၊ ဤ အ မိန့် တော် ၌ ယုံကြည်ကိုးစားစိတ် ဖြစ်စေရန်နှင့်၊ ဤအမိန့်တော်ကို ကြေငြာရန် မပျက်မကွက်သွားကြပေလိမ့်အံ့။ သင်တို့ မှိကမ်း နိုင်သလောက် အရပ်တိုင်း တို့ သို့ လည်း၊ ဤ အ ကြောင်း ကို၊ အ မိန့် တော် ပါ စကား အ တိုင်း၊ သတင်း ဖြန့်လွှင့် ကြ ကုန် ရာ ၏။ ထိုနည်းတူစွာ ဤ အကြောင်းကို၊ အမိန့်တော်ပါစကားအတိုင်း ခံသိမ်းသော ခရိုင် မြို့တို့သို့လည်း၊ သတင်းဖြန့်လွှင့်စေရာ၏။

## ကောသမ္ဗီ ကျောက်တိုင်စာငယ်။

(မြန်မာ)

ဒေဝါနံပိယမင်းကြီး၊ အမိန့် ချမှတ်တော် မူသည်မှာ—

ကောသမ္ဗီပြည်၌ အမတ်ကြီးတို့သည်——————————ညီညွတ်စေ၏။ သံဃာဘောင်၌ လက်မခံစေရာ။

ရဟန်း ယောက်ျား သော် ၎င်း၊ ရဟန်း မိန်းမ သော်၎င်း၊ သံဃာကို ဂိုဏ်းခွဲသောသူအား ဝတ်ဖြူကို ဝတ်စေ၍၊ ရဟန်းကျောင်းမဟုတ်သည်၌ နေစေရာ၏။

## သာဉ္စိကျောက်တိုင်စာငယ်။

(ပြာကြိုဋ္ဌ)

၁။ ။——————

၂။ ။————ယာ ဘေတ(ဝေ)။ (သံ)ဃေ
သမဂေ ကဋေ

၃။ ။ဘိခူနံ စ ဘိခုနီနံ စာ တိ ပုတပ=

၄။ ။ပေါတိကေ စံဒမသူရိယိကေ။ ယေ သံဃံ

၅။ ။ဘာခတိ ဘိခု ဝါ ဘိခုနီ ဝါ ဩဒါတာ-

၆။ ။နိ ဒုသာနိ သနံဓါပယိတု အနာဝါ=

၇။ ။သသိ ဝါသာပေတဝိယေ။ ဣဆာ ဟိ မေ ကိံ-

၈။ ။တိ။ သံဃေ သမဂေ စိလထိတီကေ သိယာ
တိ။

## သာဠိကျောက်တိုင်စာငယ်။

(မြန်မာ)

( သံဃာကိုမ ) ကွဲပြား စေ ရာ။ ဘိက္ခုသံဃာ (ရဟန်းယောက်ျားအဖွဲ့) ဘိက္ခုနီသံဃာ (ရှင်ရဟန်း မိန်းမအဖွဲ့) တို့ကို စည်းလုံးညီညွတ်စေခဲ့လေပြီ။ ဤသို့ ညီညွတ်ခြင်းသည်၊ သားစဉ်မြေးဆက်၊ နေ လ နှစ်ပါး တည်သ၍ တည်ပါစေသတည်း။ ရဟန်းယောက်ျား ဖြစ်စေ၊ ရဟန်းမိန်းမဖြစ်စေ၊ သံဃာကို ဂိုဏ်းခွဲသော သူအား၊ ဝတ်ဖြူကို ဝတ်စေ၍၊ ရဟန်းကျောင်း မဟုတ်သည်၌ နေစေရာ၏။ သံဃာ တို့၏ စည်းလုံး ညီညွတ်ခြင်း အရှည်တည်မြဲ စေရန်၊ ကျွန်ုပ် အလိုရှိ ပေ၏။

## မိဖုရားကျောက်တိုင်စာငယ်။

(ပြာကြိုဋ္ဌ)

၁။ ။ဒေဝါနံပိယဿ ဝစနေနာ သဝတ မဟာမတာ

၂။ ။ဝတဝိယာ။ ဧ ဟေတာ ဒုတီယာယေ ဒေဝိယေ ဒါနေ

၃။ ။အံဗာဝဍိကာ ဝါ အာလမေ ဝ ဒါနဂဟေ ဝါ ဧ ဝါ ပိ အံနေ

၄။ ။ကိဆိ ဂနီယတိ တာယေ ဒေဝိယေ ဧ နာနိ၊ ဟေဝံ (ဝိ) န (တိ)

၅။ ။ဒုတီယာယေ ဒေဝိယေ တိ တီဝလမာတု ကာလုဝါကိယေ။

## မိဖုရားကျောက်တိုင်စာငယ်။

(မြန်မာ)

ဒေဝါနံပိယမင်းကြီး၏အမိန့်တော်ဖြင့် အမတ်ကြီး အပေါင်းတို့အား ကြားသိစေအပ်သည်မှာ—

ဒုတိယမိဖုရား လှူသော အရာဟူသမျှကို၊ သရက်ဥယျာဉ်ဖြစ်စေ၊ ပန်းဥယျာဉ်ဖြစ်စေ၊ အလှူစရပ်ဖြစ်စေ၊ အခြား မည်သည့်အရာပင်ဖြစ်စေ၊ မိဖုရား၏ အလှူဟု ရေတွက် မှတ်သားရာ၏။ ဤသို့လျှင် တီဝရ၏ မိခင်၊ ဒုတိယမြောက် မိဖုရား ကာရုဝါကီ၊ တောင်းပန်ပိ၏။

## လုမ္ဗိနီ ကျောက်တိုင်စာငယ်။

(ပြာကြိုဋ်)

၁။ ။ဒေဝါနပိယေန ပိယဒသိန လာဇိန ဝိသတိ-
ဝဿာဘိသိတေန

၂။ ။အတန အာဂါစ မဟီယိတေ ဟိဒ ဗုဓေ
ဇာတေ သက္ကျမုနီ တိ

၃။ ။သိလာဝိဂဍဘီ စာ ကာလာပိတ သိလာထ-
ဘေ စ ဥသပါပိတေ

၄။ ။ဟိဒ ဘဂဝံ ဇာတေ တိ။လုံမိနိဂါမေ ဥဗလိ-
ကေ ကဋေ

၅။ ။အဌဘာဂိယေ စ။

---

## နိဂ္ဂလီဝါ ကျောက်တိုင်စာငယ်။

(ပြာကြိုဋ်)

၁။ ။ဒေဝါနံပိယေန ပိယဒသိန လာဇိန္န စောဒသ-
ဝဿာဘိသိတေန

၂။ ။ဗုဓသ ကောနာကမနသ ထုပေ ဒုတိယံ
ဝဍိတေ

၃။ ။(ဝိသတိဝ)-သာဘိသိတေန စ အတန
အာဂါစ မဟီယိတေ

၄။ ။––––(သိလာထဘေ စ ဥသ)ပါပိတေ။

## လုမ္ဗိနီ ကျောက်တိုင်စာငယ်။

[မြန်မာ]

နတ်တို့ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီးသည်၊ အဘိသိက် ခံသည်မှ အနှစ် နှစ်ဆယ် မြောက်၌၊ သကျမုနိ ဗုဒ္ဓ ရှင်တော်ဖုရား ဖွားမြင်ရာ၊ ဤအရပ်သို့ ကိုယ်တော် တိုင် ကြွလာ၍၊ ရှိခိုး ပူဇော်တော် မူ၏။ ဤအရပ်၌ ဖုန်းတော် ကြီးမြတ်တော်မူသော ဖုရားသျှင် ဖွားမြင်တော်မူသည် ဟူ၍၊ ကျောက်တန်တိုင်း ကန့်၍၊ ကျောက်တိုင်ကိုလည်း စိုက်ထူ ထားစေ၏။ လုမ္ဗိနီရွာ အားလည်း ရှစ်ဖို့ တဖို့ စည်းကြပ်ခြင်းနှင့် အခွန်တော် ကို လွှတ်ငြိမ်းခွင့်ပေးတော်မူ၏။

## နိဂလိဝါ ကျောက်တိုင်စာငယ်။

(မြန်မာ)

နတ်တို့ ချစ်မြတ်နိုးသော ပိယဒသီ မင်းကြီးသည်၊ အဘိသိက် ခံသည်မှ တစ်ဆဲ့ လေးနှစ် မြောက်၌ ကောနာဂမနသျှင်တော်ဖုရား၏ထူပါရုံ (စေတီတော်) ကို၊ ဒုတိယအကြိမ် တိုးချဲ့ တည်တော်မူ၏။ အဘိသိက် ခံသည်မှ အနှစ် နှစ်ဆယ် မြောက် ၌ လည်း၊ ကိုယ်တော် တိုင် ကြွလာ၍၊ ရှိခိုးပူဇော် ပြီးလျှင်၊ ကျောက်တိုင်ကို စိုက်ထူပေ၏။

# အသောက ကျောက်စာများ။

## (င) ကျောက်ဂူစာများ။

## နိဂြောဓကျောက်ဂူစာ။

၁။ ။လာဇိနာ ပိယဒသိနာ ဒုဝါဒုသဝသာဘိ—
(သိတေနာ)

၂။ ။ဣယံ နိဂေါဟကုဘာ ဒိနာ အာ(ဇီ)—
ဝိကေဟိ။

## ခလတိကကျောက်ဂူစာ။

၁။ ။လာဇိနာ ပိယဒသိနာ ဒုဝါ-

၂။ ။ဒုသဝသာဘိသိတေနာ ဣယံ

၃။ ။ကုဘာ ခလတိကပဝတသိ

၄။ ။ဒိနာ အာဇီဝိကေဟိ၊

## သုပိယာကျောက်ဂူစာ။

(ပြာကြိုန္န)

၁။ ။လာဇ ပိယဒသိ ဧကုနဝိ-

၂။ ။သတိဝသာဘိသိတေ ဇလဃော-

၃။ ။သာဂမထာတ မေ ဣယံ ကုဘာ

၄။ ။သုပိယေ ခ(လတိကပဝတသိ) ဒိ-

၅။ ။နာ——————

## နိဗြောဓကျောက်ဂူစာ။

(မြန်မာ)

ပိယဒသီ မင်းကြီးသည်၊ အဘိသိက်ခံသည့်၏ တစ်ဆဲ့နှစ်နှစ် မြောက်၌၊ ဤနိဗြောဓ (ညောင်ပင်) လှိုင်ကို၊ အာဇီဝိက ရဟန်းတို့အား လှူတော်မူ၏။

---

## ခလတိက ကျောက်ဂူစာ။

(မြန်မာ)

ပိယဒသီ မင်းကြီး သည်၊ အဘိသိက် ခံသည်၏ တစ်ဆဲ့နှစ်နှစ်မြောက်၌၊ ဤခလတိကတောင်၌ရှိဂူကို၊ အာဇီဝိက ရဟန်းတို့အား၊ လှူတော်မူ၏။

---

## သုပိယာ ကျောက်ဂူစာ။

(မြန်မာ)

ပိယဒသီ မင်းကြီးသည်၊ အဘိသိက်ခံသည်၏ တစ်ဆဲ့ကိုးနှစ် မြောက်၌ မိုးထစ်ချုန်း ရွာသွန်းသော အခါ (ခိုအောင်းရန်) အလို့ငှါ၊ ခလတိကတောင်၌ရှိ ဤ သုပိယ လှိုင် ကို (အာဇီဝိက ရဟန်း တို့အား) လှူတော်မူ၏။

## အသောက ကျောက်စာများ။

(ဃ) ဒသရထကျောက်ဂူစာများ။

## ဝဟိယက ကျောက်ရှုစာ။

(မြာကြိုနွ)

၁။ ။ဝဟိယကာ ကုဘာ ဒမလလေနှ ဒေဝါနံ—
ပိယေနာ

၂။ ။အာနံတလိယ အဘိမ္ပိဘေနာ (အာဇီဝိ—
ကေဟိ)

၃။ ။ဘဒံတေဟိ ဝါစနိစ ဒိယာယေ နိမိဒ္ဒေ

၄။ ။အာစံဒမရူလိယ။

---

## ဂေါပိကာ ကျောက်ရှုစာ။

(မြာကြိုနွ)

၁။ ။ဂေါပိကာ ကုဘာ ဒမလတေနာ ဒေဝါနပိ-

၂။ ။ယေနာ အာနတလိယံ အဘိမိတေနာ အာဇီ-

၃။ ။ဝိကေ (ဟိ ဘဒံ) တေဟိ ဝါစနိ (စိ)—
ဒိယာယေ

၄။ ။နိဇိဒ္ဒာ အာစံဒမရူလိယံ။

## ဝဟိယက ကျောက်ဂူစာ။

(မြန်မာ)

ဒသရထမင်းကြီးသည်၊ ဒေဝါနံပိယမင်းကြီးအား ဆက်ခံ၍၊ အဘိသိက်ခံယူပြီးသည်နောက်၊ ဝဟိယက လှိုင်ကို အသျှင် အာ ဇီ ဝိ က ရဟန်း တို့အား နေလ (နှစ်ပါး) တည်သ၍၊မိုးရာသီ၌ သတင်းသုံးစိမ့်သော ငှါ၊ ရေစက် သွန်းချတော်မူ၏။

---

## ဂေါပိကာ ကျောက်ဂူစာ။

(မြန်မာ)

ဒသရထမင်းကြီးသည်၊ ဒေဝါနံပိယမင်းကြီးအား ဆက်ခံ၍၊ အဘိသိက်ခံယူပြီးသည်နောက်၊ ဂေါပိကာ လှိုင်ကို၊ အသျှင် အာဇီဝိက ရဟန်း တို့အား၊ နေ လ (နှစ်ပါး) တည်သ၍၊ မိုးရာသီ၌ သတင်းသုံးစိမ့်သော ငှါ၊ ရေစက်သွန်းချတော်မူ၏။

## ဝဍ္ဎထိကာ ကျောက်ဂူစာ။

(ပြာကြိုင်)

၁။ ။ဝဍ္ဎထိကာ ကုဘာ ဒဓလထေန ဒေဝါနံ—

၂။ ။ပိယေနာ အာနံတလိယံ အဘိစိတေနာ

၃။ ။(အာဇီဝိ)ကေဟိ ဘဒံတေဟိ ဝါ(မနိ)-
ဓိဒိယေဿယ

၄။ ။နိဂိဍ္ဎာ အာဝံဒမရူလိယံ။

## ဝဒ္ဓထိကာ ကျောက်ဂူစာ။

(မြန်မာ)

ဒသရထမင်းကြီးသည်၊ ဒေဝါနံ ပိယမင်းကြီးအား ဆက်ခံ၍၊ အဘိသိက် ခံယူပြီးသည်နောက်၊ ဝဒ္ဓထိက လှိုင်ကို၊ အသျှင် အာဇီဝိက ရဟန်းတို့အား၊ နေ လ (နှစ်ပါး) တည်သ၍၊ မိုးရာသီ၌ သတင်းသုံးစိမ့်သော ငှါ၊ ရေစက်သွန်းချတော်မူ၏။

ပဉ္စာနန္ဒစာပုံနှိပ်တိုက်
အမှတ် ၁၅၊ အင်းယားမြိုင်လမ်း၊ တက္ကသိုလ်ရိပ်သာ ရန်ကုန်မြို့။
ဖုံး-၃၀၂၉၁